# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 *The Mirror Daily*

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (1-4-2016) (၈၅၂၃)




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကတိသစ္စာပြုစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း အဆိုတင်သွင်း

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကျင်းပ

နေပြည်တော် မတ် ၃၁

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အဆိုတင်သွင်းခြင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ကတိသစ္စာပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသည့် တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဗိုလ်ကြီးမင်းမင်းသိန်းက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် ဥပဒေကြမ်းကော်မတီတို့၏ တာဝန်ပေးချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို အဆိုတင်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များကို ဝေငှထားပြီးဖြစ်သည့်အတွက် အကျဉ်းချုံးတင်ပြသွားမည် ဖြစ်ပါကြောင်း။

ယခုဥပဒေကြမ်းကို နိဒါန်းအပါအဝင် အခန်း(၅)ခန်းဖြင့် ဖွဲ့စည်းထားကြောင်း၊ အခန်း(၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)တွင် ဥပဒေ၏ ရည်ရွယ်ချက်(၄)ရပ်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပါကြောင်း။

အခန်း(၃) တာဝန်ပေးအပ်ခြင်းတွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက်ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်ဟု ပြဋ္ဌာန်းတာဝန်ပေးထားပါကြောင်း၊ အခန်း(၄)တွင် အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ပြဋ္ဌာန်းထားပါကြောင်း။

၎င်းနေရာတွင် အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အကြံပြုချက်များပေးခြင်း၊ အကြံပြုချက်များ၊ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရခြင်း၊ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၎င်းဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း။

ထို့ပြင် အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက် လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် အခွင့်အရေးတို့ကို ခံစားခွင့်ရှိပါကြောင်း၊ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတွင် ခွဲဝေသတ်မှတ်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

အခန်း(၅)အထွေထွေတွင် အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်၊ ၎င်းဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်၊ ပြည်ထောင်စုလွှတ်တော်သည် ၎င်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေ များကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားပါကြောင်း။

ထို့ကြောင့် ယခုဥပဒေကို အမျိုးသားလွှတ်တော်

**စာမျက်နှာ ၈ ကော်လံ ၁ ◆**




ကြေးမုံ

# အစိုးရသစ်နှင့် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး

အစိုးရသစ်ဖွဲ့စည်းပေါ်ထွက်လာသည့်အခါ ပြည်သူတို့ ပျော်ရွှင်အားရ ကြိုဆိုကြသည်။ တစ်ပြိုင်နက်တည်းမှာ ဒီမိုကရေစီခရီးကြမ်း၏ လမ်းခုလတ်တွင် ကျန်ရစ်ခဲ့ကြသူတို့ကို လွမ်းကြ တမ်းတကြရင်း မျက်ရည်စို့ကြရသည်။ သူတို့တစ်တွေ ဒီမိုကရေစီ အဖူးအညှောက်လေးများ၏ တစ်စွန်းတစ်စမျှကိုပင် မခံစားလိုက်ကြရ မမြင်တွေ့လိုက်ကြရ။

ဤသို့ ကျဆုံးခဲ့ကြသော အာဏာရှင်ဆန့်ကျင်ရေး ဒီမိုကရေစီသမားများအတွက် မိသားစုများနှင့်အတူ ပြည်သူတို့ စိတ်ထိခိုက်ကြရသည်။ အချို့က ဒီမိုကရေစီရမှ အမျှဝေပါဟု အံကြိတ်တင်းခံရင်း အသက်ကို စွန့်သွားခဲ့ကြသည်။ ယခုလို အစိုးရသစ်ပေါ်ပေါက်လာတော့ သည်လိုကျဆုံးသူတို့အတွက် အမျှဝေသူတို့ ဝေကြပြီ။

ဒီမိုကရေစီ အရသာလေးကို အမြည်းလေးမျှ မခံစားလိုက်ရသော အာဏာရှင်စနစ်ကိုဆန့်ကျင်ရင်း ဒီမိုကရေစီတော်လှန်ရေးအတွင်းမှာ ကျဆုံးကျန်ရစ်ခဲ့ကြသူ အများအပြားရှိခဲ့သလို ယနေ့ထက်တိုင် အကျဉ်းထောင် နံရံများကြားမှာ အစားခက်၊ အနေခက်နှင့် ဒုက္ခမျိုးစုံ ခံစားနေဆဲဖြစ်သည့် အာဏာရှင်ဆန့်ကျင်ရေးဒီမိုကရေစီသမားများကလည်း အမြောက်အမြား ရှိနေသေးသည်။

အမှန်တော့ သည်နေ့လို မင်္ဂလာရှိသည့် မြန်မာ့နိုင်ငံရေး အပြောင်းအလဲကြီးနှင့် ကြုံကြိုက်နေရချိန်က နိုင်ငံရေး အကျဉ်းသားဆိုတာ မရှိသင့်တော့သည့်အချိန်။ ပြည်သူတို့က လည်း မိမိတို့ ပြည်သူ့အစိုးရပေါ်ပေါက်သည်နှင့် နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်လာတော့မည်ဟု မျှော်လင့်နေကြတာဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာသည့်အသံကို နားစွင့်နေကြသည်။

သူတို့ခမျာ အစိုးရသစ်တက်လာလို့ ဒီမိုကရေစီ လမ်းစပေါ်ပြီဆိုပြီး ပျော်ရွှင်ကြိုဆိုနေကြရာမှာ မပါဝင်နိုင်ကြသူများ ဖြစ်သည်။

အထူးသဖြင့်တော့ ပညာရေးဥပဒေကို ဆန့်ကျင်ဆန္ဒပြကြရင်း အမှုပေါင်းများစွာနှင့် စွဲချက်တင် တရားစွဲဆိုခြင်းခံနေကြရသော ငယ်ရွယ်နုပျိုသည့် ကျောင်းသားလူငယ်လေးများ၏ အမှုများကို အမြန်ဆုံးရှင်းလင်းပြီး လွတ်မြောက်ခွင့်ပေးဖို့ ကောင်းလှပြီ။ ကျောင်းသား ကျောင်းသူငယ်တို့၏ ပညာရေး လိုလားချက်တောင်းဆိုမှုများကို ရာဇဝတ်မှုကြီးများသဖွယ် စွပ်စွဲပြစ်တင်စရာအကြောင်းမရှိလှဟု ယူဆပါသည်။

ဒီမိုကရေစီတံခါးများကို ဖွင့်လှစ်လာနိုင်ပြီဖြစ်သော ယခုလို မင်္ဂလာရှိလှသည့် အခါသမယမှာ ယုံကြည်ချက် အမျိုးမျိုးတို့ကြောင့် ထောင်သွင်းအကျဉ်းချခြင်းခံနေရသည့် နိုင်ငံရေးအကျဉ်းသားတို့ မိမိတို့၏ မိသားစုများနှင့် အမြန်ဆုံး ပြန်လည်ပေါင်းစည်းနိုင်ကြပါစေဟု ဆုမွန်ခြွေလိုက်ရပါကြောင်း။ ။



## လမ်းဖောက်လုပ်ရာတွင်ပါဝင်သော တောင်သူများအား လယ်ယာမြေနစ်နာကြေးပေးအပ်

**မင်းကင်း မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ကနီ- မင်းကင်း မြို့မကားလမ်း ဖောက်လုပ်ရာတွင် ပါဝင်သော တောင်သူများအား လယ်ယာမြေနစ်နာကြေးပေးအပ်ပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်း ကျောင်း စကားဝါခန်းမ၌ ကျင်းပ သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူး ကျော်သက်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အေး၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးချစ်လွင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးအောင်ရှမ်းတို့က လယ်ယာမြေနစ်နာကြေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ နစ်နာတောင်သူ ၂၉၇၉ ဦးတို့အား လယ်မြေကောင်း တစ်ဧကလျှင် ၁၂ သိန်း၊ လယ်မြေညံ့ တစ်ဧကလျှင် ၁၀ သိန်းနှုန်းဖြင့် နှစ်မျိုးခွဲ၍ စုစုပေါင်းလယ်မြေ ၈၄ ဒသမ ၃ ဧကနှင့်ယာမြေကောင်း တစ်ဧကလျှင် ရှစ်သိန်း၊ ယာမြေညံ့ တစ်ဧကလျှင် ခြောက်သိန်းနှုန်းဖြင့် စုစုပေါင်းယာမြေ ၈၀ ဒသမ ၈၈ ဧကတို့အတွက် လျော်ကြေးငွေ စုစုပေါင်းငွေကျပ် ၁၄၁၈ သိန်းကျော်ကို မြို့နယ်လယ်ယာမြေပေးအပ်ရေးကော်မတီဝင်များက နစ်နာသူ တောင်သူများထံသို့ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ နစ်နာကြေးပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် နစ်နာကြေးလက်ခံရရှိရန် တက်ရောက်သူ တောင်သူလယ်သမား ၂၉၇ ဦးတို့ တက်ရောက်ကြပြီး လယ်ယာမြေပိုင်ရှင်များ ကိုယ်စား တောင်သူတစ်ဦးက နစ်နာကြေးပေးလျော်မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**(ဂျိုးနက်)**

## မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၃၁**

၂၀၁၄-၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ Myanmar Event Park ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (News Channel)နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့ ညနေ ၃ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုး လေ ဝ သ

(၃၁-၃-၂၀၁၆)

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၃၁**

ရန်ကုန်(ရွှေဈေး) ၇၈၃၇၀၀ - ၇၈၄၇၀၀ မန္တလေး(ရွှေဈေး) ၇၈၃၇၀၀ - ၇၈၄၇၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၉၀ ကျပ်၊ | ၅၁၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၃၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၅ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၈. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈. ၀၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၅၀၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၉. ၅၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၃၂၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၂. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၁၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၂. ၄၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၀. ၃၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
ကြေးမုံ The Mirror Established in 1957

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# အစိုးရသစ်က ဘာတွေကို ဦးစားပေးဆောင်ရွက်စေချင်သလဲ

တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ ဇော်ကြီး(ပဏ္ဍိတ)

**နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်းနှင့် နိုင်ငံတော်သမ္မတအိမ်တော်၌ အခမ်းအနားဖြင့် တာဝန်လွှဲပြောင်းခြင်းတို့ကို မတ် ၃၀ ရက်တွင် ကျင်းပခဲ့ခြင်းတို့နှင့်အတူ မြန်မာနိုင်ငံ၏ အနာဂတ်ရွေ့ခရီးကို အစိုးရသစ်က ပွဲကိုင်မောင်းနှင်မှုများဖြင့် စတင်လိုက်ပြီဖြစ်သည်။**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားရာ၌ "ယခုပေါ်ပေါက်လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများ ပြည့်ဝစေရန် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အလေးအနက်ပြောကြားလိုခြင်းဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ့် ဒီမိုကရေစီစံနှုန်းနှင့်အညီ ယနေ့ ပေါ်ထွန်းလာသည့် အစိုးရအသစ်အပေါ် ပြည်သူအချို့၏ မျှော်လင့်ချက်နှင့် ၎င်းတို့အတွက် ဦးစားပေး ဆောင်ရွက်ပေးစေလိုသည့် ဆန္ဒသဘောထားများကို ကောက်နုတ်စုစည်းတင်ပြလိုက်ရပါသည်-


ကိုမျိုးခိုင်


ကိုတင်မျိုးဦး


ကိုဝင်းနိုင်



ကိုလှမိုး


ဒေါ်ခင်ဇာဝင့်


ကိုမင်းမင်း


ဒေါ်အေးသန်း


ဒေါ်ကြည်ကြည်မော်



မမေစိုး

**ကိုမျိုးခိုင်(အငှားယာဉ်မောင်း)**
**(ဂ)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်**

ကုန်ဈေးနှုန်းက အဓိကပါပဲ။ ကုန်ဈေးနှုန်းကို ထိန်းချုပ်နိုင်ရင် အားလုံးပြေလည်သွားမှာပါ။ ကျွန်တော်ဆိုက်ကားနင်းတဲ့ဝင်ငွေက ကိုယ်ပိုင်ဆိုက်ကားဆိုတော့ အောက်ထစ်တစ်နေ့ တစ်သောင်းလောက်ရပါတယ်။ ဒါပေမယ့် စားစရိတ်၊ ကလေးစရိတ်က အနည်းဆုံး တစ်နေ့ ခြောက်ထောင်လောက်ရှိတယ်။ မိသားစုက လေးယောက်ရှိတော့ ဝင်ငွေနဲ့ထွက်ငွေ မျှတစေချင်တယ်။ ဆန်၊ ဆီ၊ ဆား၊ သားငါး စတဲ့အခြေခံစားကုန်တွေ ဈေးနှုန်းကျဆင်းစေချင်ပါတယ်။

**ကိုတင်မျိုးဦး (ဈေးရောင်း)**
**တိုက်ကြီးမြို့နယ်**

အစိုးရသစ်လက်ထက်မှာ ဦးစားပေးဖြစ်စေချင်တာက ကုန်ဈေးနှုန်းကျဆင်းရေးနဲ့ အလုပ်အကိုင်တွေပိုများလာရေးပါပဲ။ စားဝတ်နေရေးမှာ စားရေးကပိုပြီး အဓိကကျပါတယ်။ နေဖို့က စားဖို့လောက် အဓိကမကျသေးပါဘူး။ အစိုးရသစ်လက်ထက်မှာ ကုန်ဈေးနှုန်းလည်း ကျဆင်းမယ်၊ အလုပ်အကိုင်တွေလည်း ပိုများလာမယ်ဆိုရင် နေဖို့က တဖြည်းဖြည်းကြိုးစားလို့ရပါတယ်။

**ကိုဝင်းနိုင် (အငှားယာဉ်မောင်း)**
**ဝေဘူလရပ်ကွက်၊သယ်န်းကျွန်းမြို့နယ်**

စားဝတ်နေရေး ပြေလည်အောင် လုပ်ပေးစေချင်တယ်။ ကုန်ဈေးနှုန်းတွေ ဈေးသက်သာတဲ့ အခါကျတော့ မိသားစုစားဝတ်နေရေးပြေလည်တာပေါ့။ ကျွန်တော်ဆို မိသားစု လေးယောက်ရှိပါတယ်။ ကလေးနှစ်ယောက်က ကျောင်းတက်နေပါပြီ။ ကလေးကျူရှင်ထားဖို့က ပိုအခက်အခဲဖြစ်ရတယ်။ ကျွန်တော်ဆိုက်ကားနင်းတဲ့ဝင်ငွေက တစ်နေ့ လေးထောင်၊ ငါးထောင်ရှိပါတယ်။

**ကိုဝင်းမောင်မောင်**
**ကျောက်တန်းမြို့နယ်**

တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေ စနစ်တကျဖြစ်ဖို့၊ ကားလမ်းပိတ်ဆို့မှုတွေကြောင့် ယာဉ်လမ်းကြောင်းတွေကို မြို့တွင်း မြို့ပြင် ပြောင်းလဲဖို့၊ မြို့ပတ်ရထားစနစ် တွင်တွင်ကျယ်ကျယ် ဖြစ်ဖို့၊ မြေသိမ်းယာသိမ်းမှုများကို စနစ်တကျပြန်လည်စီမံခန့်ခွဲဖို့ လိုပါတယ်။

**ဦးဖိုးထောင်(အငှားယာဉ်မောင်း)**
**(၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း**

အခြေခံလူတန်းစားတွေအတွက် အလုပ်အကိုင်၊ စားသောက်ဖို့ အဆင်ပြေစေတာပဲ လိုချင်တယ်။

**ဦးလှမိုး (မထသ ၃၄ အထူး-**
**ယာဉ်မောင်း) ဒဂုံ(တောင်)မြို့နယ်**

ကျွန်တော်တို့က ယာဉ်မောင်းဆိုတော့ ယာဉ်လမ်းကြောကျပ်တည်းမှုကို အရင်ဖြေရှင်းပေးစေချင်တယ်။ နောက်တစ်ဆင့်အနေနဲ့ ပြည်သူတွေ နေထိုင်ဖို့ အငှားအိမ်ရာနဲ့ တန်ဖိုးနည်း အိမ်ရာတွေ များများလုပ်ပေးစေချင်တယ်။ ရန်ကုန်မြို့မှာ စားဖို့ထက် နေထိုင်ဖို့ပိုအရေးကြီးတယ်။ ရတဲ့ဝင်ငွေက လကုန်ရင် အိမ်လခပေးရတာနဲ့ ဘာမှမကျန်ပါဘူး။ အစိုးရသစ်အနေနဲ့ ပြည်သူတွေနေဖို့ အဆင်ပြေအောင် အဓိကထားဆောင်ရွက်ပေးစေချင်ပါတယ်။

**ဒေါ်ခင်ဇာဝင့် (မှီခို)**
**(၁) ရပ်ကွက်၊မရမ်းကုန်းမြို့နယ်**

'အစိုးရသစ်လက်ထက်မှာ အဓိကအနေနဲ့ ကုန်ဈေးနှုန်းကျဆင်းလာအောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ လက်ရှိကာလထက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုများလာဖို့လိုတယ်။ဒါမှလည်းကျွန်မတို့မျှော်လင့်တဲ့ အိုးပိုင်အိမ်ပိုင်ဘဝမျိုးကို ရောက်လာနိုင်မှာပါ။ ကုန်ဈေးနှုန်းမကျရင်တော့ ရှေ့ကဘယ်လောက်ရှာရှာ ငွေပိုဆိုတာ လက်ထဲသိပ်မကျန်နိုင်ပါဘူး။ ပလိုင်းပေါက်နဲ့ဖားကောက်သလိုအဖြစ်မျိုး ကြုံတွေ့နေရဦးမှာပါ။ ကုန်ဈေးနှုန်းကို ထိန်းချုပ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ကိုမင်းမင်း (သန့်ရှင်းရေးလုပ်သား)**
**သီရိမင်္ဂလာဈေး၊ လှိုင်မြို့နယ်**

အစိုးရသစ်ကို အများကြီး မျှော်လင့်ထားတယ်။ ရန်ကုန်မြို့နေပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ အလုပ်အကိုင် အခွင့်အလမ်းနဲ့ နေထိုင်မှုဘဝတွေကို ထိရောက်တဲ့ အပြောင်းအလဲဖြစ်အောင်ဆောင်ရွက်ပေးစေချင်တယ်။ ကျွန်တော်ဆိုရင် တစ်ရက် ၇၀၀၀ လောက်ရတယ်။ မိသားစု ငါးယောက်ရှိတော့ မလုံလောက်ပါဘူး။ လကုန်ရင် အိမ်လခပေးရသေးတယ်။ ကလေးကျောင်းစရိတ်လည်းရှိတော့ နေ့စဉ် အလုပ်တွေသာ လုပ်နေရတယ်။ ဘဝက ပြောင်းလဲမသွားသေးပါဘူး။ အစိုးရသစ်လက်ထက်မှာ ဒီလိုဘဝမျိုးက လွတ်ချင်ပါတယ်။ ပြည်သူတွေ အဆင်ပြေပြေ နေထိုင်ဖို့ အိမ်လခနည်းနည်းနဲ့ အငှားအိမ်ရာတွေ များများချပေးစေချင်ပါတယ်။

**ဒေါ်အေးသန်း (ဈေးရောင်း)**
**(၅)ရပ်ကွက်၊လှိုင်သာယာမြို့နယ်**

ရန်ကုန်မြို့မှာ အဓိကအရေးကြီးတာနေဖို့ပါ။ နေစရာရှိရင် အလုပ်မရှားပါဘူး။ ကျွန်မတို့ဆိုရင် ကျူးကျော်နေရာမှာ မိုးလေမလုံတဲ့တဲကို တစ်လသုံးသောင်းနှုန်းနဲ့ ငှားနေရတယ်။ ရေခဲချောင်းရောင်းတဲ့အလုပ်လုပ်တာဆိုတော့ လက်ထဲမှာ ငွေပိုငွေလျှံမရှိပါဘူး။ ရတဲ့ဝင်ငွေနဲ့ မိသားစုလောက်အောင်စားရတယ်။ လကုန်ရင် အိမ်လခပေးဖို့ လတိုင်းရှန်းကန်နေရတဲ့အတွက် ဘယ်အစိုးရပဲတက်တက် နေစရာ စီစဉ်ပေးစေချင်ပါတယ်။ ကျူးကျော်မှာ လခပေးနေပြီး ဘယ်အချိန် လာဖျက်မလဲဆိုတဲ့ စိုးရိမ်စိတ်မျိုးနဲ့ မနေချင်တော့ပါဘူး။ ဒီလခလောက်နဲ့ တခြားရပ်ကွက်ထဲမှာ ငှားရမ်းနေထိုင်ဖို့ဆိုတာလည်း မဖြစ်နိုင်တဲ့အတွက် အစိုးရအနေနဲ့ ဈေးနှုန်းသက်သာတဲ့ အိမ်ရာတွေ စီစဉ်ပေးပါလို့ ပြောချင်ပါတယ်။

**မကြည်ကြည်မော် (ဈေးရောင်း)**
**စက်မှုဇုန် (၃)၊လှိုင်သာယာမြို့နယ်**

အစိုးရသစ် တက်လာတော့ ကျူးကျော်နေရာတွေကို ဖျက်သိမ်းမှာပဲကြောက်တယ်။ ကျွန်မတို့က ဈေးရောင်းပြီး တစ်နေ့လုပ်မှ တစ်နေ့ စားရတာဆိုတော့ တခြားနေရာမှာ အိမ်လခတွေ အများကြီးပေးပြီး မနေနိုင်ပါဘူး။ စားဖို့ရှုန်းကန်နေရတဲ့ဘဝမှာ အိမ်လခပေးပြီး နေထိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ ကျူးကျော်နေထိုင်တယ်ဆိုတဲ့အထဲမှာ အခွင့်အရေးရလို့ကျူးကျော်တဲ့သူတွေရှိသလိုတကယ် ဒုက္ခရောက်ပြီး နေစရာမရှိလို့ ကျူးကျော်တဲ့သူတွေပိုများပါတယ်။ အစိုးရသစ်လက်ထက်မှာ မဖြစ်မနေ ကျူးကျော်တွေကို ဖျက်မယ်ဆိုရင်လည်း ပြန်လည်နေထိုင်နိုင်အောင် စီစဉ်ပေးစေချင်ပါတယ်။

**မမေစိုး (ကုမ္ပဏီဝန်ထမ်း)**
**ကမာရွတ်မြို့နယ်**

အစိုးရသစ်လက်ထက်မှာ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါများလာတာမျိုးကို ဖြစ်စေချင်တယ်။ ပြည်ပနိုင်ငံတွေကိုသွားရောက် အလုပ်လုပ်ကိုင်စရာ မလိုတော့ဘဲ ပြည်တွင်းမှာတင် စားဝတ်နေရေးအဆင်ပြေမယ့် လစာမျိုးနဲ့ အလုပ်လုပ်ချင်တယ်။ နေထိုင်ဖို့အတွက်ဆိုရင် အရင်လို အောက်ခြေလူတန်းစားတွေအထိ မရောက်တဲ့ အိမ်ရာစီမံကိန်းမျိုး မဖြစ်စေချင်ပါဘူး။ ထိထိမိမိနဲ့ အခြေခံလူတန်းစားတွေကို အဓိကထားဆောင်ရွက်မယ့် အိမ်ရာစီမံကိန်းမျိုး များများအကောင်အထည်ဖော်ပေးစေချင်တယ်။

## သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
- (၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့်ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နေပါသည်။


(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့်ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် ခုံးကျော်တံတားတစ်စင်းပြိုကျ၊ လူ ၂၀ ထက်မနည်းသေဆုံး



**နယူးဒေလီ မတ် ၃၁**

အိန္ဒိယနိုင်ငံအရှေ့ဘက် ကိုလ်ကတ္တားမြို့တွင် မတ် ၃၁ ရက်က တည်ဆောက်ဆဲခုံးကျော်တံတားတစ်စင်းပြိုကျခဲ့ရာ လူ ၂၀ ထက်မနည်းသေဆုံးပြီး ၁၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကိုလ်ကတ္တားမြို့လယ်ရှိ လူစည်ကားသော စီးပွားရေးအချက်အချာကျသည့်နေရာတွင် လွန်ခဲ့သောခြောက်နှစ်ကတည်းက စတင်တည်ဆောက်နေသော ယင်းခုံးကျော်တံတားသည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပြိုကျခဲ့သည်။ တံတားအကျိုးအပဲ့အပျက်အစီးများအောက်မှ လူသေအလောင်း ၂၀ ကို ဆွဲထုတ်ယူနိုင်ခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

ကယ်ဆယ်ရေးလုပ်သားများက တံတားအကျိုးအပဲ့များအောက်မှ အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့သူများကို အနီးဝန်းကျင်ရှိဆေးရုံတစ်ခုသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများ၏ အခြေအနေမှာ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် သေဆုံးသူဦးရေ နောက်ထပ်တိုးလာနိုင်ဖွယ်ရှိကြောင်း အဆိုပါရဲအရာရှိက ထပ်လောင်းပြောကြားသည်။

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ထမ်းများအပြင် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူများက ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အနောက်ဘင်္ဂလားပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး လာမည့်လွှတ်တော်ရွေးကောက်ပွဲအတွက် ၎င်း၏မဲဆွယ်စည်းရုံးရေးအစီအစဉ်ကို ဖျက်သိမ်းပြီး အခင်းဖြစ်ရာနေရာသို့ အလျင်အမြန်သွားရောက်ခဲ့ပြီး သေဆုံးသူများ၏ မိသားစုများနှင့် ဒဏ်ရာရရှိသူများအား ထောက်ပံ့ကြေးငွေများပေးအပ်မည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆိုသည်။ ထို့အတူ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသည့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီကလည်း အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး စိတ်မကောင်းဖြစ်မိကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

## ကိုရီးယားစစ်ပွဲကာလအတွင်း ကျဆုံးခဲ့သော တရုတ်စစ်သည် ရုပ်ကြွင်းများကို လွှဲပြောင်းပေးအပ်

**အင်ချွန် မတ် ၃၁**

၁၉၅၀ မှ ၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲကာလအတွင်း ကျဆုံးခဲ့သော တရုတ်စစ်သည် ၃၆ ဦး၏ ရုပ်ကြွင်းများကို တောင်ကိုရီးယားနိုင်ငံက တရုတ်နိုင်ငံသို့ မတ် ၃၁ ရက်တွင် လွှဲပြောင်းပေးအပ်လိုက်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ရုပ်ကြွင်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်၏ အနောက်ဘက် ကီလိုမီတာ ၅၀ အကွာ အင်ချွန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မတ် ၃၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

တရုတ်စစ်သည်များ၏ ရုပ်ကြွင်းများထည့်သွင်းထားသည့် ခေါင်းတလားများနှင့် ၎င်းတို့ပိုင်ပစ္စည်းများကို တရုတ်မြို့ပြရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒိုယူပေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက စစ်သည်ရုပ်ကြွင်းများထည့်သွင်းထားသည့် ခေါင်းတလားများပေါ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အလံ လွှမ်းအုပ်ပေးခဲ့ပြီး အမှတ်တရဆုတောင်းဝတ်ပြုပွဲကို အကျဉ်းချုံးပြုလုပ်ခဲ့သည်။ ယင်းရုပ်ကြွင်းများကို တရုတ်စစ်ဘက်လေယာဉ်တစ်စင်းဖြင့် ပြန်လည်သယ်ဆောင်သွားသည်။

ကိုရီးယားစစ်ပွဲအတွင်း သေဆုံးခဲ့သည့် တရုတ်စစ်သည် ရုပ်ကြွင်း ၅၀၅ ခုကို တောင်ကိုရီးယားက တရုတ်နိုင်ငံသို့ ၂၀၁၄-၁၅ ခုနှစ်အတွင်း လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ မတ် ၃၁ ရက်တွင် ပြုလုပ်သော ရုပ်ကြွင်းလွှဲပြောင်းပေးအပ်မှုမှာ ၂၀၁၄ ခုနှစ် နောက်ပိုင်း တတိယအကြိမ် လွှဲပြောင်းပေးအပ်ခြင်း ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ အပျော်တမ်းတပ်ဖွဲ့ဝင်(စီပီဗီ)များသည် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တပ်ဖွဲ့ဝင်များနှင့်အတူ ကိုရီးယားစစ်ပွဲကာလအတွင်း တောင်ကိုရီးယားနှင့် အမေရိကန်ဦးဆောင်သော ကုလသမဂ္ဂတပ်ဖွဲ့များအား တိုက်ခိုက်ခဲ့ကြသည်။ ကိုရီးယားကျွန်းဆွယ်တွင် စစ်ပွဲကာလအတွင်း တရုတ်အပျော်တမ်း တပ်ဖွဲ့ဝင်အများအပြား သေဆုံးခဲ့ရသည်။ ယင်းစစ်ပွဲမှာ ၁၉၅၃ ခုနှစ်တွင် ယာယီစစ်ပြေငြိမ်းရေးသဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့သည်။

**ဆင်ဟွာ။**




## ဆီးရီးယားစစ်ဘေးဒုက္ခသည်များအား လက်ခံသည့်နိုင်ငံအနည်းငယ်သာရှိ

**ကုလသမဂ္ဂ မတ် ၃၁**

ဆီးရီးယားစစ်ဘေးဒုက္ခသည်များအား လက်ခံပေးရန် ကုလသမဂ္ဂအဖွဲ့က ကမ္ဘာ့နိုင်ငံများကို မေတ္တာရပ်ခံထားသော်လည်း ဒုက္ခသည်များကို လက်ခံသည့်နိုင်ငံ အနည်းငယ်လောက်သာရှိနေသေးကြောင်း သတင်းများအရသိရသည်။

မတ် ၃၀ ရက် ဂျီနီဗာမြို့၌ကျင်းပသော ကုလသမဂ္ဂအစည်းအဝေးတစ်ရပ်တွင် နိုင်ငံပေါင်း ၉၀ မှဝန်ကြီးများနှင့်အဆင့်မြင့်အစိုးရတာဝန်ရှိသူများက ဒုက္ခသည်များအရေးကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ ဆီးရီးယားနိုင်ငံပြည်တွင်းစစ်ကြောင့် ဆီးရီးယားနိုင်ငံလူဦးရေ ၂၀ ရာခိုင်နှုန်းသည် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြသည်။

၂၀၁၈ ခုနှစ်အဆုံးပိုင်းတွင် ဆီးရီးယားဒုက္ခသည် ၄၈၀၀၀၀ ခန့်ကို ဆီးရီးယားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်သည့်အနေဖြင့် အခြားနိုင်ငံများသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့က ဆိုသည်။ ယင်းအစည်းအဝေးတွင် ဒုက္ခသည်များအရေးနှင့်ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများ၏ ပေါင်းစပ်ညှိနှိုင်းရေး လုပ်ဆောင်ချက်များအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို အဓိကထားဆွေးနွေးခဲ့သည်။

ဒုက္ခသည်များအရေးနှင့်ပတ်သက်ပြီး ကမ္ဘာ့ချမ်းသာသောနိုင်ငံများ၏ တုံ့ပြန်ချက်များအပေါ် အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများက တုန်လှုပ်ခြောက်ခြားစရာကောင်းသည်ဟု ထင်မြင်ယူဆကြသည်။ **အင်န်အိတ်ချ်ကေ။**

## ဂွါတာနာမို အကျဉ်းစခန်းမှ အကျဉ်းသားအချို့ကို အခြားနိုင်ငံများသို့ လွှဲပြောင်းပေးမည်ဆို

**ဝါရှင်တန် မတ် ၃၁**

အမေရိကန်က ဖွင့်လှစ်ထားသော ဂွါတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားများအနက် အကျဉ်းသားအချို့ကို မကြာမီတွင် အခြားနိုင်ငံများသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂွါတာနာမို စစ်ဘက်ဆိုင်ရာ အကျဉ်းစခန်းမှ အကျဉ်းသား ၁၂ ဦးခန့်ကို လာမည့်ရက်အနည်းငယ်အတွင်း နိုင်ငံနှစ်နိုင်ငံထက်မနည်းသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂွါတာနာမို အကျဉ်းစခန်းသည် ကျူးဘားနိုင်ငံ အရှေ့တောင်ပိုင်းရှိ အမေရိကန်ရေတပ်စခန်းတစ်ခုတွင် တည်ရှိသည်။ ယခင် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအပြီး အကြမ်းဖက်သမားများအဖြစ် မသင်္ကာသည့်နိုင်ငံခြားသားများကို ထိန်းသိမ်းထားနိုင်ရန် ယင်းအကျဉ်းစခန်းကို ဖွင့်လှစ်ခဲ့သည်။

သမ္မတအိုဘားမား၏အစိုးရအဖွဲ့က ယင်းအကျဉ်းစခန်းကို ပိတ်သိမ်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဂွါတာနာမိုအကျဉ်းစခန်းကို ဖွင့်လှစ်ထားခြင်းဖြင့် တစ်နှစ်လျှင် ဒေါ်လာ ၄၄၅ သန်းခန့် စရိတ်စကကျခံနေရကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။ သို့ရာတွင် ကွန်ဂရက်လွှတ်တော်ရှိ ရီပတ်ဘလီကန်အမတ်အချို့က ဂွါတာနာမိုအကျဉ်းစခန်း ပိတ်သိမ်းရေးအစီအစဉ်ကို ကန့်ကွက်လျက်ရှိသည်။ ယင်းအကျဉ်းစခန်းရှိ အကျဉ်းသားများသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နိုင်ပြီး ၎င်းတို့ကို အရပ်ဘက်အကျဉ်းထောင်များ၌ ထားရှိရန် မသင့်ကြောင်း အမတ်များက ပြောကြားသည်။

ဂွါတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသား ၁၂ ဦးခန့်ကို မည်သည့်နိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ကို မသိရှိရပေ။

**ရိုက်တာ။**

## ဗီယက်နမ်၌ ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးတစ်ဦးကို လွှတ်တော်ဥက္ကဋ္ဌ တင်မြှောက်

**ဟနွိုင်း မတ် ၃၁**

ဗီယက်နမ်နိုင်ငံ၏ လွှတ်တော်ဥက္ကဋ္ဌအဖြစ် အမျိုးသမီးတစ်ဦးဖြစ်သူ ငုယင်တီကင်ငန်းအား မတ် ၃၁ ရက်တွင် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်နိုင်ရန် မဲခွဲဆုံးဖြတ်ရာတွင် မဲပေးသူ ၄၈၁ ဦးအနက် ၄၇၂ ဦးက ထောက်ခံမဲပေးကာ ငုယင်တီကင်ငန်းအား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ကျင်းပနေဆဲ ၁၃ ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ ၁၁ ကြိမ်မြောက် အစည်းအဝေးတွင် အမျိုးသမီးတစ်ဦးကိုလွှတ်တော်ဥက္ကဋ္ဌအဖြစ် ပထမဆုံးအကြိမ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်အတွင်း ငုယင်တီကင်ငန်းကိုပင် အမျိုးသားရွေးကောက်ပွဲကောင်စီ၏ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ မဲပေးပွဲတွင် မဲပေးသူ ၄၇၇ ဦးအနက် ၄၆၇ ဦးက ထောက်ခံမဲပေးခဲ့ကြသည်။

ငုယင်သည် အမျိုးသားလွှတ်တော်၌ ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ ၁၂ ကြိမ်မြောက်ဗဟိုကော်မတီနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့(ပေါ်လစ်ဗျူရို)တို့က ငုယင်အားတစ်ဦးတည်းသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခဲ့ကြပြီး မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းဖြစ်သည်။

**ဆင်ဟွာ။**



# ယာဉ်မောင်းလိုင်စင်၊ ယာဉ်သက်သေခံလက်မှတ်မပါရှိသော ကုန်ကားအချို့ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း မြင်တွေ့နေရ

**ရန်ကုန် မတ် ၃၁**

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း မောင်းနှင်နေသော ကုန်ကားအချို့ကို စည်းကမ်းမဲ့မောင်းနှင်မှုအရ အရေးယူရာတွင် ယာဉ်မောင်းလိုင်စင်၊ ယာဉ်သက်သေခံလက်မှတ်များ မပါရှိကြောင်း ပြောဆိုမှုများ မြင်တွေ့ကြားသိရသည်။

မတ် ၃၀ရက် နံနက် ၁၀ နာရီဝန်းကျင်တွင် ကံ့ကော်လမ်းမကြီးအတိုင်း ပွဲရုံပြင်ပသို့ထွက်ရန် မောင်းနှင်လာသော ၂၂ ဘီးနောက်တွဲယာဉ် အဖြူရောင်ကုန်ကားကြီးတစ်စီးကို ငုဝါလမ်းထိပ်အရောက် ပွဲရုံဝင်းအတွင်းရှိ ယာဉ်ရှင်းဝန်ထမ်းအဖွဲ့က စစ်ဆေးပြီး ဒဏ်ငွေပေးဆောင်ရန်ယာဉ်မောင်းလိုင်စင်(သို့မဟုတ်) ယာဉ်သက်သေခံ လက်မှတ်(ဝိုးတက်)ကို တောင်းခံသော်လည်း မပါဟု ပြန်လည်ပြောဆိုသည်။

သို့ဖြစ်ရာ ယင်းယာဉ်ကို ယာဉ်အသွားအလာများသော ကံ့ကော်လမ်းမကြီး၏ ယာဉ်အဝင်၊ အထွက် ယာဉ်ဝင်ခွင့်ကောက်ခံရာ အာသောကလမ်းဆုံဘေးတွင် နှစ်နာရီနီးပါးရပ်ထားသည်ကို မြင်တွေ့ရသည်။ ယာဉ်ပိုင်ရှင်ဖြစ်သူက မွန်းတည့် ၁၂ နာရီဝန်းကျင်၌ လာရောက်ချိန်တွင် ဒဏ်ကြေးငွေပေးဆောင်ပြီးမှ ယာဉ်သွားလာခွင့်ရခဲ့သည်။

ဘုရင့်နောင်ပွဲရုံဝင်း နေ့ယာဉ်ရှင်းနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများက ကုန်တင်ယာဉ်နှင့် ဈေးဝယ်သည့် ယာဉ်များထံမှ ငွေကြေးတစ်စုံတစ်ရာ တောင်းခံပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များပါရှိသည့် အသိပေးစာတန်းများလမ်းတွင် ချိတ်ဆွဲထားသည်။ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းက ကားလမ်းမပေါ်တွင် လမ်းကြောင်းပြောင်းပြန်မောင်းနှင်မှု၊ နေ့အချိန် နောက်တွဲယာဉ်ကုန်ကားကြီးများ ဝင်ရောက်မှု၊ လမ်းဆုံလမ်းခွများတွင် ပိတ်ဆို့နေရာယူမှု၊ ကားလမ်းပေါ်တွင် ကုန်တင်/ကုန်ချရန် ရပ်နားခြင်း၊ စောင့်ဆိုင်းခြင်းများရှိနေရာမှ နားလည်မှုကြေး ရယူမှုရှိသည့်အတွက် သက်ဆိုင်ရာမှ အသိပေးစာ ထုတ်ပြန်ခြင်းဖြစ်သည်။ ယင်းနေရာတွင် ယာဉ်ကြောရှုပ်ထွေးမှုကြုံတွေ့ရသည်။

ပြောင်းပြန်မောင်းနှင်မှုများသော ခတ္တာလမ်းသွယ်အတွင်းတွင်လည်း မတ် ၃၀ ရက် ညနေ ၃ နာရီခွဲဝန်းကျင်တွင် ပြောင်းပြန်မောင်းနှင်လာသော ခြောက်ဘီးဟီးရိုး ကုန်ကားအဖြူရောင် 2B/---- အား အရေးယူရန် ယာဉ်ရှင်းပုဂ္ဂိုလ်များက လိုင်စင်၊ ဝိုးတက်တောင်းယူရာ ယာဉ်တွင်မပါဟု ပြောဆိုမှုကြုံတွေ့ရသည်။ အဆိုပါကုန်ကားကို ကုန်တင်ဆောင်ပေးသည့် ဂိတ်ပိုင်ရှင်က လာရောက်တောင်းပန်ပြောဆိုသည့်အတွက် အရေးမယူဘဲ လွှတ်ပေးလိုက်သည်ကို မြင်တွေ့ရသည်။

ဘုရင့်နောင်ဝင်းအတွင်း ယာဉ်များကို အရေးယူသည့်အခါ လိုင်စင်၊ ဝိုးတက်မပါရှိဟု ပြောဆိုမှုများနေခြင်း၊ ယာဉ်ရှိပြီး ယာဉ်မောင်း ရှိမနေခြင်းများ ကြုံတွေ့နေရသည်။ သို့ဖြစ်ရာ အရေးယူရာတွင် ယာဉ်မရှိသော ယာဉ်များအား နံပါတ်ပြား ဖြုတ်သိမ်းမှုများပြုလုပ်ခြင်းကြောင့် ဒဏ်ကြေးငွေ ပေးဆောင်စေမှုများ မြင်တွေ့ရသည်။

ပွဲရုံလုပ်ငန်းပိုင်ရှင်များ မောင်းနှင်နေသော ယာဉ်ငယ်များအနေဖြင့် လမ်းပြောင်းပြန်အလွယ်တကူ မောင်းနှင်မှုရှိရာ ပုဂ္ဂလိကယာဉ်ရှင်းပုဂ္ဂိုလ်များအနေဖြင့် အရေးမယူရဲဘဲရှိသည်။ အရေးယူခြင်းမဟုတ်ဘဲ ယာဉ်ကြောပိတ်နေ၍ ခေတ္တခဏစောင့်ဆိုင်းရန် ပြောဆိုချိန်မှာပင် လေးစားလိုက်နာမှုအားနည်းနေသည်။ ယင်းသို့မောင်းနှင်မှုများနောက်တွင် အခြားသောယာဉ်များပါလိုက်၍ ပြောင်းပြန်မောင်းနှင်သည့်အခါ အရေးယူရန်ခက်ခဲမှုများရှိသည်ကို မြင်တွေ့ရသည်။

သို့ဖြစ်ရာ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ပိတ်ဆို့မှုလျော့နည်းရန် ယာဉ်ရှင်းလုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူလာရန် လိုင်စင်၊ ဝိုးတက်မပါဘဲ မောင်းနှင်နေမှုများကို ယာဉ်ထိန်းရဲများအကူအညီဖြင့် စစ်ဆေးပေးစေလိုပါသည်။ စက်တပ်ယာဉ်မှန်သမျှ ယာဉ်စည်းကမ်း လိုက်နာစေရာတွင် တစ်တန်းစားတည်းရှိရန်လိုသည်။ ပွဲရုံလုပ်ငန်းပိုင်ရှင်များအနေဖြင့် မိမိတို့၏အဆင့်အတန်းနှင့်အညီ အများပြည်သူသွားလာနေသော ပွဲရုံဝင်းအတွင်းလမ်းများပေါ်တွင် စည်းကမ်းတကျမောင်းနှင်သည့် စိတ်ဓာတ်များရှိရန် ပြောင်းလဲမှုလိုအပ်နေသည်ဟု ပွဲရုံဝင်းသို့ ကုန်လာပို့နေသော ကုန်သည် ဦးကျော်ဆန်းက ပြောသည်။

**(မောင်စေအောင်)**

# သေဒဏ်ချမှတ်ခံခဲ့ရသော အစွပ်စွဲခံ မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးအတွက် အယူခံတင်သွင်းရမည့်ရက်ကို ဧပြီ ၂၂ ရက်အထိ ထပ်မံတိုးမြှင့်ခွင့်ရရှိ

**ကော့စမွေ မတ် ၃၁**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း(ခိုတောင်ကျွန်း)တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ကမ္ဘာလှည့်ခရီးသည် ဗြိတိန်နိုင်ငံသားနှစ်ဦးဖြစ်သော David Miller နှင့် Hannah Witheridge တို့နှစ်ဦးသေဆုံးဖြစ်စဉ်နှင့်စပ်လျဉ်း၍ အစွပ်စွဲခံရ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးတို့၏ အမှုတွဲအတွက် အယူခံတင်သွင်းရမည့်ရက်ကို ဧပြီ ၂၂ရက်အထိ ထပ်မံတိုးမြှင့်ခွင့်ရရှိခဲ့ကြောင်း ဗန်ကောက် မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့မှ သိရသည်။

အဆိုပါ အစွပ်စွဲခံရမြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးဖြစ်သော ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အား ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကော့စမွေခရိုင် တရားရုံးတော်မှ လူသတ်မှု၊ မုဒိမ်းမှုတို့အပါအဝင် ပုဒ်မ ခုနစ်ခုတို့ဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ရုံးတော်မှ ၎င်းတို့အတွက် တစ်လအတွင်း အယူခံတင်သွင်းနိုင်သည်ဟု သတ်မှတ်ခဲ့သော်လည်း အမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြန်လည်စုဆောင်းရသည့်အတွက် အချိန်လုံလောက်မှုမရှိသောကြောင့် ဗန်ကောက် မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့က ရက်ထပ်မံတိုးမြှင့်တောင်းခံခဲ့ရာမှ တရားရုံးတော်က ဧပြီ ၂၂ ရက်အထိ ထပ်မံတိုးမြှင့်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

လိပ်ကျွန်းအထူးစုံစမ်းရေးကော်မတီ(၃)မှ တာဝန်ခံဦးထူးချစ်က "အစွပ်စွဲခံရ မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးအတွက် ထိုင်းရှေ့နေများကောင်စီကနေ အယူခံကို စနစ်တကျ ကောင်းသည်ထက်ကောင်းအောင်ပြင်ဆင်နိုင်ဖို့အတွက် မတ် ၂၁ ရက်က ထပ်မံရက် တိုးတောင်းခဲ့ပါတယ်။ ထိုင်းအစိုးရတရားရုံးရဲ့ သဘောတူညီချက်အရ လာမယ့် ဧပြီ ၂၂ ရက်မှာ နောက်ဆုံးအယူခံတင်သွင်းရမှာဖြစ်ပါတယ်။ ဒီတော့ ထိုင်းရှေ့နေများကောင်စီအနေနဲ့ အယူခံတင်သွင်းဖို့ အဆင်သင့်ဖြစ်နေပါပြီ။ မျိုးရိုးဗီဇ (DNA)နဲ့ ပတ်သက်ပြီး အဓိက အယူခံတင်သွင်းရမှာဖြစ်တဲ့အတွက် မျိုးရိုးဗီဇ ပညာရှင်များထံကနေ အကြံဉာဏ်များရယူလျက်ရှိနေပါပြီ။ ခုအချိန်မှာ တရားရုံးတော်က အမိန့်ချပြီးပြီဆိုတော့ ကျွန်တော်တို့အနေနဲ့ ထိုင်းနိုင်ငံရဲ့ တရားဥပဒေအတိုင်းပဲ လုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အမြဲတမ်းပြောခဲ့ပါတယ်။ ဒီကလေးနှစ်ယောက်မှာ အပြစ်မရှိဘူးဆိုတာကို အယူခံ နှစ်ဆင့်မှာတော့ ဒီကလေးတွေအနေနဲ့ အများကြီးလျှော့ပေါ့ ခံရမယ်လို့ ယုံကြည်ပါတယ်။ ပြီးတော့ ကလေးတွေအတွက် သေဒဏ်တို့ နှစ်ရှည်ထောင်ဒဏ်တို့တော့ မကျဘူးလို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ လိပ်ကျွန်းအထူးစုံစမ်းရေးကော်မတီအဖွဲ့အနေနဲ့ ကလေးတွေအဆင်ပြေဆုံးဖြစ်အောင်တော့ ဝိုင်းပြီးကြိုးစားသွားကြမှာပါ"ဟု ယနေ့ညနေပိုင်းက ဆက်သွယ်ပြောကြားသည်။

**(စိုးဝင်း-MLA)**

# အလေး ပြု ခြင်း

နည်းနည်းလေးမှမပို
သူလို ကိုယ်လို
လူလို သူလို…
ရိုက်တော့နာတယ်
ထိုးတော့နာတယ်
ကန်တော့နာတယ်
ထောင်ထဲမယ်တော့ပြုံးပြုံးကြီး…
ရူးလို့မဟုတ်ဘူး
ခိုင်းလို့မဟုတ်ဘူး
အခွင့်ထူးတွက်မဟုတ်ဘူး
တပ်ဦးကအောင်လံ
ဘယ်တော့မှအလဲမခံ…
မဟုတ်တာမကြံ
မဟုတ်တာမပြော
မဟုတ်တာမလုပ်
ဂုဏ်ပုဒ်တွေကအများကြီး…
စုတ်ပြတ်နေတဲ့ပြည်
ငတ်ပြတ်နေတဲ့ပြည်
သတ်ဖြတ်နေတဲ့ပြည်
ဒီပြည်ကိုသူချစ်
စနစ်ကိုဇွတ်ပြောင်း
အဟောင်းမှအသစ်…
ရိုးရိုးကြီးနေပြီး
သေချိန်လည်းရောက်ရော
ဟော
သေပြီ…
အဟောင်းထဲမှ
ထခဲ့တဲ့နေ့
မမေ့ကြဘူး
တပ်ဦးကအောင်လံ
ဝဲပျံနေပါတယ် ဦးဝင်းတင်…

၂၁-၄-၂၀၁၄ နေ့တွင်
ကွယ်လွန်ခဲ့တဲ့ ကြယ်ပြာကြီးသို့

**ကိုလေး(အင်းဝဂုဏ်ရည်)**

# အဘွားဖြစ်သူမှ မြေးမလေး၏ မိခင်အား လိုက်လံရှာဖွေစဉ် ထိုင်းနိုင်ငံရဲတပ်ဖွဲ့က တားဆီးစစ်ဆေး

**ရနောင်း မတ် ၃၁**

ကော့သောင်းမြို့ ခုနှစ်မိုင်ကျေးရွာမှ အဘွားတစ်ဦးသည် ငါးလသားအရွယ် မိန်းကလေးတစ်ဦးအား ထိုင်းနိုင်ငံ ရနောင်းမြို့တွင် လိုက်လံရောင်းချနေသဖြင့် ရနောင်းမြို့ရဲများက ဖမ်းဆီးထားကြောင်း၊ ကလေးငယ်၏ မိဘများအားသိရှိသူများရှိပါက အကြောင်းကြားပေးကြပါရန် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိသည်ကို မတ် ၃၀ ရက်က သတင်းရရှိသည်။

ဖြစ်စဉ်အား သက်ဆိုင်ရာ ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့သို့စုံစမ်းရာ အဖြစ်မှန်မှာ ကလေး၏ဖခင် ကော့သောင်းမြို့ ခုနစ်မိုင်ကျေးရွာနေ ကျော်ဆန်းဝင်းဖြစ်ပြီး မိခင်ဖြစ်သူမှာ မဝါဝါဖြူ ဆိုသူဖြစ်ကြောင်း၊ ၎င်းတို့ဇနီးမောင်နှံမှာ လွန်ခဲ့သည့် လေးလခန့်က ကွဲကွာသွားကြကြောင်း၊ မိခင်ဖြစ်သူ မဝါဝါဖြူက ငါးလအရွယ် သမီးမိန်းကလေးအား ဖခင်ဖြစ်သူထံတွင် ထားရစ်ခဲ့ပြီး ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ထွက်သွားခဲ့ကြောင်း၊ ကျော်ဆန်းဝင်း၏ မိခင် ဒေါ်မြင့်သန်းဆိုသူက သူ၏ မြေးမလေးအားခေါ်ဆောင်ကာ မိခင်ဖြစ်သူ မဝါဝါဖြူအား ရနောင်းမြို့တွင် လိုက်လံစုံစမ်းရှာဖွေစဉ် ထိုင်းရဲတပ်ဖွဲ့က ခေါ်ယူစစ်ဆေးထိန်းသိမ်းခံရသဖြင့် ငါးလအရွယ် မိန်းကလေးတစ်ဦးအား ထိုင်းနိုင်ငံ ရနောင်းမြို့တွင် လိုက်လံရောင်းနေ၍ ထိုင်းရဲများက ဖမ်းဆီးထားကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင်ပျံ့နှံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထိုင်း-မြန်မာ နယ်ခြားကော်မတီအကူအညီဖြင့် ရနောင်းမြို့တွင် ရောက်ရှိနေသည့် မိခင်ဖြစ်သူ မဝါဝါဖြူအား လိုက်လံစုံစမ်းရှာဖွေ၍ အဘွားဖြစ်သူ ဒေါ်သန်းအေး၊ ငါးလအရွယ် ကလေးငယ်အပါအဝင် မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်ကာ မိသားစုပြန်လည်ပေါင်းစည်းနိုင်ရေး အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**ကျော်စိုး(ကော့သောင်း-IPRD)**

# ရှည်လျားလှသော မတ်လအလွန်

**အေးမောင်ကျော်**

ခက်ခဲပြင်းထန်လှသော မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းကိုကြည့်လျှင် မတ်လသည် ထူးခြားသောလတစ်လဖြစ်သည်ကို တွေ့ရမည်ဖြစ်ပေသည်။ လွန်ခဲ့သော ၇၁ နှစ် မတ်လအတွင်းမှာ မြန်မာ့နိုင်ငံရေးအင်အားစုများက ဖက်ဆစ်ဂျပန်များကို လက်နက်ကိုင်တွန်းလှန်ခဲ့ကြသည်။ နိုင်ငံရေးစိတ်ဓာတ်ပြည့်လျှံနေသော ပြည်သူတစ်ရပ်လုံးကလည်း ပါဝင်ပူးပေါင်းခဲ့ကြသည်။ ယခု ၂၀၁၆ ခုနှစ် မတ်လသည်လည်း စစ်မှန်သော ဒီမိုကရေစီလူမှုအပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်နေသော လတစ်လဖြစ်နေချေသည်။

ဖက်ဆစ် တော်လှန်ရေးအတွက် စိတ်ဓာတ်ရေးရာပြင်ဆင်မှုကတော့ စောစွာကတည်းက ရှိနေကြသည်။ သို့သော် အခိုင်အမာစုစည်းဆောင်ရွက်မှုကတော့ အိန္ဒိယတွင် ရောက်ရှိနေသော သခင်သိန်းဖေ (ဦးသိန်းဖေမြင့်)ထံမှ ရောက်ရှိလာသော လျှို့ဝှက်စာတစ်စောင်မှစသည်ဟု ဆိုနိုင်သည်။ ထိုစာမှာ ၁၉၄၄ ခုနှစ် ဇွန်လကုန် ဇူလိုင်လဆန်းလောက်မှာ ရောက်လာသည်။ စာ၏အကျဉ်းသဘောမှာ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဘက်မှ မဟာမိတ်တို့၏ထိုးစစ်များ စတင်တိုက်ခိုက်နေပြီဖြစ်ကြောင်း၊ မိုးကုန်လျှင် အင်ဖာမှ မော်လိုက်၊ ကလေး၊ ချင်းတောင်ဘက်မှ ဒုတိယထိုးစစ်ကို ပြုလုပ်တော့မည်ဖြစ်၍ ပြည်တွင်းမှလည်း ဖက်ဆစ်တိုက်ဖျက်ရေး နိုင်ငံရေးအဖွဲ့အစည်း (ဖတဖ-AFO)တစ်ရပ်ကို အလျင်အမြန်ဖွဲ့စည်းရန် အချိန်ရောက်နေပြီဖြစ်ကြောင်း၊ ယင်းအဖွဲ့တွင် ကွန်မြူနစ်ပါတီတစ်ခုဖြင့်သာ မဖွဲ့ဘဲ ဖက်ဆစ်ဆန့်ကျင်သော အခြားအဖွဲ့အစည်းများ၊ လူမျိုးစုများနှင့် တစ်သီးပုဂ္ဂလများပါဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းပါရန် ညွှန်ကြားထားသောစာဖြစ်ပေသည်။

၁၉၄၄ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့ သုံးဦးသည် ပဲခူးမြို့ ဗိုလ်ကျော်ဇော၏ စံပြတပ်ရင်းအတွင်း၌ တွေ့ဆုံကြပြီး ကိုသိန်းဖေထံမှစာကို ဆွေးနွေးကြသည်။ ထိုစာပါအတိုင်း ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းရန်မှာ အခြေအနေမပေးသေးသောကြောင့် လောလောဆယ်လျှို့ဝှက်ရေး ဦးစားပေးလုပ်ကိုင်နေရသဖြင့် တပ်မတော်မှ နှစ်ဦး၊ ကွန်မြူနစ်ပါတီမှ နှစ်ဦးနှင့် ပြည်သူ့အရေးတော်ပုံပါတီမှ နှစ်ဦး ပေါင်း ခြောက်ဦးပါဝင်သည့် ဖတဖ ဗဟိုကလပ်စည်းကို ဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ ဗိုလ်ချုပ်အောင်ဆန်း(ဥက္ကဋ္ဌ)၊ သခင်သန်းထွန်း (အတွင်းရေးမှူး)၊ သခင်စိုး၊ ဗိုလ်လက်ျာ၊ ဦးကျော်ငြိမ်းနှင့် သခင်ချစ်တို့ဖြစ်ကြသည်။ ဤသည်မှာ ဖက်ဆစ်ဆန့်ကျင်တိုက်ပွဲ အခိုင်အမာလုပ်ငန်းစဉ်များ၏အစဟု ဆိုနိုင်ပြီး နောင်အင်အားကြီးထွားလာမည့် ဖဆပလ အဖွဲ့ကြီး၏ မူလအစဟုလည်း ဆိုနိုင်မည်ဖြစ်ပါသည်။

၁၉၄၅ ခုနှစ် မတ်လဆန်းမှာတော့ အရေးကြီးသော နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များ၏ အစည်းအဝေးတစ်ရပ်ကို ဗိုလ်ချုပ်အောင်ဆန်းအိမ်မှာ ပြုလုပ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲကို ဧပြီလ ၂ ရက်နေ့လောက်တွင် တစ်ပြိုင်တည်းတိုက်ခိုက်ကြရန် ရက်သတ်မှတ်ကြပြီး နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များ ပူးတွဲတာဝန်ယူကြရမည့် တိုင်းကြီး ခုနစ်တိုင်းကို ခွဲဝေသတ်မှတ်ကြသည်။ မတ်လ ၇ ရက်နေ့တွင် စစ်မြေပြင်သို့ ထွက်ခွာကြမည့် တပ်များကို ဗိုလ်ချုပ်က ဦးဝိစာရလမ်း တော်လှန်ရေးပန်းခြံမှာ စစ်ထွက်မိန့်ခွန်း တစ်ရပ်ပြောကြားပြီး သူတာဝန်ကျသော အောင်လံ၊ သရက်နယ်သို့ ထွက်ခွာ၍ ကိုယ်ယောင်ဖျောက်သွားခဲ့သည်။

ထို့နောက်တွင်ကား တော်လှန်ရေး အခြေအနေကို ဂျပန်များသိရှိရိပ်မိနေပြီဖြစ်၍ တိုက်ပွဲကို ဧပြီ ၂ ရက်အထိ မဆိုင်းဘဲ မတ်လ ၂၇ ရက်နေ့တွင် စတင်တိုက်ခိုက်ရန် ဖြစ်လာခဲ့တော့သည်။ ဤသည်တို့ကား တော်လှန်သောမတ်လ၏ ပုံရိပ်အချို့ပင် ဖြစ်ပါ၏။ ထိုစဉ်က တော်လှန်မည့်ရက်ကို ပြင်ဆင်ရင်း တမျှော်မျှော်ဖြစ်ခဲ့ကြရမည်သာ ဖြစ်၏။ လွန်ခဲ့သော ၇၁ နှစ်က မတ်လသည် လည်း ရှည်လျားခဲ့ပုံရပေသည်။

ယခု ၂၀၁၆ ခုနှစ် မတ်လကတော့ ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲမှ ပေါ်ထွက်လာသော ရလဒ်အရ ပေါ်ထွက်လာမည့် အစိုးရသစ်တစ်ရပ်ကို စောင့်မျှော်ရခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ လဆန်းကစ၍ လွှတ်တော်များခေါ်ဆိုသည်။ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒု-ဥက္ကဋ္ဌများ ရွေးချယ်သည်။ ပြီးနောက် လွှတ်တော်၏အမြဲတမ်းကော်မတီလေးခုကို ဖွဲ့စည်းသည်။ ထို့နောက် ဘာသာရပ်အလိုက် လိုအပ်သောကော်မတီများကို ဖွဲ့စည်းသည်။ ထိုသို့အခန်းလိုက်ဖွဲ့လာရာ မတ်လထဲတွင်မူ အစိုးရဖွဲ့စည်းရေးအတွက် ဦးတည်လှုပ်ရှားမှုများရှိလာသည်။ အစိုးရဖွဲ့စည်းရေး၏ ပထမဆုံးခြေလှမ်းမှာ သမ္မတကို ဦးစွာရွေးချယ်ရသည်။ သမ္မတရွေးချယ်ရေးနှင့်ပတ်သက်သော ဖွဲ့စည်းပုံအကန့်အသတ်ကို ကျော်လွှားရေးအတွက် အပေးအယူဆိုသော အတည်မပြုနိုင်သည့်သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။ တကယ်တမ်းမှာတော့ ပေးရမည့်ဘက်က ပေးစရာသိပ်မရှိလှသလို ယူရမည့်ဘက်ကလည်း ယူစရာမလိုလောက်အောင် ရှိနေပြီဖြစ်သည်။ သို့နှင့်ပင် ဒေါ်အောင်ဆန်းစုကြည် ရွေးချယ်သော သမ္မတလောင်းများ အမည်စာရင်းထွက်ပေါ်လာခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင် သမ္မတလောင်းအမည်စာရင်း တင်သွင်းခဲ့ပြီး နောက်တစ်နေ့တွင် သမ္မတသစ် ဦးထင်ကျော်ကို ရမဲ ၃၆၀ တိတိဖြင့် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်ခဲ့ပေသည်။ တပ်မတော်မှ အမည်စာရင်းတင်သွင်းသော ဦးမြင့်ဆွေက ၂၁၃ မဲ၊ NLD မှတင်သွင်းသော ဦးဟင်နရီဗန်ထီးယူက ၇၉ မဲ စသဖြင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်ခံခဲ့ကြရသည်။

ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများကြေညာခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများစာရင်း ကြေညာခြင်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တစ်ဆင့်ချင်းဖြစ်ပေါ်လာခဲ့သည်။ ဤသည်မှာ ဖြစ်စဉ်များကို အကြမ်းဖျင်းရေးပြခြင်းသာဖြစ်သော်လည်း တစ်ဆင့်ချင်းတွင် ပြည်သူများ ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်မျှော်ခဲ့ကြရသည်။ တစ်လအလို၊ နှစ်ပတ်အလို၊ ၁၀ ရက်အလို၊ ၄ ရက်အလို စသဖြင့် သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုမည့်ရက်ကို ရေတွက်စောင့်မျှော်လာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤနှစ်မတ်လသည် ရှည်ကြာလှသည်ဟု လူတွေက ဆိုကြခြင်းဖြစ်ပေသည်။

သို့သော် အချိန်က ပြဿနာမဟုတ်ပါ။ တိုင်းရင်းသားအများကို ကိုယ်စားပြုသော လွှတ်တော်ဖြစ်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အစိုးရပြန်လည်ပေါ်ထွက်ရန်သာ အရေးကြီးသည်။ ယခုပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌ စုစုပေါင်းလေးဦးတွင် သုံးဦးသည် ကချင်၊ ကရင်နှင့် ရခိုင်မျိုးနွယ်စုများကို ကိုယ်စား ပြုသူများဖြစ်သည်ကို တွေ့ရသည်။ ဤ သည်မှာ ပထမအကြိမ်လွှတ်တော်တွင် မတွေ့မြင်ခဲ့ရသော ပုံစံဖြစ်သည်။ အလားတူ လွှတ်တော်ကော်မတီဥက္ကဋ္ဌနေရာများနှင့် ကော်မတီအဖွဲ့ဝင်နေရာများတွင်လည်း တိုင်းရင်းသားများကို ထည့်သွင်းထားသည်။ ဤသည်တို့မှာလည်း နှစ်ပေါင်းများစွာ မတွေ့မြင်ခဲ့ရသော ပုံစံပင်ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရဖွဲ့စည်းရာတွင်လည်း NLD မှ ခန့်အပ်သော ဝန်ကြီး ၁၅ ဦးတွင် ကြံ့ခိုင်ရေးမှ နှစ်ဦး၊ မွန်ဒီမိုကရေစီပါတီမှ တစ်ဦးနှင့် ပြင်ပပညာရှင်နှင့် NLD မှ ပုဂ္ဂိုလ်များက ကျန် ၁၂ နေရာတွင် တစ်ဝက်စီ လောက်ရှိနေသည်ကို တွေ့ရသည်။ ဤဖွဲ့စည်းပုံမှာလည်း ပထမအစိုးရသက်တမ်းတွင် မတွေ့ရသော ပုံစံဖြစ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသား တန်းတူရေးဟုဆိုရာတွင် အပြောသက်သက်မဟုတ်ဘဲ တကယ်လုပ်ပိုင်ခွင့်ရှိသည့်နေရာများတွင် လက်တွေ့ကျကျခွဲဝေနေရာချထားခြင်းပင်ဖြစ်သည်။ ဤသည်မှာ ရွေးကောက်ပွဲကာလကတည်းက NLD က ပေးထားသော ကတိကဝတ်ကို အကောင်အထည်ဖော်ခြင်းလည်းဖြစ်သည်။ အနာဂတ်တည်ဆောက်မည့် ဖက်ဒရယ်ပြည်ထောင်စုအတွက် အကြိုအခင်းအကျင်းလည်းဖြစ်သည်။ ဟန်ပြမဟုတ်သော တကယ့်လုပ်ပိုင်ခွင့်များကို တိတိလင်းလင်းခွဲဝေပေးခြင်းလည်းဖြစ်ပေသည်။

အစိုးရအဖွဲ့သစ်တွင် ပညာတတ်များ၊ အရပ်သားစစ်စစ်များ၊ တိုင်းရင်းသားများက ဦးဆောင်နေရာရလာသည့် လည်ပင်းရှည်အောင်စောင့်မျှော်ရသူများ စောင့်ရကျိုးနပ်သည်ဟု ဆိုနိုင်ပါသည်။ နောက်ဆုံးထွက်ပေါ်လာသော တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များစာရင်းတွင် ၁၉၉၀၊ ၂၀၁၂ နဲ့ ၂၀၁၅ ရွေးကောက်ပွဲ သုံးကြိမ်စလုံးတွင် အနိုင်ရခဲ့သော ဝါရင့်ပုဂ္ဂိုလ်များ ပါဝင်နေသလို ထူးခြားချက်အဖြစ် အမျိုးသမီးဝန်ကြီးချုပ် နှစ်ဦးပါ ပါဝင်နေသည်။ ဤသည်မှာလည်း လွတ်လပ်ရေးရပြီး ချိန်ကစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မတွေ့မြင်ရခဲ့သော ပုံစံဖြစ်ပေသည်။ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကျား၊ မ မခွဲခြားသော၊ လူမျိုးဘာသာမခွဲခြားသော၊ ဘက်စုံမှအကောင်းဘက်သို့ သက်ရောက်စေသော အစိုးရပုံစံဖြစ်နေပါသည်။

ဤသို့သောပုံစံများကို လက်တွေ့ကျင့်သုံးခြင်းအားဖြင့် ခေတ်အဆက်ဆက်က မှိုင်းမိလာနေသော ဘာသာရေးအစွန်းရောက်ပုံစံများ၊ အမျိုးသားရေးအမြင်ကျဉ်းမြောင်းမှုများ၊ လိင်ခွဲခြားဆက်ဆံမှုများ လျော့ပါးကင်းစင်ရေးကို အထောက်အကူပြုမည့် ခြေလှမ်းမျိုးဟု ဆိုနိုင်ပါသည်။ သို့သော် အာဏာသည် အာဏာသာဖြစ်ပါ၏။ အာဏာသည် တစ်နေရာတွင်ရှိနေသည်။ အတိအကျဆိုရလျှင် ၂၀၀၈ ဖွဲ့စည်းပုံစာအုပ်တွင် ရှိနေသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသော အသုံးအနှုန်းသည်ပင် ပြီးခဲ့သည့်သက်တမ်းတွင် ကြားခဲ့ရသည်မဟုတ်။ ယခုလည်း တစ်ဖက်သတ်ကြိုးပမ်းမှုဆိုလျှင် အကန့်အသတ်များ များလွန်းနေမည်သာဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးထက် ဖွဲ့စည်းပုံကိုလိုက်နာရေးက ရှေ့တန်းရောက်နေလျှင် ရှည်ကြာသောကာလများကို ဖြတ်သန်းရဦးမည်။ ဒိုင်ယာလော့များကို ဖြတ်သန်းရဦးမည်။ ရွေးကောက်ခံပုဂ္ဂိုလ်များချည်းမဟုတ်သော အခြေအနေကို လက်ခံနေရဦးမည်သာဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသော စကားလုံး၏ အဓိပ္ပာယ်အပေါ် နားလည်ပုံချင်းတူညီလာရန် အရင်ကြိုးပမ်းရဦးမည်။ ရှည်လျားလှသော မတ်လ၏အလွန်ကာလသည် ထိုလုပ်ငန်းစဉ်များ၏ အစသာဖြစ်ပေသည်။

ယခု မတ် ၃၀ ရက် သမ္မတအသစ် ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးတွင် သမိုင်းဝင်မိန့်ခွန်းတစ်ခု ပြောကြားခဲ့သည်။ မိန့်ခွန်းက အလွန်တိုပါသည်။ သို့သော် အလွန်ထိရောက်ပါသည်။ "၂၀၁၅ နိုဝင်ဘာလ ရွေးကောက်ပွဲ ရလဒ်ကြောင့် ဖြစ်ထွန်းလာတဲ့ ဒုတိယအကြိမ်လွှတ်တော်နဲ့ အစိုးရအဖွဲ့များဟာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒများနဲ့ ကိုက်ညီစွာ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အခုအစိုးရသစ်အနေဖြင့် အဲဒီမူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနဲ့ မြန်မာ့လူထုအများစုရဲ့ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း" ပြောသွားသည်။ နောက်ဆုံးမှာ "နိုင်ငံတော်နဲ့ သင့်တော်မယ့် ဒီမိုကရေစီစံချိန်စံညွှန်းများနဲ့ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးအတွက်လည်း ဆောင်ရွက်ရမယ့်တာဝန်ရှိပါတယ်။ ဒီလိုလားချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်သွားရမှာကိုလည်း သိနားလည်ကြောင်း" ပြောသွားခြင်းဖြစ်သည်။

မှန်ပါသည်။ ဤသည်မှာအပိုအလိုမရှိ၊ ကွက်တိပြောသွားသော မတ်လအလွန်လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။ တော်လှန်ရေးစိတ်ဓာတ်များဖြင့် ရှင်သန်ခဲ့သော မတ်လ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးမူဝါဒများဖြင့် အခြေတည်ခဲ့သော မတ်လ၏ အလွန်သည်ကား ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ကိုက်ညီသော နိုင်ငံတော်တစ်ရပ်ဆီသို့ ဦးတည်လျက်ရှိနေပါတော့သည်။



# အခါတော်ရောက်ချိန်နီးလို့လာပြီ

**လင်းအေး**

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးထင်ကျော်တို့ ဦးဆောင်သောအစိုးရသစ်တက်လာပြီ။ရွေးကောက်ပွဲတွင် ပြည်သူလူထုက ပုံအောလိုက်သော ထောက်ခံမဲများဖြင့် အပြတ်အသတ်အနိုင်ရခဲ့သော အင်(န်)အယ်လ်ဒီပါတီက ဖွဲ့စည်းသည့် အစိုးရအဖွဲ့ တက်လာလေပြီ။

ဒုက္ခအဝဝကို ခါးစည်းခံနေရသော ပြည်သူတို့က အစိုးရသစ်ကို မျှော်လင့်တကြီးဖြင့် ငံ့လင့်ကြိုဆိုနေကြသည်။ တစ်တိုင်းတစ်ပြည်လုံးရှိ နယ်ပယ်အသီးသီးမှ အမျိုးမျိုးသော ပြဿနာပေါင်းစုံတို့ကလည်း အစိုးရသစ်ကို စောင့်ကြိုနေကြသည်။ နှစ်ကာလများစွာ ယိုယွင်းပျက်စီးနေခဲ့သော နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ကြရမည်။ တိုင်းပြည်ကို ထူထောင်သည်၊ တည်ဆောက်သည်ဆိုရာတွင် တစ်ဦးတည်း၊ တစ်ယောက်တည်း၊ တစ်စုတည်း၊ တစ်ဖွဲ့တည်းနှင့် တည်ထောင်၍ ရနိုင်တာမျိုးမဟုတ်။ တစ်ပြည်လုံးရှိ လူထုကြီး၏အားဖြင့် တညီတညွတ်တည်း ဝိုင်းဝန်းလုပ်ဆောင်ရတာဖြစ်သည်။အစိုးရနှင့်ပြည်သူတို့ လက်တွဲရမည်။ ညီညွတ်ရမည်။ ပြည်သူအားလုံးက နိုင်ငံတော်အစိုးရကို ကူညီရမည်။ အားပေးရမည်။ စိတ်ချယုံကြည်စွာ အင်တိုက်အားတိုက် ထောက်ခံကြရမည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကြားဖြတ်အစိုးရလက်ထက်က ဆရာရန်နိုင်စိန်ရေးဖွဲ့ခဲ့သော "ပြန်လည်ထူထောင်ရေး"သီချင်းကို သတိရမိသည်။လူထုအားကို အများကြီးလိုသည်။ ဗိုလ်ချုပ်အစိုးရ အချိုးကျကူညီ၊ တိုင်းရင်းသားများသည် ရိုင်းပင်းကြရမည်။ အဲသည်အချိန်ကတော့ "ဗိုလ်ချုပ်အစိုးရ"ပါ။အခုတော့ "ဒေါ်စုအစိုးရ" ပေါ့။

အားနည်းချည့်နဲ့သွားခဲ့ကြရသည့်အဖြစ်။အရာရာသည် သင်ခန်းစာယူဖွယ်အတိ။

သေသေချာချာ စဉ်းစားကြည့်တွေးကြည့်လျှင် မြန်မာပြည်သူတို့သည် ကုန်လွန်ခဲ့သည့် နှစ် ၁၀၀ ကျော်ကာလအတွင်း နားနားနေနေ သက်သက်သာသာ မနေခဲ့ကြရ။ခက်ခဲပင်ပန်းစွာ လွတ်လပ်ရေးကိုရယူခဲ့ကြသော ပြည်သူတို့သည် လွတ်လပ်ရေးနှင့် မရှေးမနှောင်းကပ်ပါလာသော ပြည်တွင်းစစ်၏ဒဏ်ကို ကျကျနန ခံကြရသည်။ လွတ်လပ်ပြီးစတိုင်းပြည်သည် စနစ်တကျတည်ဆောက်ရေးလုပ်ငန်းများကို မလုပ်နိုင်၊ အာဏာရပါတီအဖွဲ့အစည်းများသည်လည်းကောင်း၊ မြေပေါ်မြေအောက် အတိုက်အခံအဖွဲ့ အစည်းများသည်လည်းကောင်း၊ ဂိုဏ်းဂဏစွဲ၏ ဖိစီးမှု၊ သီအိုရီ၏ ဖိစီးမှု၊ တရားသေဝါဒ၏ ဖိစီးမှု စသည့် ဖိစီးမှုအမျိုးမျိုးကို ခံရသည်။ အမျိုးသားစည်းလုံးညီညွတ်ရေး ပြိုကွဲလေသောအခါ အထိအနာဆုံးမှာ တိုင်းပြည်နှင့် ပြည်သူသာ ဖြစ်သည်။ တိုင်းပြည်၏ နေရာအနှံ့အပြားတွင် သေနတ်ကျည်ဆန်ရာများ တငွေ့ငွေ့လောင်ကျွမ်းနေသော မီးလောင်ရာများ၊ ပြည်သူတို့သည် ငတ်မွတ်ခြင်း၊ ဆင်းရဲခြင်း၊ ချွတ်ခြုံကျခြင်း၊ ရောဂါဘယထူပြောခြင်း၊ သေဆုံးခြင်း စသည့် စသည့် ဒုက္ခပေါင်းစုံကို ခံစားကြုံတွေ့ကြရသည်။ အရာရာသည် ထိခိုက်နာကျင်ဖွယ်အတိ။

စစ်အာဏာရှင်၏ စိုးမိုးအုပ်ချုပ်မှုအောက်သို့ တိုင်းပြည်ကျရောက်သွားချိန်တွင် တစ်တိုင်းပြည်လုံးသည် မှောင်အတိကျသွားသည်။ ပြည်သူလူထု၏ ဒုက္ခဆင်းရဲအပေါင်းသည် ဂိတ်ဆုံးသို့ရောက်ရှိသွားသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစအရာရာသည် အောက်ဆုံးသို့ထိုးဆင်းသွားသည်။ အလုပ်သမားများ၊ လယ်သမားများ၊ ကျောင်းသားများ၊ သံဃာတော်များပါမကျန် ပြည်သူအားလုံးသည် အဆိုးဆုံးသောအခြေအနေများကို ရင်ဆိုင်ခံစားရသည်။ စစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များ၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ၊ ဆန္ဒပြပွဲများ၊ ပစ်ခတ်သတ်ဖြတ်ခြင်းများ၊ လွတ်လပ်စွာယုံကြည်ခွင့်၊ ပြောဆိုခွင့်၊ ရေးသားခွင့်အားလုံး ပိတ်ပင်ခံရသည်။ အားလုံးပိတ်နေသည်။ အရာရာသည် ကြေကွဲဝမ်းနည်းဖွယ်အတိ။

**စစ်အာဏာရှင်၏ စိုးမိုးအုပ်ချုပ်မှုအောက်သို့ တိုင်းပြည်ကျရောက်သွားချိန်တွင် တစ်တိုင်းပြည်လုံးသည် မှောင်အတိကျသွားသည်။ ပြည်သူလူထု၏ ဒုက္ခဆင်းရဲအပေါင်းသည် ဂိတ်ဆုံးသို့ ရောက်ရှိသွားသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစအရာရာသည် အောက်ဆုံးသို့ ထိုးဆင်းသွားသည်။**

တိုင်းတစ်ပါးလက်အောက်ခံဘဝ ကျရောက်ခဲ့ပြီးနောက် မြန်မာပြည်သူတို့ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော ခရီးလမ်းကို သမင်လည်ပြန်ကြည့်မိသည်။ မြန်မာပြည်သူတို့၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု တိုက်ပွဲများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ယင်းပါတီအဖွဲ့အစည်းများကို ဦးဆောင် ထူထောင်ခဲ့သူများ၊ လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့သည့် ထကြွပုန်ကန်မှုများ၊ လူထုလှုပ်ရှားမှုအရေးတော်ပုံများ၊ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ပထမကျောင်းသားသပိတ်၊ ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံ၊ တို့ဗမာ အစည်းအရုံး၊ ကျောင်းသားသမဂ္ဂ၊ ၁၉၃၆ ကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ ဖတပလ၊ ဖဆပလ၊ ဘုရင်ခံ၏အမှုဆောင်ကောင်စီ၊ သခင်ကိုယ်တော်မှိုင်း၊ ဘကြီးဘဖေ၊ ဦးချစ်လှိုင်၊ ဦးစိုးသိန်း၊ ဆရာတော်ဦးဥတ္တမ၊ ဆရာစံ၊ သခင်ဘသောင်း၊ သခင်လှဘော်၊ သခင်လေးမောင်၊ သခင်ဗစိန်၊ သခင်မြ၊ သခင်နု၊ သခင်အောင်ဆန်း၊ သခင်သိန်းဖေ၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး-- ထိုပုဂ္ဂိုလ်များအားလုံး မရှိကြတော့ပြီ။ သူတို့ပါဝင်လှုပ်ရှားခဲ့သော အသင်းအဖွဲ့များလည်း မရှိကြတော့ပြီ။ အရာရာသည် လွမ်းဖွယ်အတိ။

တစ်ချိန်က ပြည်သူလူထုကြီး၏ တစ်ခဲနက်ထောက်ခံမှုကိုရရှိခဲ့သည့် တချို့သော ခေါင်းဆောင်ကြီးများသည် ရန်သူ၏ ရာထူးအာဏာငွေကြေးစသည်တို့ဖြင့် သွေးဆောင်ဖြားယောင်းခြင်းဒဏ်ကို မခံနိုင်သဖြင့် အကြီးအကျယ်လျှောကျနိမ့်ဆင်းသွားခဲ့ကြရသည်။ ထိုပုဂ္ဂိုလ်များဖွဲ့စည်းထူထောင်ခဲ့သော အဖွဲ့အစည်းကြီးများသည်လည်း အစိတ်စိတ်အမွှာမွှာ ပြိုလဲပျက်စီးသွားခဲ့ကြသည်။ "ဘုံ"ရန်သူကို ညီညွတ်စုစည်းစွာ ဝိုင်းတိုက်ရမည့်အစား ကိုယ့်အချင်းချင်း အပြတ်အသတ် တိုက်ခိုက်နေကြခြင်းကြောင့် "ဘုံ" ရည်မှန်းချက်ပျောက်ဆုံး၍ မိမိတို့၏အင်အားစုများ

သို့ထိုးဆင်းသွားသည်။ ...

တော်လောက်ပြီ၊ တော်လောက်ပါပြီ။ ပြည်သူတို့နှစ်တစ်ရာကျော်ဘဝ ပျောက်ဆုံးနေခဲ့ရမှုသည် သည်မျှနှင့်တော်လောက်ပါပြီ။ တိုင်းပြည်ကို ပြန်ထူထောင်တည်ဆောက်ကြရမည်။ စိတ်ထားကောင်းမြတ်သော၊ အရည်အချင်းပြည့်ဝသော၊ အသိဉာဏ်မြင့်မားသော ခေါင်းဆောင်ကောင်း၏ နောက်ကို စိတ်ချ ယုံကြည်စွာလိုက်ကြရမည်။ ပြည်သူ့အစိုးရကို ကူညီရမည်။ စိတ်ဓာတ်ခွန်အားကောင်းကောင်းဖြင့် စုစည်းညီညွတ်စွာ ထောက်ခံအားပေးရမည်။ ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီလပိုင်းအလို (၁၉၄၇၊ ဧပြီလ)တွင် သူ့ဇာတိ နတ်မောက်လူထုကိုဟောသည့် တရားပွဲတွင် "ဗမာပြည်ဟာ ဗေဒင်မမေးနဲ့၊ လုံးဝလွတ်လပ်ရေးရမယ်၊ ကျုပ်က မေတ္တာနဲ့သစ္စာကို ရှေ့ထားပြီး အုပ်ချုပ်မယ်"ဟု ပြောခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တိုင်းပြည်ကို မေတ္တာနှင့် အုပ်ချုပ်မည်ဟုပြောသည်။ အဖေနှင့်သမီး စိတ်သဘောထားတစ်ထပ်တည်း၊ စကားတစ်ထပ်တည်း။ အခုအချိန်သည် ပြည်သူ့အစိုးရသစ်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေးရမည့်အချိန်။ လူထုအားကို အများကြီးလိုသည့်အချိန်။

လူထုအားကို အများကြီးလိုသည်။ ဒေါ်စုအစိုးရ အချိုးကျကူညီ၊ တိုင်းရင်းသားများသည် ရိုင်းပင်းကြရမည်။ အမျိုးသားရေးမို့ ကြိုးစားပေးရမည်။ ကြိုးစားကာ အမျိုးသား မှန်သမျှ တိုင်းပြည် ပြာပုံက နတ်ဘုံ၊ နတ်နန်းတည်။

ပြည်သူ့အစိုးရသည် အောင်မြင်ပါစေသတည်း။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေသတည်း။

# ကျွန်မတို့အားလုံး ပြန်လည်ရှင်သန်ထမြောက်လာခဲ့ကြပါပြီ

**သွယ်သွယ်မျိုးညွန့်**

မြန်မာ့နှစ်ဦးကို မြန်မာပြည်ကြီးကအပြောင်းအလဲနဲ့ ကြိုဆိုလိုက်ပါပြီ။ လူတိုင်း၊နေရာတိုင်း၊ နယ်ပယ်အသီးသီးတိုင်းမှာ မြန်မာပြည်ကြီးရဲ့ အပြောင်းအလဲအကြောင်းကိုပဲ စိတ်ဝင်တစား ပြောဆိုကြပါတယ်။ ရန်ကုန်က နေရာအနှံ့အပြားမှာ ဒီမိုကရေစီနှစ်ဦးကို ကြိုဆိုတဲ့အနေနဲ့ စတုဒိသာတွေ ကျွေးကြ လှူကြ တန်းကြတယ်။ နေပြည်တော်ကြီးမှာရော ဘယ်လိုများပြောင်းလဲနေပါသလဲ။ နိုင်ငံတော်သမ္မတ ကျမ်းသစ္စာကျိန်ဆိုမယ့်နေ့မတိုင်ခင်ကတည်းက နေပြည်တော်သွားရာလမ်းတစ်လျှောက်မှာ မြင်မြင်သမျှကားတိုင်းဟာ တစ်ဦးနဲ့တစ်ဦး အသိတွေချည်း၊ ဒီအသိတွေကလည်း ဒီမိုကရေစီဘက်တော်သားတွေချည်း လိုလို ဖြစ်လို့နေပါတယ်။

ပါတယ်။ ကျွန်မကတော့ ရန်ကုန်မြို့ကြီးမှာ ဘာတွေများ အရင်ဆုံးအပြောင်းအလဲလိုချင်ပါလဲဆိုရင် ဟိုတစ်နေ့ကကိုပဲ အိမ်ရှေ့လမ်းမထက်မှာ လောလောလတ်လတ် ခတ်ကြိုးတွေရှော့ခ်ဖြစ်သွားတာမို့လို့ လမ်းမတွေထက်က ရှုပ်ပွေနေတဲ့ ဓာတ်ကြိုးတွေအန္တရာယ်ကင်းရေးနဲ့ ပလက်ဖောင်းကျယ်ကြီးတွေ ပိုင်ဆိုင်နိုင်ရေးပါပဲ။ နောက်ထပ်နောက်ထပ် ပြောင်းလဲချင်တာတွေကတော့ အများကြီးပါ။

ကျွန်မမိတ်ဆွေ မှတ်တမ်းရုပ်ရှင် ရိုက်ကူးသူ ချင်းအမျိုးသမီးငယ်လေးက ပြောတယ်။ သူတို့ရဲ့ ချင်းတောင်တန်းတွေဟာ ရိုးရာစိုက်ပျိုးရေးနည်းလမ်းတွေကြောင့်ပဲ တောင်ကတုံးတွေဖြစ်ကုန်ရပါသတဲ့။ သူ ချင်းတောင်တန်းတွေဆီ ပြန်ရောက်သွားတိုင်း ချင်းတောင်တန်းတွေဟာ

**ဒီတစ်ကြိမ်မှာတော့ ကျွန်မတို့တွေရဲ့ ပြန်လည်ရှင်သန်ထမြောက်ရခြင်းတွေဟာ ဆုံးခန်းတိုင်ပြီလို့ ပြည်သူအားလုံးကလည်း ယုံကြည်နေမှာ အသေအချာပါ။**

နေပြည်တော်ကို ရောက်လာတဲ့အခါမှာတော့ နေပြည်တော်တွင်း သွားရာလမ်းတွေထက်မှာလည်း မြင်မြင်သမျှက ပင်နီရောင်တွေသာ များပြားလို့နေပြန်တယ်လို့လည်း စိတ်ထဲထင်မိရပါသေးတယ်။ အားလုံးရဲ့ မျက်နှာတွေဟာ အပြုံးတွေလွှမ်းလို့၊ ၃၀ မတ် ၂၀၁၆ မနက်စောစောမှာတော့ တည်းခိုရာဟိုတယ်ဆီက ထွက်လာသမျှဟာ ပင်နီတိုက်ပုံဝတ်အမျိုးသားနဲ့ ပင်နီရင်ဖုံးဝတ်အမျိုးသမီးတွေသာလို့ ဆိုရပါမယ်။ ပင်နီဆိုတာ တကယ်တော့ ၈၈ အရေးတော်ပုံကြီးစစဉ်အခါက ဒီမိုကရေစီရဲ့ အဦးအစသင်္ကေတ။ ကျောင်းသားလူငယ်တွေ ဝတ်ခဲ့တဲ့ပင်နီ။ အခုအခါမှာ NLD ရဲ့အမှတ်သင်္ကေတပင်နီ။ ပင်နီနဲ့ဒီမိုကရေစီ၊ ဒီမိုကရေစီနဲ့ပင်နီ ခွဲမရ။ နိုဝင်ဘာ ၈ ရက်နေ့ဟာ လက်သန်းတွေမင်စွန်းတဲ့နေ့ ဖြစ်သလို ဒီကနေ့ဟာလည်း နေပြည်တော်ကြီးမှာ၊ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ပင်နီရောင်တွေလွှမ်းတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ လက်သန်းတော်လှန်ရေးနဲ့ ဒီကနေ့ကြားမှာ ပြည်သူတွေဟာ နားရွက်တစ်ချက်မခတ်ရဲဘဲ ဒီကနေ့ရောက်အောင် အသက်ကိုဖြည်းဖြည်းရှူလို့ စောင့်ခဲ့ကြရပါတယ်။ လွှတ်တော်ခန်းမထဲမှာ လူ(၄၀၀)ဆံ့သတဲ့။ အဲဒီနေ့လွှတ်တော်ကိုလာပြီးလေ့လာချင်လို့ လျှောက်ထားကြတာကတော့ လူ(၄၀၀၀)နီးပါးရှိသတဲ့။ ဒါတောင်နည်းသေးတယ်ပြောရပါမယ်။ နေပြည်တော်မလာဘဲ တီဗွီရှေ့ကနေ တစ်တိုင်းပြည်လုံးစောင့်ကြည့်နေတဲ့ အရေအတွက်ဆို ဘယ်လောက်တောင်ရှိလိုက်မလဲ။ တစ်နိုင်ငံလုံးနီးပါးလို့ ဆိုလို့ရလောက်ပေမယ်။ လွှတ်တော်ရှေ့ဝင်ပေါက်တွေမှာ ကားတန်းကအရှည်ကြီး၊ လူအုပ်တွေကများစွာ။ အားလုံးဟာအပျော်တွေ၊ အပျော်တွေဟာတစ်ယောက်ကို တစ်ယောက်ကူးစက်။ ဒီလိုနှစ်သိမ့်ကြည်နူးရွှင်မြူးကြတဲ့ အပျော်တွေမှာ အေးချမ်းတည်ငြိမ်ခြင်းက စွက်နေပါသေးတယ်။ ငြော် နှစ်(၅၀)ကျော်စောင့်ဆိုင်းခဲ့ရတဲ့ မျှော်လင့်ခြင်းတွေရဲ့ နေ့သစ်အစပေကိုး။

နှစ်သစ်ရောက်ရင် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအသစ်စမယ်လို့ စိတ်ကူးလေ့ရှိကြတဲ့အတိုင်း ဒီမိုကရေစီနှစ်သစ်အစမှာတော့ ပြည်သူတွေက ဘယ်လိုအပြောင်းအလဲတွေများ တွေ့ရတော့မလဲလို့ အမျှော်လင့်ကြီးမျှော်လင့်နေကြ

သူ့ကို ငိုယိုတိုင်တန်းနေသလိုတောင် ထင်ရပါသတဲ့။ တကယ်တော့ ဒါတွေဟာစိုက်ပျိုးရေးပိုင်းဆိုင်ရာ ခေတ်မီနည်းပညာမရလို့ အခြေခံဗဟုသုတနည်းပါးကြလို့ လို့ဆိုရမလားပါ။ ကယားပြည်နယ်က လူငယ်လေးတစ်ဦးကလည်း လောပိတဓာတ်အားလိုင်းကြီးအတွက် သူတို့ရဲ့ဘိုးဘေးတွေက များစွာပေးဆပ်ခဲ့ရသတဲ့။ ဒါပေမယ့်လည်း သူတို့ခေါင်းပေါ်ကနေ ဓာတ်အားလိုင်းကြီးတွေဖြတ်သွားနေတဲ့ အချိန်မှာ သူတို့တွေမှာတော့ လျှပ်စစ်ဓာတ်အားမရနိုင်သေးသူတွေ ရှိနေဆဲပါပဲတဲ့။ ဆိုတော့ဒီလိုတိုင်းရင်းသားလူငယ်လေးတွေရဲ့ ရင်တွင်းမှာလည်း သူတို့ရဲ့အပြောင်းအလဲ မျှော်မှန်းချက်တွေနဲ့ ပြည့်နှက်လို့နေပါတယ်။ တကယ်တော့လည်း ဒါတွေဟာ ကျွန်မတို့ဆန္ဒတွေစောနေသေးတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ဒါပေမယ့်လည်း ဆန္ဒဇောတွေများပြားနေသူ ပြည်သူတွေကိုလည်း အပြစ်တော့မဆိုသာပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့ပြည်သူတွေရဲ့ အခုရင်တွင်းက လက်ရှိဆန္ဒဇောတွေဟာ ဟိုးလွန်ခဲ့တဲ့ နှစ်(၅၀)လောက်ဆီက သန္ဓေတည်ခဲ့တာပဲဖြစ်လို့ပါ။

လွန်ခဲ့တဲ့နှစ်(၅၀)ဆီက ဆန္ဒတွေဆိုပေမယ့်လည်း ဆန္ဒတွေဟာ ဟောင်းနွမ်းသွားတယ်မရှိ ပိုလို့တောင် အသစ်အသစ်ဖြစ်လို့ တမ်းတမ်းတတဖြစ်နေရမြဲ ဆန္ဒတွေပါ။ ဒီဆန္ဒတွေဟာ ဘယ်တုန်းကမှ အရေးတယူဖြည့်ဆည်းပေးတာမျိုး မခံရလေတော့ ကျွန်မတို့ရဲ့ စိတ်သဏ္ဍာန်နဲ့အတူ ကိုယ်ရည်ကိုယ်သွေးအရောင်အဝါတွေဟာလည်း တစ်နှစ်ထက်တစ်နှစ် မှေးမှိန်ဖျော့တော့ခဲ့ရသလိုပါ။ ခုတော့ ရုတ်တရက် ချက်ချင်းဆိုသလိုကျွန်မတို့ဟာ ကိုယ်ရောင်ကိုယ်ဝါတွေထွန်းလင်းလာသလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေနဲ့ ရှင်သန်ထမြောက်လာကြပြီ။ ကျွန်မတို့ဟာ ဖိနပ်စ်ငှက်လိုပဲ တိုင်းပြည်မှာကြုံတွေ့ရတဲ့ ဒုက္ခမီးညွန့်တွေကြားက ပြန်လည်ရှင်သန်ထမြောက်ခဲ့ရတာလည်း အကြိမ်ကြိမ်ပါ။ ဒီတစ်ကြိမ်မှာတော့ ကျွန်မတို့တွေရဲ့ ပြန်လည်ရှင်သန်ထမြောက်ရခြင်းတွေဟာ ဆုံးခန်းတိုင်ပြီလို့ ပြည်သူအားလုံးကလည်း ယုံကြည်နေမှာ အသေအချာပါ။ ဒီတစ်ခါတော့ ကျွန်မတို့တွေ တကယ်ကိုပဲ ခေတ်ဟောင်းကနေ လွန်မြောက် ခေတ်သစ်ကိုရောက်ပြီလို့ပဲ ဆိုပါရစေတော့။



**မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွင် ဌာနဆိုင်ရာ (၉)ခုမှ ပြည်သူများအား ယဉ်ကျေးပျူငှာစွာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်သူများအား ဝန်ဆောင်မှုအပြည့်အဝဆောင်ရွက်ပေးနေစဉ်။**
**မိုးကိုကို(အောင်လံ)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ ကျင်းပ

## လွှတ်တော်ကိုယ်စားလှယ်(၃)ဦး ကတိသစ္စာပြု

**နေပြည်တော် မတ် ၃၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး ကတိသစ္စာပြုခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ နိုင်ငံတကာ လွှတ်တော်ဥက္ကဋ္ဌများက ပေးပို့သည့် သဝဏ်လွှာများ မှတ်တမ်းတင်ခြင်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌ ပြောင်းလဲဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသည့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၊ ဇီးကုန်းမဲဆန္ဒနယ်မှ ဦးညဏ်ထွန်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်တို့သည် ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုလွှတ်တော် ဥက္ကဋ္ဌ၊ တူရကီနိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ၊ စင်ကာပူသမ္မတနိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လက်ဘနွန်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်၊ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌတို့က ပေးပို့ခဲ့သည့် သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် အစားအဖွဲ့ဝင် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းအား ဥက္ကဋ္ဌအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီချက်ရယူအတည်ပြုသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို မေ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

### ◆ နိုင်ငံတော်မှ

ဥပဒေကြမ်းကော်မတီမှ တင်ပြရသည့် ရည်ရွယ်ချက်မှာ နိုင်ငံသူနိုင်ငံသားတို့၏ မျှော်မှန်းချက်များနှင့် အကျိုးစီးပွားများကို အတိုင်ပင်ခံပုဂ္ဂိုလ်က ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ယခုဥပဒေသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၁၇)တွင် ဖော်ပြသတ်မှတ်ထားသော ပြည်ထောင်စုလွှတ်တော်၏ လုပ်ပိုင်ခွင့်ဘောင်အတွင်းက ဖော်ပြခဲ့သည့်အတွက် အမျိုးသားလွှတ်တော်က လက်ခံကြားနာဆွေးနွေးရန်အဆိုကို တင်ပြခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုင်မန်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် တင်သွင်းသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို ထောက်ခံပါကြောင်းဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို လွှတ်တော်၌ လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏သဘောထားရယူပြီး ဦးအောင်ကြည်ညွန့် တင်သွင်းသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းသည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ ဆောလျင်စွာ ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ၂၀၁၆ ခုနှစ် မေ ၁ ရက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို တစ်ပါတည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ရက်မြောက်နေ့ ပထမပုံမှန်အစည်းအဝေးကို မေ ၁ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရန်လျာထားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ဆွေးနွေးကြမည်ဖြစ်ပြီး အတည်ပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်ပြရသည့် ရည်ရွယ်ချက်မှာ နိုင်ငံသူ နိုင်ငံသားတို့၏ မျှော်မှန်းချက်များနှင့် အကျိုးစီးပွားများကို အတိုင်ပင်ခံပုဂ္ဂိုလ်က ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းရခြင်းဖြစ် ယခုဥပဒေသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၁၇)တွင် ဖော်ပြသတ်မှတ်ထားသော ပြည်ထောင်စုလွှတ်တော်၏ လုပ်ပိုင်ခွင့်ဘောင်အတွင်းက ဖော်ပြခဲ့သည့်အတွက် အမျိုးသားလွှတ်တော်က လက်ခံကြားနာဆွေးနွေးရန် အဆိုကို တင်သွင်းခြင်းဖြစ်**



အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုင်မန်

### ❂ မြန်မာအစိုးရသစ်မှ

အာဏာလွှဲပြောင်းရေးအတွက် အတူတကွလုပ်ကိုင် ဆောင်ရွက်ခဲ့ သောခေါင်းဆောင်များ၏ ကြိုးပမ်းမှုသက်သေပင်ဖြစ်ပြီး ၂၀၁၁ ခုနှစ် ကတည်းက စတင်ခဲ့သော ပြုပြင်ပြောင်းလဲရေးများ၏ သိသာထင်ရှားမှုကို ဖော်ညွှန်းလျက်ရှိသည်ဟုလည်း အဆိုပါကြေညာချက်က ဆိုသည်။

အရပ်သားစစ်စစ်အစိုးရပေါ်ပေါက်လာခဲ့သည့် ယခု ၂၀၁၆ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံ၏ ရှေ့ခရီးဆက်ရာတွင်လည်း ပိုမိုကျယ်ပြန့်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့ကို တိုးတက်အောင်ဖော်ဆောင်ခြင်းအပြင် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက်လည်း အခွင့်အရေးနှင့် လွတ်လပ်မှုတို့အား တိုးမြှင့်ဆောင်ရွက်ခြင်း အပါအဝင် သိသာထင်ရှားသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံသည် အစိုးရသစ်လက်ထက်မှစတင်ကာ ငြိမ်းချမ်းပြီး သာယာဝပြောသည့် အနာဂတ်ကို တိုးတက်ဖော်ဆောင်နိုင်ရန် ပိုမို၍ အားလုံးပါဝင်ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုအနေဖြင့်လည်း မြန်မာအစိုးရသစ်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအပေါ် မိတ်ဆွေမွန်၊ မိတ်ဖက်ကောင်းအဖြစ် ရပ်တည်သွားမည်ဟုလည်း အမေရိကန်သမ္မတ အိုဘားမားက ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ အစိုးရသစ်ကို ခရီးဦးကြိုဆိုလိုက်ပြီဖြစ်သည်။ **(ကြေးမုံ)**

## သကြံ်နအကြို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ရန်ကုန် မတ် ၃၁**

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော သကြံ်နအကြို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ရန်ကုန်မြောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု ၄၀ မှ ရဲအုပ်သူရထွန်းလတ်၊ မြို့နယ်ဥပဒေအရာရှိ ဦးရန်ပိုင်ထွန်းတို့က ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက သကြံ်နအကြို မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု ၄၀ မှ ရဲအရာရှိက မူးယစ်ဆေးဝါးအန္တရာယ် အိမ်သုံးဆေးဝါးများအကြောင်းနှင့် ဥပဒေပုဒ်မများအကြောင်းကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးကာ မြို့နယ်ဥပဒေအရာရှိက မူးယစ်ဆေးဝါးများနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(၆၈၄)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် မတ် ၃၁**

**ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည်**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးအဌမနေ့ကို မတ် ၃၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို မေ ၄ ရက် လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အကြောင်းအရာတို့ကို ဖော်ပြ၍ မေ ၁ ရက် ရုံးချိန်အတွင်း လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကတိသစ္စာပြု**

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို မတ် ၃၁ ရက် နံနက်ပိုင်းက ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း ဆောင်ရွက်ခဲ့သည်။

**ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီး (၄)ဦး ကတိသစ္စာပြု**

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခက်အောင်က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ယင်းနောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသူရမျိုးတင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ဗမာတိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်(ခ) ဦးဒိတ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လင်း၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် လီဆူတိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ် ဦးအားတီယောဟန်၊ ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာလွှတ်တော်ကိုယ်စားလှယ် ဦးရန်နမ်းဖုန်တို့က ကတိသစ္စာပြုကြသည်။

ထို့နောက် အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်သွင်းခဲ့သော သစ်တော၊ သတ္တု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးကို လွှတ်တော်က အတည်ပြုပြီး စည်ပင်သာယာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီဖွဲ့စည်းရေး ရှင်းလင်းပြောကြားသည်။

**(ကြေးမုံ)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (      /၂၀၁၆)**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း**
**၁၃၇၇ ခုနှစ်၊ လ၊ ရက်**
**(၂၀၁၆ ခုနှစ်၊ လ၊ ရက်)**

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်လည်းကောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **"နိုင်ငံတော်"**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုလိုသည်။

(ခ) **"အတိုင်ပင်ခံပုဂ္ဂိုလ်"** ဆိုသည်မှာ အခန်း(၂)ပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုလိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ (က) ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး။
(ဂ) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေး။
(ဃ) ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး။

**အခန်း(၃)**
**တာဝန်ပေးအပ်ခြင်း**

၄။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက် ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်။

**အခန်း(၄)**
**တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ**

၅။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အကြံပြုချက်များ ပေးရမည်။

(ခ) အကြံပြုချက်များ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်။

(ဂ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ဃ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက်ရရှိသည့် လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

(င) အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

**အခန်း(၅)**
**အထွေထွေ**

၆။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၇။ ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်။

၈။ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

---

○ ကျောဖုံးမှ

စာသားများအား ကြိုတင်ခွင့်ပြုချက်တောင်းရန်မလိုဘဲ လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ပေးသင့်ကြောင်း စာရေးဆရာ လွတ်လပ်ငြိမ်းက ယခုကဲ့သို့ပြောသည်။

"အခုလိုပြိုင်ပွဲကျင်းပပေးတာ ကောင်းပါတယ်ဗျာ။ သံချပ်ဆိုတာ ခေတ်စနစ်၊ ပြည်သူ၊ အုပ်ချုပ်သူ၊ ဒေသ၊ ဌာနဆိုင်ရာ အဲဒီကိစ္စအဝဝတွေရဲ့ မူလရည်ရွယ်ချက်နဲ့ ဖီဆန်နေတဲ့ အဖြစ်အပျက်တွေကို စကားလုံးနဲ့ သရုပ်ဆောင်နဲ့ တေးသီချင်း သီဆိုပြောဆို တင်ဆက်ပြသတာဟာ သံချပ်ရဲ့စရိုက်လက္ခဏာပဲ။ သံချပ်စာသားတွေကို ကြိုတင်စိစစ်ခွင့်ပြုပေးဖို့ တင်ပြရတာကိုတော့ သဘောမကျဘူး။ လွတ်လပ်စွာယှဉ်ပြိုင်ခွင့်ပေးရင် ပိုပြီးထိရောက်မယ်"။

မန္တလေးသင်္ကြန်မဏ္ဍပ်များမှ မန်းပျိုဖြူများ၏ အတာသင်္ကြန်ဆင်နွှဲကြပုံများနှင့်အတူ နိုင်ငံကျော်အဆိုတော်များ၏ သီဆိုကခုန်မှုများကလည်း မန်းသင်္ကြန်တွင် ပျော်ရွှင်စွာ ဆင်နွှဲကြရသည်ဖြစ်သည်။ မန္တလေးသင်္ကြန်သည် ရေကစားရုံသက်သက်မျှမဟုတ်ဘဲ အလှပြယာဉ်များဖြင့် တင့်တယ်သကဲ့သို့ သံချပ်သည်လည်း သင်္ကြန်၏အနှစ်သာရ တစ်ခုပင်ဖြစ်သည်။

"ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆိုခဲ့ရတဲ့ သံချပ်တွေဆိုတာ ခေတ်ကာလကို ထင်ဟပ်နေပါတယ်။ အစိုးရ၊ ကုန်ဈေးနှုန်း၊ ပညာရေး၊ ကျန်းမာရေး အကုန်ပါတယ်။ ပြည်သူလူထုရဲ့ အသံတွေ၊ ရင်ဖွင့်သံတွေကို သံချပ်ကလေးတွေထိုးပြီး အစိုးရသိအောင် ပြောကြတာပါ။ ပြည်သူ့အသံကို နားထောင်တဲ့အစိုးရဆိုရင် သံချပ်ထိုးတဲ့ အသံတွေကို နားထောင်ပြီး ပြုပြင်သင့်တာတွေကို သိစေတဲ့အတွက် ရှေးတုန်းကဆို တော်တော်လေးကို ထိရောက်တဲ့ ပြည်သူ့အသံပါ။ ငယ်ဘဝမှာ သင်္ကြန်ဆိုတာ ရေကစားတာတင်မဟုတ်ဘဲ သံချပ်သံလေးတွေနဲ့မှ ပျော်စရာပါ" ဟု ကုမ္ပဏီဝန်ထမ်း ကိုနေလင်းအောင်က ပြောသည်။

ယခင်အစိုးရလက်ထက်တွင် သင်္ကြန်သံချပ်ကားဖြင့် လှည့်လည်ကာ သံချပ်တိုင်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပြီး သံချပ်တိုင်သည့် စာသားများကိုလည်း ဆင်ဆာဖြတ်တောက်ကြောင်း တော်ရိလျှော်ရိ သင်္ကြန်သံချပ်အဖွဲ့တွင်ပါဝင်သူ ကဗျာဆရာ ကိုမင်းနဒီခက ပြောသည်။ တော်ရိလျှော်ရိ သင်္ကြန်သံချပ်အဖွဲ့သည် ယခုနှစ်တွင် သံချပ်ကားထွက်ရှိရန် မသေချာကြောင်းသိရသည်။

"အခက်အခဲတွေကတော့ အများကြီးပေါ့အစ်ကို။ အဲဒီနှစ်က ကျွန်တော်တို့အားလုံး အရဲစွန့်စီစဉ်ခဲ့ကြရတာ။ သံချပ်ထွက်ဖို့တင်ထားတဲ့ ခွင့်ပြုမိန့်က ကျ/မကျ မသိရသေးဘူး။ ကျွန်တော်တို့က သံချပ်ကားအတွက် အလှတွေဆင်နေကြပြီ။ စရန်ငွေတွေ ပေးနေကြပြီ။ စပွန်စာဆိုတာ ဘယ်နေမှန်းမသိခင် အဖွဲ့ဝင်တွေဆီက တစ်ယောက်နှစ်သောင်းခွဲစီစုပြီး ငွေသွင်းထားရတယ်။ ဦးဆောင်သူတွေက ဆရာ စိုးအောင်(မန္တလေး)၊ ကိုစိုးဘားဒိုင်၊ ကိုသာဇော်၊ ဆရာရွှေနောင်ရိုး၊ ဆရာဆန်းဝင်းရှိန်၊ ဆရာခင်အောင်ဝင့်၊ မောင်နိုင်လင်း(ကောလင်း)နဲ့ ကျွန်တော်ပေါ့။ နောက်အခက်အခဲက သံချပ်တိုက်ဖို့နေရာ။ အဲဒါကတော့ ကိုသာဇော့်အကူအညီနဲ့ ထန်းတပင်ဘုန်းကြီးကျောင်းရှေ့က ဓမ္မာရုံလေးမှာ သံချပ်တိုက်ခွင့်ရခဲ့ပါတယ်။ တကယ်တမ်းသံချပ်တိုက်ပြီး အဆင်သင့်ဖြစ်တဲ့အထိ ခွင့်ပြုမိန့်က မကျသေးလို့ ဆရာစိုးအောင်နဲ့ ဆရာစိုးဘားဒိုင်တို့ နေပူပူကြီးထဲမှာ အသည်းအသန်ကြိုးပမ်းခဲ့ကြရပါတယ်။ သင်္ကြန်အကြိုနေ့မတိုင်ခင်အထိ သံချပ်စာသားတွေ ဖြုတ်ခိုင်းလို့ ဖြုတ်လိုက်တပ်လိုက်၊ သံချပ်ပြန်တိုက်လိုက်နဲ့ ပထမဆုံးအကြိမ်လည်း ဖြစ်တယ်ဆိုတော့ တော်တော်ခက်ခဲပင်ပန်းခဲ့ပါတယ်။ ကျွန်တော့်အတွက်တော့ ဘယ်တော့မှ မမေ့နိုင်သလို သင်္ကြန်ရောက်တိုင်း သံချပ်ထွက်တိုင်ချင်နေတုန်းပါပဲ။ မန္တလေးသင်္ကြန်ဟာ သံချပ်ကားနဲ့ အလှပြယာဉ်တွေနဲ့မှ လိုက်ဖက်တင့်တယ်တာပါ။ မန္တလေးသင်္ကြန်နဲ့ သံချပ်ဟာ ကင်းကွာလို့ မရစကောင်းတာမို့ သံချပ်အသင်းတွေ၊ သံချပ်ကားတွေ၊ သံချပ်ပြိုင်ပွဲတွေ နှစ်တိုင်းဖြစ်စေချင်ပါတယ်။ ဒီနှစ်မှာ မလုပ်နိုင်ပေမယ့် နောက်လာမယ့် နှစ်တွေမှာ လုပ်ဖြစ်အောင် ကြိုးစားပါဦးမယ်။ တော်ရိလျှော်ရိကို ပြန်အသက်ဝင်စေချင်ပါတယ်။ တော်ရိလျှော်ရိ သံချပ်အသင်းနဲ့ သံချပ်ကားကို ပြန်မြင်တွေ့ချင်မိပါတယ်။"

သင်္ကြန်သံချပ်အဖွဲ့ဖွဲ့စည်းရန်နှင့် သင်္ကြန်သံချပ်ကားထွက်ရန် ရန်ပုံငွေလိုအပ်ပြီး ကူညီပံ့ပိုးမှုများမရှိပါက ပြင်ဆင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း သိရသည်။

"ပြိုင်ပွဲခေါ်ပေမယ့် ပံ့ပိုးမှုမရှိတော့ သံချပ်အသင်းတွေ အသံမကြားရဘူး။ သံချပ်ထွက်ချင်တယ်၊ တိုင်ချင်တယ်။ ကိုယ်ဖြစ်ချင်တဲ့အစိုးရဖြစ်တာနဲ့ တချို့က သံချပ်မလုပ်ချင်ကြပါဘူး။

"တကယ်တော့ ဘယ်အစိုးရတက်တက် လိုအပ်ချက်တော့ရှိနေမှာပဲမဟုတ်လား။ ကိုယ့်အစိုးရမို့ ပြည့်စုံပြီထင်နေကြလား။ ပြည်သူတွေ စည်းကမ်းပျက်၊ ယဉ်ကျေးမှုပျက်၊ အစိုးရဝန်ထမ်းပျက် လာဘ်ပေးလာဘ်ယူတွေ။ အထက်ဖား အောက်စားတွေ ဝေဖန်စရာတွေ အများကြီးပါ။ ရေးစရာတွေအပုံကြီးပါ။ ထွက်ချင်ပါတယ်။ ပံ့ပိုးမှုရှိရင် ထွက်ချင်ပါတယ်"ဟု ကာတွန်းဆရာ ခင်မောင်တင့်က ပြောသည်။

မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှ ကျင်းပမည့် သံချပ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် သံချပ်အဖွဲ့များသည် ပြိုင်ပွဲဝင်သူ အင်အားစာရင်း၊ ပြိုင်ပွဲဝင်မည့် သံချပ်စာသားများကို ကြိုတင်စိစစ်ခွင့်ပြုချက်ပေးနိုင်ရန်အတွက် တိုင်းဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနမှူး ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဧပြီ ၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထားကာ အရောက်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၀၂)**

■

## မြစ်ဝကျွန်းပေါ်ဒေသနှင့် တောင်ပိုင်းဒေသများတွင် ပူပြင်းခြောက်သွေ့ခြင်းနှင့် ရေရှားပါးခြင်း ပိုမိုကြုံတွေ့နိုင်

**နေပြည်တော် မတ် ၃၁**

အယ်နီညို ရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် ဧပြီလ၊ မေလနှင့် ဇွန်လများတွင် မြစ်ဝကျွန်းပေါ်နှင့် တောင်ပိုင်းဒေသများ၌ အခြားဒေသများထက် ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းတို့ကို ပိုမိုကြုံတွေ့လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဉ္ဈာန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် အစားအစာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍများတွင် သက်ရောက်မှု ရှိနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်နိုင်ကြရန်လည်း အကြံပြုထားသည်။

အယ်နီညိုဖြစ်စဉ် အခြေအနေတွင် မတ်လဆန်းပိုင်းမှစတင်ကာ တဖြည်းဖြည်းအားလျော့ခဲ့ကြောင်း၊ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် လျော့ကျလျက်ရှိသဖြင့် အယ်နီညိုဖြစ်စဉ်သည်လည်း တဖြည်းဖြည်း အားလျော့လာနေကြောင်း၊ ဇွန်လကုန်ခန့်မှစတင်ကာ ပုံမှန်အခြေအနေသို့ ပြောင်းလဲသွားနိုင်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့ရာသီဥတုအပေါ် အယ်နီညို၏ အကျိုးသက်ရောက်မှုသည် ဆက်လက်ရှိနေနိုင်ကြောင်းကို အယ်နီညိုဖြစ်စဉ်အား စောင့်ကြည့်လျက်ရှိသည့် နိုင်ငံတကာ မိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများက ထုတ်ပြန်ထားသည်။

ဧပြီလ၊ မေလနှင့် ဇွန်လတို့တွင် ဖြစ်ပေါ်နိုင်သည့် မိုးရေချိန်နှင့် အပူချိန်ခန့်မှန်းချက်များတွင် အဆိုပါ သုံးလ၌ မိုးရွာသွန်းမှုအခြေအနေသည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)တို့တွင် ရွာသွန်းမြဲ(ပျမ်းမျှ) မိုးရေချိန်တို့ထက် မိုးပိုရရှိနိုင်ပြီး ဖြစ်နိုင်စွမ်း ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိကြောင်း၊ ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျော့နည်းသည့် ဒေသများမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ဖြစ်ကြောင်း၊ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိသည့် ဒေသများမှာ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြောင်း၊ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ သေချာသည့်ဒေသများမှာ ကရင်ပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ဧပြီလ၊ မေလနှင့် ဇွန်လတို့၏ အပူချိန်အခြေအနေများမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ပျမ်းမျှအပူချိန်ထက် ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ပျမ်းမျှအပူချိန်ထက် ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိရှိနိုင်ပြီး ၈၀ ရာခိုင်နှုန်းနှင့်အထက်ရှိသည့် ဒေသများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဉ္ဈာန်ကြားမှု ဦးစီးဌာနက ခန့်မှန်းထားသည်။ **(ကြေးမုံ)**

## ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် မတ် ၃၁**

ဧရာဝတီမြစ်ရေသည် မတ် ၃၀ ရက်တွင် မြစ်ကြီးနားမြို့၌ ၁၈ နာရီအတွင်း ခြောက်ပေခွဲခန့် မြင့်တက်ခဲ့ပြီး မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ နှစ်ပေခန့် ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့တွင် တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် နှစ်ပေမှ ငါးပေခန့်၊ နောက်သုံးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေ ရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒဉ္ဈာန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

# စွန့်ပစ်ပလတ်စတစ်ဖြင့် ဆောက်လုပ်သည့် ကျောင်းစာကြည့်တိုက်ပြီးစီးလုနီး စာကြည့်တိုက်သို့ နိုင်ငံခြားသားဧည့်သည်များ လာရောက်လေ့လာကူညီပေးလျက်ရှိ

**ပုဂံ မတ် ၃၁**

ပုဂံတွင် ပလတ်စတစ်အမှိုက်များကို Recycle ပြုလုပ်သည့်အနေဖြင့် အုတ်အစားထိုးပြောင်းလဲ အသုံးပြုကာ နတ်ကြို့အိုင်ကျေးရွာတွင် ကျောင်းစာကြည့်တိုက် တစ်တိုက် ဆောက်လုပ်လျက်ရှိရာ ပြီးစီးလုနီးပါး ရှိနေပြီဟု သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ၏ လှပတင့်တယ်မှုများဖျက်ဆီးနေသည့် ပလတ်စတစ်အမှိုက်များ ကင်းစင်ရေးအတွက် အသုံးပြုမှု လျှော့နည်းစေရေး၊ စည်းကမ်းတကျ စွန့်ပစ်စေရေးတို့ကို ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင် ဦးဆောင်သော ပုဂံပလတ်စတစ် ကင်းစင်ရေးလှုပ်ရှားမှုအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပုဂံဒေသကို ချစ်မြတ်နိုးကြသည့် စေတနာရှင် လူငယ်များ စနေနေ့တိုင်း စုပေါင်းကာ ကောက်ယူ သိမ်းဆည်းလျက်ရှိပြီး ပြည်တွင်း ပြည်ပ ခရီးသွားများကိုလည်း ပလတ်စတစ်အမှိုက်များကို အသုံးပြုပြီး စနစ်တကျစွန့်ပစ်ကြရန် တို့ကိုလည်း လိုက်လံအသိပညာပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပုဂံပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှုအဖွဲ့သည် ကောက်ယူရရှိသော စွန့်ပစ်ပလတ်စတစ် အမှိုက်များကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ပြန်လည်အသုံးပြုသည့်



အနေဖြင့် အသုံးပြုပြီးသော သုည ဒသမ ၆ လီတာ ရေသန့်ဘူးခွံထဲသို့ ဖိသိပ်ထည့်ကာ ပြုလုပ်ထားသည့် ပလတ်စတစ်အုတ်ဖြင့် ညောင်ဦးမြို့နယ် နတ်ကြို့အိုင်ကျေးရွာတွင် ပေ ၆၀၊ ပေ ၃၀ အကျယ်အဝန်းရှိ စာကြည့်တိုက်အဆောက်အအုံတစ်ခု တည်ဆောက်လျက်ရှိသည်။ ပြည်တွင်းမှ အနုပညာရှင်များ၊ နိုင်ငံရပ်ခြားမှ ဧည့်သည်တော်များ၊ ပညာတော်သင်ကျောင်းသား ကျောင်းသူများ၊ INGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်များသည်လည်း အခါအားလျော်စွာ စာကြည့်တိုက်သို့ လာရောက်လေ့လာလျက်ရှိပြီး စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အုတ်အစားထိုးအသုံးပြု၍ တည်ဆောက်ထားသော ယင်းစာကြည့်တိုက်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်သည်ဟု သိရသည်။

အဆိုပါစာကြည့်တိုက်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး မိလိန္ဒဟု အမည်ပေးထားကြောင်း သိရသည်။ ယခုအခါ စာကြည့်တိုက်မှာ ပြီးစီးလုနီးပါးရှိနေပြီဖြစ်သဖြင့် စာကြည့်တိုက်အတွင်း အသုံးပြုရန် စားပွဲ၊ ကုလားထိုင်နှင့် စာအုပ်တင်စင်များ၊ သုတ၊ ရသ စာအုပ်၊ စာစောင်များ လိုအပ်လာပြီဖြစ်ရာ ပညာပါရမီဖြည့်တင်းလိုသူများအနေဖြင့် ဘဒ္ဒန္တ သီရိနန္ဒ (နတ်ကြို့အိုင်ဆရာတော်) ဖုန်း-၀၉ ၄၀၂၇၅၃၀၈၁၊ ဦးတင်ထူးမောင် (ခရိုင်အုပ်ချုပ်ရေးမှူး) ဖုန်း-၀၉ ၂၁၅၁၃၂၇၊ ဦးတင့်ဆွေ (ပုဂံ စားသောက်ဆိုင် လုပ်ငန်းရှင်များ အသင်း) ဖုန်း-၀၉၂၀၄၃၃၃၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# သောက်သုံးရေကာကွယ်ရေးဆောင်ရွက်

**နတ်တလင်း မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဒမငယ်ကျေးရွာတွင် မတ် ၂၈ ရက် နံနက်ပိုင်း၌ ကျေးရွာရှိ ရေတွင်းများအား ရေကြောင့်ဖြစ်ပေါ်သောရောဂါများ မပေါ်ပေါက်လာစေရန် ကြိုတင်ကာကွယ်သောအားဖြင့် ဒမငယ် (RHC) မှ ဆေးမှူး ဦးကျော်စန်းလှိုင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက သောက်သုံးရေတွင်းများအား ကာကွယ်ဆေးဖျန်းပေးပြီး ကျေးရွာများတွင် ပူပြင်းသောရာသီရောက်နေပြီဖြစ်၍ ရေတွင်းများမှာ ရေထွက်အားကျဆင်းနေရာ သောက်သုံးရေသန့်ရှင်းမှုအားနည်းသဖြင့် ယခုလို ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ဆေးမှူးထံမှ သိရသည်။

**(၀၇၁)**



# နွေရာသီ အခြေခံအားကစားသင်တန်းဆင်း

**ပဲခူး မတ် ၃၁**

တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပဲခူးမြို့နယ် အခြေခံဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၆ ခုနှစ် အခြေခံအားကစားသင်တန်းဆင်းပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး နွေရာသီ အားကစားသင်တန်းများတက်ခြင်းဖြင့် အားကစားစိတ်ဓာတ်နှင့် စည်းကမ်းများကောင်းမွန်လာပြီး မိမိဘဝနှင့် ပတ်သက်သော အားကစားမောင်မယ်များ နိုင်ငံအတွက် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အဆိုပါနွေရာသီအားကစားသင်တန်းတွင် အားကစားနည်း ခုနစ်မျိုးဖြင့် သင်ကြားပြီး သင်တန်းဆင်းပွဲလက်မှတ်များကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ပဲခူးမြို့နယ် ပညာရေးမှူး ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် ပြန်/ဆက်**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၆ ခု အပြီးသတ်ဆောင်ရွက်

**မန္တလေး မတ် ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်၊ ပန်းလောင်မြစ်နှင့် ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှ ကျေးရွာများတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၆ ခုကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၃၇၄၅ ဒသမ ၁၀ သုံးစွဲ၍ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေး)မှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို မတ် ၃၀ ရက်က တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် ဌာနတာဝန်ရှိသူများက သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြသည်။

“ကမ်းပြိုကာကွယ်ရေးနဲ့ ရေလမ်းကောင်းမွန်ရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေ၊ ပြည်ထောင်စုရန်ပုံငွေတွေအပြင် ဖြည့်စွက်ရန်ပုံငွေများနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အရေးပေါ်သောင်တူးလုပ်ငန်းတွေလည်း ပြီးခဲ့တဲ့လများက ဆောင်ရွက်ခဲ့တဲ့အတွက် ခုလို ရေနည်းချိန်မှာ ရေယာဉ်တွေ အန္တရာယ်ကင်းစွာ သွားလာနိုင်မှာပါ”ဟု ညွှန်ကြားရေးမှူးက ပြောသည်။

ယင်းဌာနအနေဖြင့် နွေရာသီ ရေနည်းချိန်ကာလတွင် ရေယာဉ်များ ဘေးကင်းစွာသွားလာနိုင်ရေးအတွက် ရေစူးကန့်သတ်ချက်များ ထုတ်ပြန်ပေးထားသဖြင့် ရေယာဉ်များက လိုက်နာ မောင်းနှင်ကြရန် လိုအပ်ကြောင်း၊ ရေလမ်းညွှန်အမှတ်အသားများကိုလည်းအချိန်နှင့်တစ်ပြေးညီ စိုက်ထူ အသိပေးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်း၂၆ ခုတွင် တိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၉၂၄ ဒသမ ၃၀ ဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၂ ခု၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်းပေါင်း ၈၂၀ ဒသမ ၈၀ ဖြင့် လုပ်ငန်းလေးခုတို့တွင် ကျပ်သန်းပေါင်း ၃၇၄၅ ဒသမ ၁၀ သုံးစွဲဆောင်ရွက်ခဲ့သည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၃၄၆ ဒသမ ၇၃ ဖြင့် ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်း ငါးခု ဆောင်ရွက်ခဲ့ရာ ယင်းလုပ်ငန်းအားလုံးအတွက် စုစုပေါင်း ကျပ်သန်းပေါင်း ၄၀၉၁ ဒသမ ၈၃ သန်း သုံးစွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မူဆယ်တွင် အသင့်ပြင်ထားသော လက်လုပ်မိုင်းနှစ်လုံးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**လားရှိုး မတ် ၃၁**

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် မူဆယ်မြို့တွင် လှည့်ကင်းတာဝန်ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ဝင်များသည် မတ် ၃၀ ရက် ည ၁၁ နာရီခန့်က မူဆယ်မြို့ ကောင်းမူတုံရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ပန်လုံ (၄)လမ်းဆုံတွင် ဖောက်ခွဲရန် အသင့်ပြုလုပ်ထားပြီး မိုင်းနှစ်လုံး၊ ပစ္စတိုသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ မသင်္ကာဖွယ်ရာ လူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူဆယ်မြို့မရဲစခန်းမှ လှည့်ကင်းတာဝန်ကို ထမ်းဆောင်နေသော ရဲအုပ်စိုင်းရှုအောင် ဦးစီးအဖွဲ့နှင့် ရဲအရာခံ ဘိုဘိုဟန်ဦးစီးအဖွဲ့တို့သည် ယင်းနေ့က ဆုံရပ်ဖြစ်သော ပန်လုံ (၄)လမ်းထိပ်သို့ ယာဉ်တင်လှည့်ကင်းဖြင့် ရောက်ရှိစဉ် မသင်္ကာဖွယ်ရာ လူတစ်ဦးကို အမှောင်ရိပ်တွင် တွေ့ခဲ့ကြောင်း၊ စစ်ဆေးရန် ရပ်တန့်စေရာ ၎င်းမှာ ထွက်ပြေးခဲ့သဖြင့် လိုက်လံဖမ်းဆီးရာ ပန်လုံ (၃)လမ်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းမှာသန်းအောင် (၄၈) နှစ် အမှတ်(၃၂) ပန်လုံ(၄) လမ်း ကောင်းမူတုံရပ်ကွက် မူဆယ်မြို့တွင် နေထိုင်သူဖြစ်ကြောင်း၊ ၎င်းကိုင်ဆောင်ထားသော Meng Lan စာတန်းနှင့် တရုတ်စာတန်းပါ ခဲရောင်လက်ကိုင်အိတ်အတွင်းမှ CZECH REPUBLIC စာတန်းပါ A-01311 နံပါတ်ပါ 9mm ပစ္စတိုတစ်လက်၊ ကျည် ၁၅ တောင့်ပါ ကျည်အိမ် တစ်ခု၊ ယမ်းမှုန့်များထည့်ထားသော ကော်ချပ်ပြားနှစ်ခု၊ အရှည် ၂ ဒသမ ၅ လက်မခန့် ဒီတိုနီတာ နှစ်ခု၊ နှစ်လက်မခန့်ရှိ ဖြူ နီ ဝါယာကြိုးတပ်လျက် အမည်းရောင် ဘက်ထရီကတ် နှစ်ခု၊ ခြောက်လက်မခန့်ရှိ ဖြူ နီ ဝါယာကြိုးတပ်လျက် YK 3000 စာတန်းပါ အဖြူရောင် ရီမုတ်တစ်ခုတို့အား သိမ်းဆည်းရမိကြောင်း သိရသည်။

“နောက်ကွယ်မှာ သောင်းကျန်းသူအဖွဲ့အစည်းတွေ ရှိနေနိုင်ပါတယ်။ ဖော်ထုတ်ဖို့ ကြိုးစားသွားပါမယ်။ ပတ်ဝန်းကျင်မှာ မသင်္ကာဖွယ်ရာ လူ၊ ဆိုင်ကယ်၊ ကားအစရှိတာတွေကိုတွေ့ရင် ဖုန်း-၀၈၂-၃၀၃၀၀ကို ချက်ချင်း အကြောင်းကြားပေးဖို့ ပြည်သူလူထုကို မေတ္တာရပ်ခံပါတယ်”ဟု ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးက ပြောသည်။ ဖောက်ခွဲရေးပစ္စည်းများဖြင့် ဖမ်းဆီးရမိခဲ့သူ သန်းအောင်အား မူဆယ်မြို့မရဲစခန်း၌ (ပ)၁၃၂/၁၆၊ ရှမ်းလက်နက်ဥပဒေ၁၂(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဇာဏီအောင်)**

## မြို့နယ်ပြည်သူများအား အခမဲ့ကျန်းမာရေးဆေးကုသ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ ပြည်သူများအား မျက်စိ၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်၊ ကလေးငယ်များနှင့် အထွေထွေခွဲစိတ်ကုသမှုများကို ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အခမဲ့ဆေးကုသပေးခြင်းကို မတ် ၃၀ ရက် နံနက်က သင်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်- ၅၀၀) ပြည်သူ့အကျိုးပြုနယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်သန်း ဦးဆောင်သည့် ဆေးဘက်ဆိုင်ရာပါရဂူများ၊ ဆေးမှူး (အရာရှိ) များပါဝင်သည့် ၂၆ ဦးပါ ဆေးကုသရေးအဖွဲ့မှ မြို့နယ်အတွင်းရှိ ဝေဒနာရှင်များကို လာရောက်ကုသပေးခြင်းဖြစ်သည်။

ဆေးကုသရာတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုကူညီရေးအသင်း (သင်္ဃန်းကျွန်း) တို့က ပံ့ပိုးကူညီစောင့်ရှောက်ပေးကြသည်။ **(အောင်သူရ)**



## MNL အမှတ်ပေးပြိုင်ပွဲ ဧပြီ ၂ ရက် ပြန်လည်ကျင်းပမည်

**ရန်ကုန် မတ် ၃၁**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁)ကို ဧပြီ ၂ ရက်မှ ၄ ရက်အထိ ပြန်လည်ကျင်းပသွားမည်ဖြစ်ပြီး MNL စတင်ကတည်းက အစဉ်အလာပြိုင်ဘက်များဖြစ်ခဲ့သည့် ရတနာပုံနှင့် ရန်ကုန်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။ MNL ပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကြောင့် နှစ်ပတ်ကျော်ကြာ ရပ်နားထားခြင်းဖြစ်သည်။

ပွဲစဉ် (၁၁) ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်အဖြစ် ဧပြီ ၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်း၊ ဧပြီ ၃ ရက်တွင် အောင်ဆန်းကွင်း၌ ရခိုင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Horizon အသင်းနှင့် Sothern အသင်း၊ ဧပြီ ၄ ရက်တွင် အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များမှာ ဧပြီ ၄ ရက်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း ပွဲစဉ် ၁၀ မှ ရွှေ့ဆိုင်းထားသည့် ရန်ကုန်-ဇွဲကပင်ပွဲကို ဧပြီ ၇ ရက်၌ ကျင်းပမည်ဖြစ်ပြီး ယင်းပွဲပြီးမှသာ ပထမအကျော့ပွဲစဉ်အားလုံး ပြီးဆုံးမည်ဖြစ်သည်။



ပွဲစဉ် ၁၀ အပြီးတွင် ရတနာပုံအသင်းက ၂၆ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၂၁ မှတ်၊ ဧရာဝတီအသင်းက ၁၇ မှတ်၊ ရန်ကုန်အသင်းက ၁၆ မှတ်၊ ဇွဲကပင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့က ၁၄ မှတ်စီ၊ မကွေးအသင်းက ၁၃ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရခိုင်အသင်းက ၁၀ မှတ်၊ Horizon အသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ်တို့ ရရှိထားသည်။ ရန်ကုန်နှင့် ဇွဲကပင်အသင်းတို့မှာ ကိုးပွဲစီသာ ကစားရသေးပြီး ကျန်အသင်းများမှာ ၁၀ ပွဲစီ ကစားပြီးဖြစ်သည်။

ယခုတစ်ပတ်တွင် စိတ်ဝင်စားစရာအကောင်းဆုံးပွဲမှာ ရတနာပုံ-ရန်ကုန်တို့တွေ့ဆုံမှုဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းဖြစ်လာနိုင်ပေသည်။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသစ် လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂၈-၃-၂၀၁၆) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ထုတ်ဝေခြင်းလုပ်ငန်းအတွက် ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ (၄)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၅)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၂)ဦး၊ အထွေထွေထုတ်ဝေခွင့် (၅)ဦး၊ ပေါင်းလုပ်ငန်းအသစ် (၁၂) ဦးနှင့် သတင်းအေဂျင်စီအသစ်လျှောက်ထားသူ (၂)ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ စိစစ်ဆဲမဂ္ဂဇင်းလျှောက်ထားသူ (၁)ဦးက ပြန်လည်ရုပ်သိမ်းခွင့် လျှောက်ထားခြင်းအား မှတ်တမ်းတင်ထားရှိခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၁၀၄၃) ဦးနှင့် အသစ်လျှောက်ထားသူ (၂၈၄) ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၉၂) ဦးနှင့် အသစ်လျှောက်ထားသူ (၇၆၅) ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ (၃၀) ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် (၃၁၁၄) စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ (၁)ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ (၁)ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် အခမဲ့ကျောက်ကပ်ရောဂါစစ်ဆေးပေးမည်

**မန္တလေး မတ် ၃၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)နှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကျောက်ကပ်ရောဂါ အထူးကုဌာနတို့ပူးပေါင်း၍ ကမ္ဘာ့ကျောက်ကပ်နေ့ (World KidneyDay)အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၁)လမ်း၊ (၇၀)လမ်းနှင့် (၇၁)လမ်းကြား ရန်မျိုးလုံရပ်ကွက်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ပိတောက်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ကျောက်ကပ်နေ့ အခမ်းအနားတွင် လူ့ခန္ဓာကိုယ်တွင် အရေးကြီးအင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သော ကျောက်ကပ်၏ ကျန်းမာရေးနှင့် ရောဂါဖြစ်ပွားမှုမှကာကွယ်ရန် ကျောက်ကပ်အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးပညာပေးဟောပြောကြမည်ဖြစ်ပြီး ကျောက်ကပ်ရောဂါ ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**လားရှိုး မတ် ၃၁**

လားရှိုးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို မတ် ၂၉ ရက်က လားရှိုးမြို့ ရပ်ကွက် (၁၂)ရှိ ပြည်ထောင်စုအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

သင်တန်းတွင် အခြေခံအားကစားသင်တန်း (၇) မျိုးကို သင်ကြားပေးခဲ့ပြီး သင်တန်းကို မတ် ၈ ရက်က စတင်ခဲ့ကြောင်း၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကရာတေး၊ အေရိုးဗစ်၊ ခြင်းလုံး၊ ကာယဗလနှင့် ကာယအလှသင်တန်းတို့ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ၃၅၀ ထက်မနည်းရှိခဲ့ကြောင်း လားရှိုးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သင်တန်းဆင်းပွဲအခမ်းအနား၌ လားရှိုးမြို့ပေါ်ရှိ ကာယဗလနှင့် ကာယအလှလေ့ကျင့်ရေးအသင်းများမှ ပြိုင်ပွဲဝင် မောင်မယ်များက နောက်ဆုံးအဆင့်ယှဉ်ပြိုင်ခြင်း၊ အားကစားအလိုက် သရုပ်ဖော်ပြသခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မောင်မယ်များအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

၎င်းသင်တန်းဖြစ်မြောက်ရေးအတွက် MTEC (ရန်ကုန်) နိုင်ငံတကာပညာရေးဝန်ဆောင်မှုက အဓိကပံ့ပိုးထားပြီး Paragon International(Lashio) က တွဲဖက်ပံ့ပိုးကာ အောင်မြန်မာကာယဗလနှင့် အလှလေ့ကျင့်ရေးအသင်း၊ ရတနာမိုး ပိုက်ကျော်ခြင်းကလပ်၊ ပေါက်ပေါက်စက်ရိုက်ဖြန့်အုတ်လုပ်ငန်း၊ သီတာအေးဓာတ်ပုံတိုက်နှင့် အောင် မွေးမြူရေးအစာဆိုင်၊ One-Day Beauty Saloon တို့ကလည်း ပူးပေါင်းပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**



# တရုတ်မှာဆုတွေသိမ်းပိုက်နိုင်ခဲ့တဲ့ 2 PM နဲ့ Wonder Girls

တောင်ကိုရီးယားရဲ့နာမည်ကျော်တေးဂီတအဖွဲ့တွေဖြစ်ကြတဲ့ "2PM "နဲ့ "Wonder Girls "တို့ဟာ တရုတ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ဂီတဆုပေးပွဲတစ်ခုဖြစ်တဲ့ "The 2rd KU Asian Music Award "မှာ ဆုတွေအသီးသီး သိမ်းပိုက်နိုင်ခဲ့ကြောင်း အမ်ဝေ့ဖ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။





ပြီးခဲ့တဲ့ မတ် ၂၉ရက်က တရုတ်နိုင်ငံ ဂွမ်ဂျူးမြို့မှာ ကျင်းပခဲ့တဲ့ အာရှဂီတဆုပေးပွဲမှာ "2PM" က အာရှရဲ့အကျော်ကြားဆုံးသော တေးဂီတအဖွဲ့ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်တဲ့ " Wonder Girls" ကတော့ အာရှရဲ့အကောင်းဆုံးဖျော်ဖြေတင်ဆက်မှုဆုအတွက် ရွေးချယ်ခံခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။

ဆုလက်ခံရယူအပြီး အမှတ်တရစကားပြောကြားရာမှာ 2PM မှ အဖွဲ့ဝင် နစ်ချ်ခန်က "အချို့သော အစီအစဉ်တွေရှိနေတာကြောင့် ဒီဆုပေးပွဲကို ကျွန်တော်တို့အဖွဲ့ဝင်တွေ စုံစုံလင်လင် မတက်ရောက်နိုင်တဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့ အကောင်းဆုံးကြိုးစားတင်ဆက်သွားပါ့မယ်။ ဒီလိုဂုဏ်ပြုဆုကို လက်ခံရရှိခဲ့တဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ ကျွန်တော်တို့ရဲ့ ပရိသတ်တွေကို ဒီထက်ပိုမိုကောင်းမွန်တဲ့ အနုပညာဖန်တီးမှုတွေနဲ့ ပြန်လည်ပေးဆပ်သွားပါ့မယ်"လို့ ပြောကြားခဲ့ပါတယ်။

"Wonder Girls" တေးဂီတအဖွဲ့ကလည်း သူတို့ကို အားပေးတဲ့ တရုတ်နိုင်ငံက ပရိသတ်တွေနဲ့ ဆုပေးအပ်တဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး အဖွဲ့ရဲ့ အအောင်မြင်ဆုံးသော တေးသီချင်းတွေဖြစ်ကြတဲ့ " I Feel You"နဲ့ "Nobody"တေးသီချင်းများနဲ့ ဖျော်ဖြေခဲ့ကြောင်း သိရပါတယ်။ အဆိုပါဆုပေးပွဲအခမ်းအနားကို တရုတ်ရုပ်သံမီဒီယာတွေက တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီး ဆုရရှိကြတဲ့ တောင်ကိုရီးယားအနုပညာရှင်တွေနဲ့ တရုတ်နိုင်ငံရဲ့နာမည်ကျော်အနုပညာရှင်တွေတက်ရောက်ခဲ့ကြပါတယ်။

# ကလေးဆေးရုံသို့ သွားရောက်ဖျော်ဖြေခဲ့တဲ့ ဒေမီလက်ဗားတိုးနဲ့ နစ်ခ်ဂျိုးနက်စ်

အမေရိကန်ပေါ့ပ်အဆိုတော် ဒေမီလက်ဗားတိုးနဲ့ နစ်ခ်ဂျိုးနက်စ်တို့ဟာ သူတို့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ "Future Now" ကို လာမယ့်ဇွန်လအတွင်း စတင်သွားဖို့ စီစဉ်ထားခဲ့ကြပြီး ယင်းနယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်တွေ မစတင်မီမှာ သူတို့ရဲ့လူငယ်ပရိသတ်တွေကို ဖျော်ဖြေတဲ့အနေနဲ့ ကလေးဆေးရုံတစ်ရုံကို သွားရောက်ဖျော်ဖြေခဲ့တယ်လို့ အမ်တီဗွီနယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယခုလအစပိုင်းမှာ အသက် (၂၃)နှစ်အရွယ် နစ်ခ်ဂျိုးနက်စ်ဟာ လော့စ်အန်ဂျယ်လိစ်က ကလေးဆေးရုံကို အဆိုတော် ဒေမီလက်ဗားတိုးနဲ့အတူ ရုတ်တရက်သွားရောက်ကာ ကလေးတွေကို တေးသီချင်းတွေနဲ့ ဖျော်ဖြေခဲ့ကြပြီး ယင်းဖျော်ဖြေမှုကို ရိုက်ကူးထားတဲ့ ဗီဒီယိုတွေကို ပြီးခဲ့တဲ့ အင်္ဂါနေ့က အွန်လိုင်း မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ခဲ့ပါတယ်။



ယင်းကလေးဆေးရုံမှ ကလေးအထူးကုဆရာဝန် လစ်ဆာစိုက်စ်က "ဒီဆေးရုံမှာ ဆေးကုသမှုခံယူနေရတဲ့ ကလေးတွေဟာ ဆေးရုံမှာ အချိန်အကြာကြီးနေလာခဲ့ရတော့ သူတို့ဟာ အပြင်လောကက သာမန်ကိစ္စရပ်တွေနဲ့ အလှမ်းဝေးနေသလို ခံစားနေရတယ်။ ဒီလိုဖျော်ဖြေပေးတော့ သူတို့အတွက် အထူးရည်ရွယ်ပြုလုပ်ပေးတဲ့ ဂီတဖျော်ဖြေပွဲတစ်ခုကို သူတို့ ခံစားခွင့်ရသွားပါတယ်။ ဒီလိုဖျော်ဖြေပေးတာဟာ ကလေးတွေအတွက် ထူးခြားတဲ့ ခံစားမှုကို ရရှိစေပါတယ်"လို့ ယခုလိုပြည်သူချစ်တဲ့အနုပညာရှင်တွေအနေနဲ့ နာမကျန်းတဲ့ ကလေးငယ်တွေကို လာရောက်ဖျော်ဖြေပေးတာနဲ့ ပတ်သက်ပြီး သူ့ရဲ့အမြင်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယခုလိုဖျော်ဖြေရာမှာ နစ်ခ်ဂျိုးနက်စ်က ဂစ်တာတီးပေးကာ ဒေမီလက်ဗားတိုးက သူ့ရဲ့နာမည်ကျော်တေးသီချင်း "Confident" နဲ့ ဖျော်ဖြေခဲ့ပြီး နစ်ခ်ကလည်း သူ့ရဲ့တေးသီချင်း "Jealous"ကို သီဆိုဖျော်ဖြေပေးခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့် - ရေးသားသည်

# မှုခင်းအက်ရှင် ဇာတ်ကား London Has Fallen




၂၀၁၃ ခုနှစ်က ရုံတင်ပြသခဲ့သည့် Olympus Has Fallen ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားတစ်ကားဖြစ်ပြီး နိုင်ငံတော်အကြီးအကဲများကို လုပ်ကြံမှုကျူးလွန်မည့်အဖွဲ့ကို အကွက်ကျကျ ကြိုတင်ထောက်လှမ်းပြီး ကာကွယ်ခဲ့ပုံကို ပုံဖော်ခြယ်မှုန်းရိုက်ကူးထားသည့် London Has Fallen (2D)မှုခင်းအက်ရှင်ဇာတ်ကားကို ယခုလဆန်းပိုင်းက ဟောလိဝုဒ်တွင် မိတ်ဆက်ပြသခဲ့ပြီး မေ ၁ ရက်တွင်မြန်မာနိုင်ငံရှိ မင်္ဂလာ(၂)၊ နေပြည်တော် Cineplex 1 2 3၊ မင်္ဂလာစံပြ Cineplex 1 2 3၊ မင်္ဂလာဒိုင်းမွန်း Cineplex 1 2 3နှင့် မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံများတွင်ရုံတင်ပြသသွားမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် အင်္ဂလန်ဝန်ကြီးချုပ်သည် သံသယဖြစ်ဖွယ် အချက်များဖြင့် မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့ရပြီး ဝန်ကြီးချုပ်၏စျာပနကို ကမ္ဘာ့အရပ်ရပ်မှ နိုင်ငံ့ခေါင်းဆောင်များ စုရုံးတက်ရောက်ဂါရဝပြုရန် စီစဉ်ထားသည်။ တက်ရောက်လာကြမည့် နိုင်ငံ့ခေါင်းဆောင်များအတွက် လုံခြုံရေးတင်းကျပ်ထားသော်လည်း ၎င်းတို့၏လုံခြုံရေးအတွက်မူ အထူးစိုးရိမ်နေကြရသည်။

စျာပနအခမ်းအနားတွင် နိုင်ငံ့ခေါင်းဆောင်များ ထပ်မံလုပ်ကြံခံရပါက ကမ္ဘာကြီး၏ အနာဂတ်သည် မတွေးဝံ့စရာ အကြမ်းဖက်ဖြစ်ရပ်များနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။ ထိုသို့ ကြံစည်မှုကို အမေရိကန်သမ္မတကြီး အပါအဝင် သူ၏လျှို့ဝှက်ထောက်လှမ်းရေးအကြီးအကဲနှင့် အင်္ဂလန်ထောက်လှမ်းရေး အဖွဲ့ MI-6 ၏ အတော်ဆုံးထိပ်တန်းထောက်လှမ်းရေးသမားတို့ အတူပူးပေါင်းကာ ကြိုတင်ကာကွယ်တားဆီးကြပုံကို ရိုက်ကူးတင်ပြထားသည့် မှုခင်းအက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁ - ၄ - ၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၃၀ ပြည်သူ့နီတိ
"နှင်းယှဉ်၍ မရသော"
၆း၅၀ ခါသကြိန်အဆိုအကများ
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်သော ပုစ္ဆာ"
(အပိုင်း-၁၄)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"အချစ်စစ်ရဲ့ အလှတရား"
(အပိုင်း-၁၄)
၈း၃၀ ကာတွန်းအစီအစဉ်
"BEN 10 ALIEN FORCE"
(အပိုင်း-၂၄)
၉း၀၀ တေးဂီတအစီအစဉ်
၉း၁၀ ထူးခြားဖွယ်ရာ
အင်ဒိုနီးရှားခရီးစဉ်
၉း၅၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်
တေးများ
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း
"ဂုဏ်သိက္ခာမိုးတိမ်အောက်က
နှလုံးသားလွင်ပြင်"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၅ ခါသကြိန်အဆိုအကများ
၁၀း၃၅ မြန်မာရုပ်မြင်သံကြား
လူငယ်အစီအစဉ်
၁၁း၁၅ Weekly Sport Info
၁၁း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မြင့်မိုရ်မေမေ"
(အပိုင်း-၂၄)
၂း၁၅ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း-၁)
၂း၄၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
(စောလဒိုးနှင့် ထက်အောင်ဦး)
၄း၁၅ "ကျေးဇူးတင်ပါတယ်မိန္ဒယ်"
၄း၃၅ Football Magazine
(ရတနာပုံယူနိုက်တက်အသင်း)
၅း၁၅ Catch Asia News
၅း၃၅ Hyper Sport
၆း၃၅ The Farmer
၈း၀၀ ပြည်တွင်းသတင်း၊
နိုင်ငံတကာသတင်း၊
မိုးလေဝသအခြေအနေ
၈း၃၅ "သင်္ကြန်ကာလအတွင်း မူးယစ်
အန္တရာယ်၊ ယာဉ်အန္တရာယ်၊
လမ်းအန္တရာယ်နှင့်
မှုခင်းကျဆင်းရေး
ဆောင်ရွက်ထားမှု
ဆွေးနွေးမေးမြန်းချက်"
၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မြင့်မိုရ်မေမေ" (အပိုင်း-၂၅)
-ချစ်သော၍ကမ္ဘာမြေ
-သမိုင်းကို ဖော်ပြသောဝါကျများ
(ရွာစားကြီးဦးစိန်ဘမော်နှင့်
တွေ့ဆုံခြင်း)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+
အာဋာနာဋိယသုတ်
၅း၄၀ "ပျော်ရွှင်မှုအကြောင်း"
တရားတော်
(ဆရာတော် ဒေါက်တာဓမ္မသာမိ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၁၉)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၆၆)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၂၀ Food & De'cor
၁၁း၄၅ MRTV-4 Stage
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ဓဝင်ကုန်သည်" (အပိုင်း-၄၆)
၂း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွှာ"
(အပိုင်း-၅၂)
၃း၄၀ သင်္ကြန်တေးသီချင်းများ
၃း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(The MANHATTAN Fish
Market New Menu Launch)
၄း၀၀ Cartoon Series
(Go Go Giggles)
၅း၄၅ ရန်ကုန်မြင်ကွင်းကျယ်
(ဂျပန်နိုင်ငံမှ Taiyo Co.,Ltd နှင့်
De-zion Co.,Ltd တို့၏
Skin Care Porduct များ
မိတ်ဆက်ခြင်းအခမ်းအနား)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၂၀)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွှာ"
(အပိုင်း-၅၃)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၆၇)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ဓဝင်ကုန်သည်"
(အပိုင်း-၄၇)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၀၅ MRTV-4 Stage
၁၀း၃၅ World of Knowledge
(Ancient X Files :
The Great Flood)

မန်ယူအသင်းနှင့် အင်္ဂလန်အသင်းတို့၏ နောက်တန်းကစားသမားဟောင်း ဂယ်ရီနဗီးလ်သည် စပိန်ကလပ် ဗလင်စီယာအသင်းနည်းပြအဖြစ် လေးလနီးပါးတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် လက်ရှိတွင် နည်းပြအဖြစ်မှ ထုတ်ပယ်ခံလိုက်ရပြီဖြစ်သည်။

အင်္ဂလန်နည်းပြ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အသက်(၄၁)နှစ်အရွယ် ဂယ်ရီနဗီးလ်သည် ဒီဇင်ဘာလအတွင်းက ဗလင်စီယာအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့ပြီး ယင်းမှာ ဂယ်ရီနဗီးလ်အတွက် ပထမဆုံးနည်းပြတာဝန်ထမ်းဆောင်ခြင်းလည်းဖြစ်သည်။

ကလပ် ဗလင်စီယာအသင်းတွင် ဆက်ရှိနေမည်ဖြစ်သည်။ ဂယ်ရီနဗီးလ်သည် ဖေဖော်ဝါရီလအတွင်းက ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဘာစီလိုနာအသင်းအား ခုနစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်ပေးရန်ခေါ်ယူမှုကို ပထမဆုံးအကြိမ်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဂယ်ရီနဗီးလ်၏ ဗလင်စီယာအသင်းအား နောက်ဆုံးကိုင်တွယ်ခဲ့သည့် ပွဲစဉ်မှာ ဆယ်လ်တာဗီဂိုအသင်းအား အိမ်ကွင်း၌ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်ဖြစ်သည်။ ဂယ်ရီနဗီးလ်သည် အင်္ဂလန်အသင်းနှင့်အတူ ဂျာမနီ၊ နယ်သာလန်တို့နှင့်

ကလည်း ဘောလုံးရာသီကုန်တွင် ပယ်လီဂရီနီ နေရာတွင် လက်ရှိဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာနှင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂယ်ရီနဗီးလ်သည် မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၆၀၂ ပွဲနှင့် အင်္ဂလန်အသင်းနှင့်အတူ ပွဲပေါင်း ၈၅ ပွဲ ပါဝင်ကစားပေးခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။ ဂယ်ရီနဗီးလ်သည် မန်ယူကိုယ်စားပြု ကစားသမားဘဝနှင့် ဆုဖလား (၁၆) ကြိမ်နှင့် အင်္ဂလန် ကိုယ်စားပြု ကစားသမားဘဝနှင့်

# ဂယ်ရီနဗီးလ် အား ဗလင်စီယာအသင်း နည်းပြအဖြစ်မှ ထုတ်ပယ်

ငွေကြယ်

## လက်ကျန်ပွဲစဉ်များကို လီဗာပူးလက်ထောက်နည်းပြ ကိုင်တွယ်မည်



ဗလင်စီယာအသင်းသည် နည်းပြဂယ်ရီနဗီးလ်လက်ထက်တွင် ပွဲပေါင်း ၂၈ ပွဲကစားခဲ့ပြီး ၁၀ ပွဲအနိုင်ရရှိခဲ့သည်။ လာလီဂါပြိုင်ပွဲတွင်မူ ၁၆ ပွဲကစားအပြီးတွင် သုံးပွဲသာ အနိုင်ရရှိခဲ့သည်။ အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ဂယ်ရီနဗီးလ်က "ဗလင်စီယာအသင်းနည်းပြအဖြစ် ဆက်ရှိနေချင်ပါသေးတယ်။ ဒါပေမယ့် ထွက်ပေါ်လာတဲ့ရလဒ်ပိုင်းကြောင့်သာ နည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရတာဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

ဂယ်ရီနဗီးလ်၏ ညီဖြစ်သူ ဖီးလ်နဗီးလ်သည်လည်း ဗလင်စီယာအသင်းနည်းပြအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဖီးလ်နဗီးလ်မှာမူ လက်ရှိ

ကစားခဲ့သည့် ချစ်ကြည်ရေးပွဲစဉ်များတွင် နည်းပြအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

ဗလင်စီယာအသင်းသည် နည်းပြဂယ်ရီနဗီးလ်အား ထုတ်ပယ်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ၏ ကျန်ရှိသည့်ပွဲစဉ်များကို လီဗာပူးအသင်း၏ လက်ထောက်နည်းပြဖြစ်သူ ပါကိုအေစတာရန်က တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။ ပါကိုအေစတာရန်သည် လီဗာပူးအသင်း၏ လက်ထောက်နည်းပြအဖြစ် ဖေဖော်ဝါရီလအတွင်းက စတင်ခန့်အပ်ခံခဲ့ရသူဖြစ်သည်။

ဗလင်စီယာအသင်းသည် မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး မန်စီးတီးအသင်း

ဆုဖလား ငါးကြိမ်တို့ ဆွတ်ခူးပေးနိုင်ခဲ့သည်။

စပိန်ချန်ပီယံအဖြစ် ခြောက်ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့် ဗလင်စီယာအသင်းသည် လက်ရှိတွင် ကစားရန်ရှစ်ပွဲကျန်ရှိသေးသည့်အချိန်တွင် တန်းဆင်းဇုန်အထက် ခြောက်မှတ်အကွာ အမှတ်ပေးဇယား၏ အဆင့်(၁၄)နေရာတွင် ရပ်တည်လျက်ရှိသည်။ ဗလင်စီယာအသင်းသည် ဧပြီ ၂ ရက်တွင် လက်စ်ပဲလ်မက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရာသီမကုန်မီတွင် ဘာစီလိုနာအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းတို့အပါအဝင် ထိပ်တန်းအဆင့်ရှိအမှတ်ပေးဇယားထိပ်မှ အသင်းခြောက်သင်းအနက် လေးသင်းနှင့် ယှဉ်ပြိုင်ကစားရမည်လည်း ဖြစ်သည်။

# ဒယ်လီအယ်လီ ယခုထက်ဆယ်ဆလောက် ပိုကောင်းလာဦးမည်ဖြစ်ကြောင်း ဂျိမ်းစ်မီလ်နာ ဟောကိန်းထုတ်

မေ လဲ့ သင်း




စပါးကွင်းလယ်ဖန်တီးရှင် ဒယ်လီအယ်လီအနေဖြင့် အနာဂတ်တွင် ယခုထက်ဆယ်ဆလောက် ပိုမိုကောင်းမွန်လာလိမ့်ဦးမည်ဖြစ်ကြောင်း လီဗာပူးကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာက ဟောကိန်းထုတ် ပြောကြားလိုက်သည်။ အယ်လီသည် အသက်(၁၉)နှစ်အရွယ်သာရှိသေးသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် စပါးအတွက် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ရွိုင်းဟော့ဂ်ဆန်၏ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပုံမှန်ပွဲထွက် ကစားခွင့်ရရှိလာခဲ့သူဖြစ်သည်။

မီလ်နာက အယ်လီ၏ ခြေစွမ်းအပေါ် သဘောကျနှစ်ခြိုက်သော်လည်း အရွယ်နှင့်မမျှသည့် ဖိအားဒဏ်ခံရမည်ကိုမူ စိုးရိမ်မိကြောင်းသတိပေးခဲ့သည်။ အင်္ဂလန်မီဒီယာများသည် အင်္ဂလိပ်လူမျိုးကစားသမားတစ်ဦး ခြေစွမ်းပြလာနိုင်လျှင် လိုအပ်သည်ထက်ပိုမိုအမွှန်းတင်ရေးသားဖော်ပြလေ့ရှိရာ ဘက်ခမ်း၊ လမ်းပတ်၊ဂျာရတ်တို့ကဲ့သို့ ရင့်ကျက်သည့်အရွယ် ကစားသမားများပင်လျှင် ပြိုင်ပွဲကြီးများ၌ ပုံမှန်ခြေစွမ်းအောက်ရောက်ရှိသွားတတ်သည့် အစဉ်အလာ ရှိဖူးသောကြောင့် မီလ်နာက ယခုကဲ့သို့ သတိပေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော်က သူ့ရဲ့ခြေစွမ်းတိုးတက်လာမယ်ဆိုတာ သိပေမယ့် အရွယ်နှင့်မမျှတဲ့ ဖိအားဒဏ်ခံရမှာတော့ စိုးရိမ်ပါတယ်ဗျာ။သူက အခုထက် ဆယ်ဆလောက်ပိုမိုကောင်းလာဦးမှာဖြစ်ပေမယ့် ခြေစွမ်းထက်တက်စရာရှိနေတုန်းမှာ လိုအပ်တာထက်ပိုတဲ့ အလေးပေးဖော်ပြမှုမျိုးတော့မလုပ်စေချင်ပါဘူး။ ပိုချက်တီနိုလိုနည်းပြနဲ့ လက်တွဲခွင့်ရတာက သူ့အတွက် ကံကောင်းမှုဖြစ်ပါတယ်"ဟု မီလ်နာက အယ်လီနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။ လာမည့် ဧပြီ ၂ ရက်တွင် စပါးနှင့် လီဗာပူးတို့ ထိပ်တိုက်တွေ့ဆုံမည့်ပွဲစဉ် ပါဝင်နေရာ မီလ်နာနှင့် အယ်လီတို့နှစ်ဦး ပြိုင်ဘက်များအသွင်ဖြင့် ရင်ဆိုင်ရဦးမည်ဖြစ်သည်။

*စီးရီးအေ ပွဲစဉ် ၃၁ ကိုဧပြီလ ၂၊ ၃၊ ၄၊ ၅ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ လာဇီယိုနဲ့ရိုးမားတို့ ဆုံတွေ့တဲ့ရောမဒါဘီပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို အဆိုပါပွဲစဉ်မှာ ရိုးမားအနေနဲ့ နိုင်ပွဲရယူနိုင်မလားဆိုတာကို စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။*

# ရောမဒါဘီမှာ လာဇီယိုကို အနိုင်ယူမယ့်ရိုးမား

## စီး ရီး အေ ရင် ခုန် သံ - ၃၁

ရှိုင်းမင်းမင်း

**ကာပီ - ဆာစူအိုလို** — *ည ၁၀း၃၀ (၂-၄-၁၆)*

တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေတဲ့ ကာပီရဲ့အသင်းလိုက်ခြေစွမ်းပိုင်း အနည်းငယ်အားနည်းမှုရှိပေမယ့် နောက်ဆုံး ငါးပွဲဆက်ရှုံးပွဲမရှိအောင် ကစားထားနိုင်ခဲ့တယ်။ ဒါပေမယ့် ဆာစူအိုလိုကလည်းအဝေးကွင်းမှာခြေစွမ်းမာကျောမှုရှိသလို နောက်ဆုံးအဝေးကွင်းပွဲမှာ ဂျူဗင်တပ်ကိုတောင် အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တယ်။ ဆာစူအိုလိုရဲ့တိုက်စစ်က အဝေးကွင်းမှာ အနည်းငယ်အားနည်းပေမယ့် ကာပီအမြင့်ဆုံးသရေလောက်ပဲရမယ်။

**ဂျူဗင်တပ် - အမ်ပိုလီ** — *နံနက် ၁း၁၅ (၃-၄-၁၆)*

အမ်ပိုလီဟာ နောက်ဆုံးငါးပွဲဆက်တိုက်အနိုင်မရခဲ့ပါဘူး။ တိုက်စစ်ကလည်း ဂိုးသွင်းခြေပျောက်ဆုံးနေတယ်။ ဂျူဗင်တပ်ကတော့ စီးရီးအေအိမ်ကွင်းပွဲ ၁၁ ပွဲဆက်တိုက်အနိုင်ရထားပြီး ခံစစ်ကလည်း နောက်ဆုံးခြောက်ပွဲဆက် ဂိုးပေးရခြင်းမရှိတဲ့အထိ မာကျောမှုရှိနေတယ်။ မိုရာတာ၊ ပေါ့ဂ်ဘာတို့ဦးဆောင်တဲ့တိုက်စစ်ကလည်း ဂိုးသွင်းခြေမဆိုးဘူး။ ဂျူဗင်တပ်ပဲအနိုင်ရမယ်။

**အူဒီးနီးစ် - နာပိုလီ** — *ည ၅း၀၀ (၃-၄-၁၆)*

နာပိုလီဟာ ဂျူဗင်တပ်ကိုဆက်လက်ဖိအားပေးနိုင်ဖို့အတွက် အားစိုက်ကစားလာမှာပါ။ နာပိုလီဟာ အဝေးကွင်းပွဲတွေမှာ တိုက်စစ်ကဂိုးသွင်းခြေမတည်ငြိမ်ပေမယ့်လည်း အသင်းလိုက်ကစားပုံကတော့ ကောင်းမွန်မှုရှိတတ်ပါတယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းပွဲတွေမှာတောင် ရုန်းကန်နေရပြီး အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရတဲ့ပွဲတွေမှာလည်း တိုက်စစ်နဲ့ခံစစ်က အားနည်းတတ်တယ်။ နာပိုလီအနိုင်ပါ။

**ဂျီနိုအာ - ဖရိုစီနိုနီ** — *ည ၇း၃၀ (၃-၄-၁၆)*

အမှတ်ပေးဇယားအလယ်အလတ်အဆင့်မှာသာ ရပ်တည်နေရပေမယ့် ဂျီနိုအာဟာ နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ ရုန်းအားကောင်းမွန်မှုရှိပြီး တိုက်စစ်နဲ့ ခံစစ်ကစားပုံလည်းမဆိုးဘူး။ ဖရိုစီနိုနီတို့ တန်းမဆင်းရရေးအတွက် အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း ဂျီနိုအာကသာ အနိုင်ရသွားမှာပါ။

**အတ္တလန္တာ - အေစီမီလန်** — *ည ၇း၃၀ (၃-၄-၁၆)*

အတ္တလန္တာဟာနောက်ဆုံးအိမ်ကွင်းပွဲမှာနိုင်ပွဲပြန်လည်ရရှိထားသလို ဖီအိုရင်တီးနား၊ အင်တာမီလန်၊ ဂျူဗင်တပ်တို့လို အသင်းတွေကိုလည်း အိမ်ကွင်းမှာအကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တာမို့ အေစီမီလန်အတွက် ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာမှာပါ။ အေစီမီလန်ကနောက်ပိုင်းကစားခဲ့တဲ့ အဝေးကွင်းပွဲတွေမှာ အသင်းလိုက်ကစားပုံမဆိုးပေမယ့် တိုက်စစ်ကတော့ နောက်ဆုံးနှစ်ပွဲဆက် ဂိုးသွင်းယူနိုင်မှုမရှိခဲ့ဘူး။ အတ္တလန္တာ အိမ်ကွင်းမှာကပ်နိုင်သွားနိုင်မယ်။

**ချီယေဗို - ပါလာမို** — *ည ၇း၃၀ (၃-၄-၁၆)*

ချီယေဗိုဟာ ဥရောပဝင်ခွင့်ရရှိဖို့ခက်ခဲနေပေမယ့်လည်း ပထမအကျော့ပွဲမှာရှုံးပွဲကြုံခဲ့ရမှုကိုပြန်လည်ချေပနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို လက်ရှိခြေစွမ်းပိုင်းကလည်း မဆိုးဘူး။ အိမ်ကွင်းပွဲလည်းဖြစ်တာကြောင့် ချီယေဗိုတို့ ခြေကုန်ထုတ်ကစားလာမှာပါ။ ဒါပေမယ့် ပါလာမိုကလည်း နောက်ပိုင်းကစားခဲ့တဲ့ပွဲတွေမှာ တန်းမဆင်းရဖို့အားစိုက်ကစားခဲ့သလို ဒီပွဲမှာလည်း အမှတ်ရယူနိုင်ရေး ခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ ချီယေဗိုတို့ခြေကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေပေမယ့် ဒီပွဲမှာတော့ ကပ်ပီးသာအနိုင်ရနိုင်ပါတယ်။

**လာဇီယို - ရိုးမား** — *ည ၇း၃၀ (၃-၄-၁၆)*

လာဇီယိုကအိမ်ကွင်းပွဲတွေမှာကစားပုံမဆိုးပေမယ့်လည်း ခံစစ်ကတော့အနည်းငယ်အားနည်းမှုရှိတယ်။ ဒါ့အပြင် လာဇီယိုရဲ့ တိုက်စစ်ကစားသမားတွေကလည်း အိမ်ကွင်းပွဲတွေမှာ ပုံမှန်ဂိုးသွင်းခြေရဖို့ ရုန်းကန်နေရတာမို့ ရိုးမားအသင်း ခံစစ်ကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့ ခက်တယ်။ ရိုးမားကသာ ကပ်နိုင်သွားနိုင်တယ်။

**ဖီအိုရင်တီးနား - ဆမ့်ဒိုးရီးယား** — *ည ၇း၃၀ (၃-၄-၁၆)*

ဖီအိုရင်တီးနားဟာ ဥရောပပြိုင်ပွဲဝင်ခွင့်ရရေးအတွက် အိမ်ကွင်းမှာနိုင်ပွဲရဖို့အားစိုက်လာမှာပါ။ ဒါ့အပြင်ဖီအိုရင်တီးနားဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာဇယားအောက်ဆုံးက ဗီရိုနာကိုသရေသာကစားနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းကောင်းမွန်မှုရှိပြီး ဆမ့်ဒိုးရီးယားက နောက်ဆုံးအဝေးကွင်းနှစ်ပွဲမှာရှုံးပွဲမရှိခဲ့ပေမယ့် အဝေးကွင်းခြေသာမန်သာရှိတယ်။ ဖီအိုရင်တီးနားတို့ အနည်းငယ်အခက်တွေ့နိုင်ပေမယ့်လည်း အိမ်ကွင်းမှာအနိုင်ရသွားမှာပါ။

**အင်တာ - တိုရီနို** — *နံနက် ၁း၁၅ (၄-၄-၁၆)*

အင်တာမီလန်ဟာ ဥရောပပြိုင်ပွဲဝင်ခွင့်ရရှိရေးမျှော်လင့်ချက်အတွက် အမှတ်ဆုံးရှုံးလို့မရတော့တာကြောင့်အခုအိမ်ကွင်းမှာနိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်သလိုလက်ရှိခြေစွမ်းကောင်းမွန်ပြီးအိမ်ကွင်းမှာလည်း နိုင်ပွဲဆက်နေတယ်။ တိုရီနိုကတော့ အဝေးကွင်းမှာ ခြေစွမ်းသာမန်သာရှိပြီး တိုက်စစ်နဲ့ ခံစစ်ကလည်း တည်ငြိမ်မှုအားနည်းတယ်။ အင်တာမီလန်ကသာ အိမ်ကွင်းမှာဖိအားပေးကစားသွားနိုင်မှာသေချာပြီး နိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

**ဘိုလော့နာ - ဗီရိုနာ** — *နံနက် ၁း၁၅ (၅-၄-၁၆)*

ဘိုလော့နာက နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေပွဲတွေမှာ ရှုံးပွဲတွေ ကြုံတွေ့ခဲ့ရကာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက်အနိုင်မရခဲ့ဘူးဆိုပေမယ့် အိမ်ကွင်းမှာ ဖီအိုရင်တီးနား၊ ဂျူဗင်တပ်တို့ကိုတောင် သရေကစားနိုင်ခဲ့တယ်။ တန်းမဆင်းရဖို့အားစိုက်ကစားနေတဲ့ ဗီရိုနာကလည်း အဝေးကွင်းပွဲတွေအတွင်းရုန်းအားကောင်းမွန်တတ်တာကြောင့် ဘိုလော့နာတို့အနည်းငယ်အခက်တွေ့နိုင်ပါတယ်။ ဘိုလော့နာကပ်ပြီးသာ နိုင်ခြေရှိတယ်။

# အာရှလမ်းမကြီး တစ်မိုင်ကုန်းအနီး ကားတစ်စီးမီးလောင်

**ကော့ကရိတ် မတ် ၃၁**

အာရှလမ်းမကြီး တစ်မိုင်ကုန်းအနီးတွင် မတ် ၃၀ ရက် ညနေ ၃ နာရီ ၂၅ မိနစ်ခန့်က ယာဉ်တစ်စီးမီးလောင်နေကြောင်း သတင်းအရ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးခင်မောင်အေးနှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၇၁)ယာဉ်ထိန်းရဲစုရုံးမှ ရဲအုပ်ဇော်လတ်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်ပါ တပ်ဖွဲ့ဝင်များ၊ ရေသယ်ယာဉ် နှစ်စီး၊ လူမှုကယ်ဆယ်ရေးအဖွဲ့မှ ဦးလှရွှေနှင့် အဖွဲ့က ယာဉ်နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြသည်။

၉ဂ/. . . . . ဟွန်ဒါဖစ်အနက်ရောင်ယာဉ်သည် မြဝတီမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ မောင်းနှင်လာစဉ် အာရှလမ်းမကြီး တစ်မိုင်ကုန်းအနီး ကီလိုမီတာ (၁၃၈/၁၃၉)ကြားအရောက်တွင် ကားမှာဝါယာရှော့ခ်ဖြစ်ရာမှ မီးလောင်ကျွမ်းခဲ့ကြောင်းသိရပြီး ညနေ ၃နာရီခွဲခန့်တွင် မီးငြိမ်းသွားပြီး ငါးမိနစ်အကြာတွင် ယာဉ်လမ်းကြောင်းရှင်းလင်းသွားကြောင်း သိရသည်။

ယာဉ်မီးလောင်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းအား (အမည်၊ လိပ်စာ စုံစမ်းဆဲ) ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**



# ကျောက်လှည့်ဖြင့်ထိုးရာမှ သေဆုံးမှုဖြစ်

**မန္တလေး မတ် ၃၁**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာနေ ကျော်မင်းနွယ် (၃၉)နှစ်သည် မတ် ၂၆ ရက် ည ၉ နာရီခန့်က တစ်ရွာတည်းနေ ဇော်မင်း (၃၂)နှစ်နှင့်အတူ ၎င်းရွာနေ ဇော်လင်းဦး (၃၆)နှစ်၏ နေအိမ်သို့ သွားရောက်၍ ၎င်းရမ်းထားသည့် ဦးထုပ်အား ဇော်မင်းက ပစ်ပေါက်ပေးသည့်အတွက် ဇော်လင်းဦးက စိတ်ဆိုးပြီး ကျောက်လှည့်ဖြင့်ထိုးရာ ကျော်မင်းနွယ်၏ လည်ပင်းဝဲဘက်တွင် ထိုးသွင်းဒဏ်ရာရရှိခဲ့သဖြင့် မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသရာ မတ် ၂၉ ရက် နံနက် ၇ နာရီတွင် သေဆုံးသွားခဲ့သဖြင့် ကျော်မင်းနွယ်၏ ညီမ မြစန်းခိုင်က တိုင်တန်း၍ ဇော်လင်းဦးအား အုန်းချောနယ်မြေ ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ကုန်တင်ယာဉ်အမိုးကိုင်းနှင့် လျှပ်စစ်မီးကြိုးပွတ်တိုက်မိ၍ ကားမီးလောင်မှုဖြစ်ပွား

**မင်းဘူး မတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်တွင် မတ် ၃၀ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က ကုန်တင်ယာဉ်တစ်စီး ရပ်ကွက်အတွင်းသွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးနှင့် ပွတ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဘူးမြို့ အမှတ်(၄) နယ်မြေ မကျီးချောင်းရပ်ကွက်နေ ကိုအောင်(ခ)ဖိုးအောင် (၃၇)နှစ် မောင်းနှင်သော ယာဉ်အမှတ် 3B./----- ကုန်တင်ယာဉ်သည် မတ် ၃၀ ရက် ညနေ ၄ နာရီခန့်က မင်းဘူးမြို့ မကျီးချောင်းရပ်ကွက်နေအိမ်မှ မောင်းနှင်လာရာ ရပ်ကွက်အတွင်း သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးနှင့် ကားအမိုးကိုင်း ပွတ်တိုက်မိသဖြင့် ယာဉ်ပေါ်ရှိ ကုန်ပစ္စည်းများပေါ် မီးပွားများလွင့်စင်ကာ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာနေရာသို့ မင်းဘူးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုတွင် ပလတ်စတစ်ကြိုးခွေအိတ် ရှစ်အိတ်၊ ဂဏန်းထည့် ဖော့ဖာများ၊ ထော်လာဂျီယာဉ် တစ်စီး၊ တရုတ်(၁၂၅) ဆိုင်ကယ် လေးစီး၊ ကြက်ဥသေတ္တာ အလုံး ၃၀၊ လက်ဖက်ရည်အချိုခြောက်အိတ်ကြီး သုံးအိတ် မီးလောင်ဆုံးရှုံးပြီး ယာဉ်မောင်း ကိုအောင်(ခ)ဖိုးအောင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



# မအူပင်မြို့နယ်၌ နှစ်လောင်းပြိုင်လူသတ်မှုဖြစ်ပွား ၆ နာရီအတွင်း ဖမ်းဆီးရမိ

**မအူပင် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ပန်းပင်စုကျေးရွာအုပ်စု ပန်းပင်စုအနောက်ကျေးရွာ၌ မတ် ၂၅ ရက် ည ၇ နာရီခန့်က အရက်မူးယစ်ရမ်းကားသူ နှစ်ဦးက ပဲခင်းတလင်းစောင့် လုပ်သားကို ချုပ်နှောင်ပြီး မဖွယ်မရာပြုမိရာက နှစ်လောင်းပြိုင်လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ မအူပင်မြို့နယ် ပန်းပင်စု အနောက်ကျေးရွာနေ တောင်သူ ဦးခင်မောင်အေးသည် မတ် ၂၆ ရက် နံနက် ၈ နာရီခန့်က ၎င်းပိုင်သော မအူပင်-ရေလဲ ရွှေတောင်မော်ကားလမ်းဘေး မတ်ပဲစိုက်လယ်ကွင်းထဲရှိ တလင်းစောင့်လုပ်သား ကျော်ဇော (ခ)ကျော်ဇင်လတ် အိပ်ရာထနောက်ကျနေသဖြင့် ၎င်း၏ ခြင်ထောင်ကို ဖွင့်ကြည့်ရာ ရဲလင်းထိုက် (၂၈)နှစ်သည် လည်ပင်းပြတ်ရှတစ်ချက်၊ ဝဲပါး ပြတ်ရှတစ်ချက်၊ ဝဲလက်ခုံပြတ်ရှတစ်ချက် ရရှိသေဆုံးနေပြီး ၎င်းနှင့်အတူ တစ်ရွာတည်းနေ ဟိန်းဇော် (၃၀)နှစ်တွင် လည်ပင်းပြတ်ရှဒဏ်ရာ လေးချက်ရရှိ သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ရွှေတောင်မော်နယ်မြေရဲစခန်းသို့ ဆက်သွယ်တိုင်တန်းခဲ့ကြောင်း သိရသည်။

မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဝေ ဦးဆောင်မှုဖြင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး အချိန်နှင့်တစ်ပြေးညီ စုံစမ်းရှာဖွေရာ အမှုဖွင့်တိုင်တန်းပြီး ၆ နာရီခန့်အကြာ တောင်တလုတ်ကျေးရွာအုပ်စု သုံးခွကျေးရွာ မအူပင်မြို့နယ်နေသူ တလင်းစောင့်လူငှား ကျော်ဇော(ခ) ကျော်ဇင်လတ် (၃၃)နှစ်အား နတ်စင်တောင်ကျေးရွာ အုပ်စု ကျုံရှကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရာ မတ် ၂၅ ရက် ည ၇ နာရီခန့်က ဦးခင်မောင်အေး၏ မတ်ပဲတလင်းတွင် ညစောင့်လူငှားတာဝန်ဖြင့် တလင်းထဲ၌ ခြင်ထောင်ထောင်အိပ်နေစဉ် ဦးခင်မောင်အေး၏ သားဖြစ်သူ ရဲလင်းထိုက် (၂၈)နှစ်နှင့် ဟိန်းဇော် (၃၀)နှစ်တို့သည် အရက်သောက်စားမူးယစ်ပြီး ၎င်း၏ ခြင်ထောင်ထဲဝင်၍ စောင်၊ ခေါင်းအုံး၊ ဖျာများကို ဆုတ်ဖြဲရမ်းကားနေခြင်းကြောင့် ကျော်ဇော(ခ)ကျော်ဇင်လတ်က တောင်းပန်၍ ပြန်လွှတ်လိုက်သည်။

ထို့နောက် မကြာမီ ရဲလင်းထိုက်တို့နှစ်ဦး အရက်ပုလင်းကိုင်ဆောင်ကာ ပြန်လာပြီး ကျော်ဇော(ခ) ကျော်ဇင်လတ်၏ ခြင်ထောင်ထဲဝင်လာကာ ဟိန်းဇော်က ချုပ်ပေး၍ ရဲလင်းထိုက်ကဝဲပါးပြင်ကို လက်သီးနှင့် ထိုးကြိတ်၊ ပုဆိုးဆွဲချွတ်ပြီး မဖွယ်မရာပြုနေခြင်းကြောင့် ကျော်ဇော (ခ) ကျော်ဇင်လတ်က ဖျာအောက်တွင်ထားရှိသော ဓားမဖြင့် ၎င်းတို့နှစ်ဦးအား သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖြောင့်ချက်ပေးထွက်ဆိုခဲ့သည်။

ထို့ကြောင့် မအူပင်မြို့နယ် ရွှေတောင်မော် နယ်မြေရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

# ရေခဲသေတ္တာ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလမြို့ ကန်တော်မင်္ဂလာရပ်ကွက်တွင် မတ် ၂၉ ရက် နံနက် ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုအား သက္ကလရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကဝမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုအား စစ်ဆေးရာ အဆိုပါရပ်ကွက်နေ ဒေါ်ရင်စု(၆၀)နှစ်၏ နေအိမ်ရှေ့သွပ်မိုး၊ ထရံကာ၊ မြေစိုက်ကုန်ခြောက်ဆိုင်အတွင်းရှိ ရေခဲသေတ္တာအပူလွန်ကဲပြီး ဝါယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ဒေါ်ရင်စုအား ကဝမြို့နယ် အုန်းနဲ့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ချဲထီလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၃၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြို့လှရွာနေ ဦးသန်းဝင်း(၄၀)နှစ်၏ နေအိမ်တွင် နှစ်လုံး/ချဲထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ခန့်က ဆင်ဖြူကျွန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ နေအိမ်၌ ဦးသန်းဝင်းအား နှစ်လုံး/ ချဲထီလောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၆၈၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အုန်းတောကျေးရွာအုပ်စု စိန်ရတနာကွက်သစ်တွင် နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကြို့ပင်ကောက်မြို့ရဲစခန်းမှတပ်ဖွဲ့ဝင်များက အဆိုပါနေရာ၌ သွားရောက်စောင့်ဆိုင်းစဉ် ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက်နေ ဒေါ်တင်တင်ဦး(၅၄)နှစ်အားတွေ့ရှိ၍ စစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၅၃၅၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ အမှတ်(၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၃)ရပ်ကွက်နေ ဦးအောင်မြင့်(၅၆)နှစ်၏ နေအိမ်သို့ သွားရောက်စစ်ဆေးရာ နေအိမ်၌ ဦးအောင်မြင့်အား နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၇၆၀၀၀တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား နယ်မြေရဲစခန်းအသီးသီးက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# တောင်ပြိုလက်ဝဲမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃၁။** ။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(၂) တောင်ပြို(ယာ) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၉ ရက်က တောင်ပြိုလက်ဝဲမြို့ ကြိမ်ချောင်း-တောင်ပြိုသွားကားလမ်း သဲချောင်းကျေးရွာအုပ်စု ဖာရီကျေးရွာအနီး၌ ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် မာမွတ်အစ္စလာမ်နှင့်အတူ ပါလာသည့် ပစ္စည်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၂၀၀ ကိုလည်းကောင်း၊ အလားတူ မတ် ၂၈ ရက်က ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ပန်(အာခါ)ကျေးရွာနေ အားဘယ်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၄ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

### ဆင်တံတား

အကွက်(၂၄၄)၊ အကွက် (၂၄၅)မှာ ဆင်တံတားရပ်ဖြစ်သည်။ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိသည်။ အကွက် (၂၅၀)မှာ ကိုင်းတန်းဈေး ပွဲစားတန်းရပ်ကွက်ဖြစ်သည်။ ရှေးကျသည့် အထိမ်းအမှတ် အဆောက်အအုံမှာ ဆင်တံတားဖြစ်၍ အိမ်တော်ရာအရှေ့စောင်းတန်း ပွဲစားတန်းထိပ်ရှိသည်။ ယခုထက်တိုင် ဆင်နှစ်ကောင်ကို တွေ့မြင်နိုင်ကြသည်။ အိမ်တော်ရာဘုရားကို ပန်းပဲဝန်းအတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှကျော်သူ ကြီးကြပ်တည်ဆောက်ပြီး ဘုရား အရှေ့မျက်နှာ၌ နိဗ္ဗာန်နပစ္စယ နာဂရာဇာဆင်မင်း၏ ငွေတော်ဖြင့် ၁၂၁၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက် ဆင်တံတားကို တည်ဆောက်ခဲ့သည်။ အိမ်တော်ရာဘုရား အနောက်ဘက် တောင်သို့ ရွှေတချောင်းထိ မိကျောင်း တံတားကြီးရှိသည်။ တောင်တွင်းကြီးမြို့ဝန် မင်းရဲကျော်ခေါင် ဦးကျောက်လုံးက ကုသိုလ်တော်ပွား မိကျောင်းတံတားကို ဆောက်လုပ်ခဲ့သည်။

### ပန်းဆိုးတန်း

အိမ်တော်ရာဘုရား၏ မြောက်ဘက်တွင် သင်္ချိုင်းကြီးများရှိသလို အနောက်စောင်းတန်း၊ အရှေ့စောင်းတန်းတွင်လည်း သင်္ချိုင်းပရိက္ခရာဆိုင်များ ရှေးယခင်ကတည်းက တည်ရှိသည်။ အိမ်တော်ရာသင်္ချိုင်းတန်းနှင့် စောင်းတန်းများတွင် အိမ်တော်ရာထီးလုပ်ငန်းကလည်း နာမည်ကြီးသည်။ ယခုလုပ်ငန်း မရှိတော့ပေ။ အိမ်တော်ရာ ဘုရား မဟာရုံတံတိုင်း အရှေ့မြောက်ဘက်တွင် ပေပင်လက်ကျားရပ်ရှိသည်။ ၎င်းအနောက်ဘက်ဝင်းတွင် ဦးစိန်မူလတန်းကျောင်း၊ သိမ်တိုက်နှင့် ဓာတုရတနာစေတီခေါ် အရိုးအိုးစေတီတော်ကြီး တည်ရှိသည်။ ၈၇ လမ်းတွင် ပဲပုပ်တန်းရပ်၊ ၂၇ လမ်း အိမ်တော်ရာသင်္ချိုင်းတန်း၊ ပန်းဆိုးတန်း ဆက်လျက်ရှိသည်။ ပန်းဆိုးတန်းမှာ ပွဲစားတန်း ၈၆ လမ်းမှ အနောက် ၈၇ လမ်းထိဖြစ်ပြီး ၈၇ လမ်း အနောက်ဘက် အိမ်တော်ရာတံတိုင်းထိ သင်္ချိုင်းတန်းဖြစ်သည်။ ပန်းဆိုးတန်းမှာ သင်္ချိုင်းဆေးဆိုးလုပ်ငန်းများလုပ်ကိုင်ကြသဖြင့် ပန်းဆိုးတန်းဟုခေါ်ခြင်းဖြစ်သည်။ အင်းဝ နေပြည်တော်၊ အမရပူရနေပြည်တော်မှလုပ်ငန်းများဖြစ်သည်။ မဃ၊ ဘုရင်၊ ဒေါ်နု သင်္ချိုင်းတိုက်များ၊ ရွှေလရောင်၊ ပြဟ္မာမင်း သင်္ချိုင်းတိုက်များ၊ ရှေးယခင်က ဦးဟန်သင်္ချိုင်း၊ ဦးစိုးလေးသင်္ချိုင်းတိုက်များ ထင်ရှားသည်။

### ပွဲစားတန်း

၈၆ လမ်းတစ်လျှောက် ကိုင်းတန်းဈေးထိ ပွဲစားတန်းဟုခေါ်ကြသည်။ ဈေးချိုတော်နှင့် နီးသဖြင့် ရှေးက ပွဲစားများသည် ပဲဈေး၊ ဆီဈေးများ ဈေးဖြတ်ရောင်းဝယ်ကြသည့် အဓိကနေရာဖြစ်သည်။ ၂၇ လမ်းတစ်လျှောက် ပန်းဆိုးတန်းမှာလည်း ပွဲစားရပ်ကွက်ဖြစ်သည်။ ရွှေမြင်းလက်ဖက်ခြောက်၊ ဒေါ်ဂျမ်းပွဲရုံ၊ ဒေါ်ဂျမ်းလက်ဖက်ခြောက် ယခုသမီးများ ဒေါ်ထားရီ၊ ဒေါ်ထားကြည်ထိ ပွဲရုံများဖြင့် ပန်းဆိုးတန်းသည် စည်ကားသည်။ ဆင်တံတားခါးဖြတ်တွင် မြဇော်ပုံနှိပ်တိုက်၊ ပြက္ခဒိန်အကြံပေးဆရာကြီး ဦးကျော်ဇော၊ ဒေါ်ဦးသနပ်ခါးတို့မှာ ထင်ရှားသည်။ ၈၇ လမ်း၊ ၂၆ လမ်းဘက်မှ ပန်းကန် ဦးစိန်၊ ဒေါ်မမမှာ ပန်းကန်လုပ်ငန်းနှင့်စပ်လျဉ်း၍ လူသိများသည်။ အကွက် (၂၄၃)မှာ ဒင်္ဂါးဝင်းရပ်ကွက်ဖြစ်သည်။ ၂၆လမ်းနှင့် ၂၇လမ်းအတွင်း ၈၇လမ်းနှင့် ၈၆လမ်းကြား ဖြစ်သည်။ ရှေးယခင်က ဝင်းကြီးတစ်ခုဖြစ်၍ နောက်ပိုင်းတွင် ဝင်းအလယ်မှ လမ်းများဖောက်လုပ်ကြသဖြင့် အရောင်းအဝယ် ကုန်သည်ရပ်ကွက်ဖြစ်လာသည်။ ဒင်္ဂါးဝင်း၏ အရှေ့မြောက်ထောင့်ရှိဝင်းမှာ ရှေ့နေကြီး ပုလဲသခင်ဝင်းဟု ခေါ်ဆိုခဲ့ ကြောင်းသိရသည်။ ၎င်း၏ နှစ်ရှည်လများ ဆောက်လုပ်သော ရှေးအိမ်ကြီးရှိခဲ့ကြောင်းသိရသည်။ နောက်ပိုင်းတွင် ကုန်သည်ကြီးဦးမောင်ကို၊ ဒေါ်သိန်းတို့ပိုင်ဆိုင်ခဲ့ကြသည်။ ယခု ရီမြင့်ရုပ်ရှင်ဝင်းဟု လူသိများသည်။ ၎င်း၏ အနောက်ဘက် အကွက် (၂၄၃)ဝင်းမှာလည်း မြန်မာ့ကျက်သရေ ဦးလှဆေးလိပ်ခုံဝင်း တည်ရှိခဲ့သည်။ ကိုလိုနီခေတ်က မန္တလေးမြို့၌ နာမည်ကြီး ဆေးပေါ့လိပ်ဖြစ်သည်။ ထိုခေတ်က ပဒေသာတန်းဘက်မှ မမြရီဆေးပေါ့လိပ်၊ မလှမင်း ဆေးပေါ့လိပ်တို့လည်း နာမည်ကြီးခဲ့သည်။ ဒေါ်ဦး နဂါးဆေးပေါ့လိပ် မပေါ်သေးသော အချိန်ကာလက ဖြစ်သည်။

### အုတ်ဝန်မင်းဝင်း

အကွက်(၂၄၄)ဆင်တံတား တောင်ဘက်ဝင်းတွင် ရုပ်ရှင်ဒါရိုက်တာ မင်းသားဗိုလ်ဗကိုတို့ မိသားစုဝင်းရှိသည်။ ဦးအောင်ကြီးဝင်းဟုခေါ်သည်။ အနောက်ဘက် ဆင်တံတားခါးဖြတ် အနောက်ဘက် အကွက်(၂၄၇)မှာ အုတ်ဝန်မင်း ဦးဘိုးကြီး နေထိုင်ခဲ့ရာ အုတ်ဝန်မင်းဝင်းဖြစ်သည်။ ဒေါ်ဦး သနပ်ခါးဝင်းဟုလည်း ခေါ်သည်။ အကွက်(၂၅၀)မှာ ကိုင်းတန်းဈေးသစ်ကြီး အဆောက်အအုံနေရာဖြစ်သည်။ ဈေးများ၊ ပွဲရုံတန်းများဖြင့် စည်ကားသော ပွဲစားကုန်သည်ရပ်ကွက်ဖြစ်သည်။ အကွက် (၂၄၇)၊ (၂၄၈)မှာ အိမ်တော်ရာတောင်မုခ် ဒက္ခိဏဝန်တိုက် ဇမ္ဗူမာန်အောင်ဘုရား၊ မမ သိုင်းဘုရားများ တည်ရှိသည်။ အကွက် (၂၄၉)မှာ ငံပြာရည်ဝင်းဖြစ်သည်။

### ဒေါင်းရိုးရပ်

ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ် အိမ်တော်ရာဝန်းကျင်သည် ဈေးချိုကိုင်းတန်းဈေး၊ ၂၉လမ်း၊ ၂၈လမ်း၊ ၈၆လမ်း ပွဲရုံတန်းများနှင့် ဈေးချိုဝန်းကျင် လူစည်ကားသော ပွဲစားကုန်သည်ရပ်ကွက်များ ဖြစ်၏။ ၂၉လမ်း ဒေါင်းရိုးရပ် မြောက်ဘက်အတန်းသည် သီရိဟေမာအရှေ့ထဲ ပါဝင်၏။ အနောက်ဘက် မိကျောင်းတံတားထိ ကျယ်ဝန်း၏။ ဒေါင်းရိုးရပ်မှာ ရှေးအခါက သဘော်များ ဆိုက်ကပ်ခဲ့ရာ ဒေါင်းရိုးသဘော်တန်းဟုလည်းခေါ်သည်။ ကိုင်းတန်းဈေး မှာလည်း ကိုင်းပင်များပေါက်ရာအရပ်ဖြစ်၍ ကိုင်းတန်းဟုခေါ်ကြောင်း မှတ်ရသည်။

**၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်နေ့ သီပေါမင်းပါတော်မူသွားစဉ်က ဗိုလ်ရိုလှည်းနှင့်အတူ လိုက်ပါသွားရသူမင်းသမီးများဖြစ်ကြ၏။ ဗိုလ်ရိုလှည်းထဲ ပါသွားရသူများမှာ သီပေါမင်းနှင့် မိဖုရားနှစ်ပါး၊ ဆင်ဖြူမရှင်၊ ထိပ်စုဖုရားကြီး၊ သမီးတော်နှစ်ပါးနှင့် ပင်းယမင်းသမီး၊ မိုးညှင်းမင်းသမီး၊ သုံးဆယ်မင်းသမီး၊ နဂါးခင်ခင်လေးတို့ဖြစ် . . .**

### စိုင်ပြွန်မင်းသားကြီးဝင်း

မိကျောင်းတံတား အရှေ့ဘက်တွင် စိုင်ပြွန်မင်းသားကြီးဝင်းရှိသည်။ ဆီစက်ရှိသဖြင့် ဆီစက်ဝင်းဟုလည်း ခေါ်သည်။ ဆီစက်ကို အမှီပြု၍ ခေါင်းရွက်အထမ်း ဆီသည်များ ရောင်းဝယ်ကြရာ ဆီသည်ချောင်ဟုလည်း လူသိများသည်။ စိုင်ပြွန်မင်းသားကြီးဝင်းမှာ စိုင်ပြွန်မင်းသားကြီး အဆက်အနွယ်များ ယခုတိုင်နေထိုင်လျက်ရှိကြသည်။ ဘိုးတော် မင်းတရားနှင့်အလယ်နန်းမတော်မိဖုရား (သီရိမဟာနန္ဒာဘိရတနာဒေဝီ၊ ငယ်မည် မယ်လွန်းပု) လက်ထက်မှစ၍ ဆင်းသက်ပေါက်ဖွားလာကြသူများဖြစ်ကြောင်း ရှေးဟောင်းပုရပိုက်မှတ်တမ်းများရှိသည်။ စိုင်ပြွန်မင်းသားနှင့် ပန်းချီ အုပ်မင်းသားတို့မှာ ညီအစ်ကိုတော်စပ်ပြီး ပန်းချီအုပ်မင်းဝင်း၊ စိုင်ပြွန်မင်းသားဝင်းတို့ ယခုတိုင် ရှိသေးသည်။ ပန်းချီ အုပ်မင်းဝင်းမှာ ၈၃လမ်း၊ ၈၆လမ်းကြား၊ ၂၁လမ်းနှင့် ၂၀လမ်းကြား ပင်းယမင်းသမီးဝင်းဟုခေါ်သည်။ ပင်းယမင်းသမီး (သုသီရိကုမ္မာဝတီ)မှာ ပန်းချီအုပ်မင်းသားကြီး (အိုင်တိုင်ရွာစား မင်းရဲရာဇာကျော်ခေါင်)၏ သမီးဖြစ်သည်။ နောင်တွင် ပင်းယမင်းသမီး နေထိုင်ခဲ့သဖြင့် ပင်းယမင်းသမီးဝင်းဟုလည်းခေါ်သည်။

### မိုးညှင်းမင်းသမီးဝင်း

ပင်းယမင်းသမီးမှာ ရတနာဂီရိမှ ပြန်လာခဲ့ပြီးနောက် သံလျင်တွင် ၁၂၅၅ ခုနှစ်က အနိစ္စရောက်ခဲ့ပြီး မန္တလေးတွင် ဂူတည်သည်။ ခင်ပွန်းမှာ သီပေါမင်း၏ အပါးတော်မြဲ ယစ်မျိုးဝန် ဦးစံရွှေဖြစ်သည်။ ၎င်းမှာ ၁၉၅၀ ခုနှစ်က အနိစ္စ ရောက်သည်။ ပင်းယမင်းသမီးနှင့် မိုးညှင်းမင်းသမီးတို့မှာ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်နေ့ သီပေါမင်းပါတော်မူသွားစဉ်က ဗိုလ်ရိုလှည်းနှင့်အတူ လိုက်ပါသွားရသူ မင်းသမီးများဖြစ်ကြ၏။ ဗိုလ်ရိုလှည်းထဲပါသွားရသူများမှာ သီပေါမင်းနှင့် မိဖုရားနှစ်ပါး၊ ဆင်ဖြူမရှင်၊ ထိပ်စုဖုရားကြီး၊ သမီးတော်နှစ်ပါးနှင့် ပင်းယမင်းသမီး၊ မိုးညှင်းမင်းသမီး၊ သုံးဆယ်မင်းသမီး၊ နဂါးခင်ခင်လေးတို့ဖြစ်ကြ၏။

ယခု ပင်းယမင်းသမီးဝင်း မြောက်ဘက်ရှိ ပြင်သစ်ဝင်းမှာလည်း ရှေးက ငွေခွန်ဝန်မင်းဝင်းဖြစ်သည်။ ငွေခွန်ဝန်မှာ ပန်းချီအုပ်မင်း၏ သားတော်ဖြစ်သည်။ ထိုဝင်း၏ တောင်ဘက်ခြမ်းဝင်းမှာ မိုးညှင်းမင်းသမီးဝင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ ပင်းယဝင်းတွင် သူရိယသတင်းစာတိုက်ပိုင်ရှင် ဦးထွန်းရင်၊ သားသူရိယဦးသန်းမောင်တို့က မန္တလေးသူရိယသတင်းစာ ထုတ်ဝေခဲ့သဖြင့် သူရိယဝင်းဟုလည်း ခေါ်ဆိုခဲ့ကြသေးသည်။ နောင်တွင် မန္တလေး သူရိယသတင်းစာသည် ၂၅လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား ရွှေ့ပြောင်းသွားသည်။

### ပြည်ကြီးပျော်ဘွယ်အနောက်

ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်မှာ အနောက်ဘက်သင်္ဂဇာချောင်း၊ အရှေ့ဘက် မိကျောင်းတံတား၊ တောင်ဘက် ၃၅လမ်း၊ မြောက်ဘက် ချမ်းသာရာဘုရားထိ ကျယ်ဝန်းသော ရပ်ကွက်ကြီးဖြစ်၏။ အကွက်ပေါင်း (၂၄)ကွက် ရှိ၏။ ပြည်ကြီးပျော်ဘွယ်ဟူသည် ရတနာပုံ မင်းတုန်းမင်းတရားကြီး လက်ထက်ကတည်းက ရပ်ကွက်အမည်များနှင့် တည်ရှိခဲ့သော ရပ်ကွက်ကြီးဖြစ်၏။ ရွှေတချောင်း အနောက်ဘက် ရပ်ကွက်များဖြစ်၏။

တိုင်းသူပြည်သားများ ရွှင်လန်းပျော်ဖွယ်ရှိစေသော ရပ်ကွက်အဖြစ် ပြည်ကြီးပျော်ဘွယ်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်ကြီးပျော်ဘွယ် အရှေ့အနောက်ဟူ၍ ရပ်ကွက်ကြီးများ ခွဲခြားသတ်မှတ်ခဲ့သည်။ အကွက် (၂၈၇) တိမ်ပြာတန်း၊ အကွက်(၂၇၀) စမွန်းရပ်၊ အကွက်(၂၆၈၊၂၆၉) ပုတ်တန်းရပ်၊ အကွက် (၁၀၀) ဒေဝန်း နေ့ကလေးထိန်းကျောင်း၊ အကွက် (၁၀၂) အလုပ်သမားရုံး၊ ရတနာပုံရုပ်ရှင်ရုံအကွက်ဖြစ်သည်။ အကွက် (၁၀၃) ဆပ်ပြာစက်ရုံနှင့် အကွက် (၁၀၄)မှ (၁၀၉)ထိ ဒေဝန်းရပ်ကွက်များ ဖြစ်သည်။ ဒေးဝန်းရပ်တွင် ဒေဝန်းရပ်ဓမ္မာရုံ၊ ဒေးဝန်းရပ် အရုဏ်တော် တည်ရှိသည်။ အကွက်(၂၇၁) မှာ ပဲလှော်ချောင် ပုဏ္ဏားစုရပ်ဖြစ်ပြီး တောင်ဘက်တွင် ရွှေဘုံသာဘုရားတည်ရှိသည်။ အကွက်(၂၆၉)မှာ ပတ္တမြားကျောင်းတိုက် ဖြစ်သည်။ အကွက် (၂၅၉) တွင် ပဲဝင်းနှင့် မိတ္တအရုဏ်တော်ဓမ္မာရုံ တည်ရှိသည်။ မိကျောင်းတံတားလမ်း အနောက်ဘက်ခြမ်းဖြစ်သည်။ မိတ္တအရုဏ်တော်မှာ မန္တလေးမြို့၏ ထင်ရှားသော အရုဏ်တော်အသင်းများတွင် ပါဝင်သည်။ ၁၂၇၇ ခုနှစ်က တည်ထောင်ခဲ့သည်။

ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ထဲတွင် ထင်ရှားသော အဆောက်အအုံတစ်ခုမှာ အကွက် (၂၅၉) မိတ္တဓမ္မာရုံအသင်း၏ တောင်ဘက်ကပ်လျက် ဘီလူးမညောင်ပင်နှင့် ဘီလူးမရုပ်တုဖြစ်သည်။ တောင်ဘက်၊ မြောက်ဘက် နှစ်ရုပ်ဖြစ်သည်။ ၈၇လမ်းပေါ် မိကျောင်းတံတားလမ်းအနောက်ဘက်တွင် ပြည်ကျော်ဈေး တည်ရှိသည်။ ရှေးယခင်က ဦးတာရဲဈေးဟုတွင်သည်။ အကွက် (၂၆၀) ပေါက်ပေါက်တန်း ရပ်ကွက်တွင် ပေါက်ပေါက်တန်းဓမ္မာရုံ တည်ရှိသည်။ ပေါက်ပေါက်လုပ်ကိုင်သူများ နေထိုင်ကြသဖြင့် ပေါက်ပေါက်တန်းဟုခေါ်သည်။

ပြည်ကျော်ဈေး (ဦးတာရဲဈေး)၏ တောင်ဘက် ရပ်ကွက်များဖြစ်သော မိကျောင်းတံတား အနောက်ဘက် အကွက် အချို့ ၁၉၉၉ ခုနှစ်၊ မတ်လ ၁၂ရက်က မီးလောင်ခဲ့သဖြင့် ယခုအခါ လမ်းကျယ်များဖြစ်သွားသည်။ မီးလောင်ခဲ့သဖြင့် စမွန်းချောင်း၊ ပဲလှော်ချောင်၊ ပဲဝင်းရပ်ကွက် အိမ်ခြေ (၃၀၀)ကျော်နှင့် ဂိုဒေါင်များလည်း ပါဝင်ခဲ့၏။ ပွဲစားကုန်စည် ဒိုင်နှင့် နီးသဖြင့် ပဲအမျိုးမျိုး သိုလှောင်ရောင်းဝယ်ရာ ရပ်ကွက်များဖြစ်၏။

ကားထွက် ကျောက်ချောလမ်းများအဖြစ် ဖောက်လုပ်ထားသည့်ဝင်းများဖြစ်သည်။ ၈၆ လမ်း ထုံးဘူးတန်းမှာ အပြင်းအထန်ဖြစ်၍ ဆန်ပွဲရုံများဖြစ်သည်။

### ပွဲစားကုန်သည် ကုန်စည်ဒိုင်

အကွက်(၂၇၃)ပဲလှော်ချောင်ရပ်တွင် မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း(ကုန်စည်ဒိုင်)ရှိသည်။ မန္တလေးမြို့၏ အရောင်းအဝယ် အဓိကအချက်အချာ ရပ်ကွက်၊ ကုန်စည်ဒိုင်၊ ကုန်စည်ဈေးဖြစ်ရာ၊ အရောင်းအဝယ်ဖြစ်ရာ ဒိုင်ဖြစ်သည်။ နံနက်ပိုင်းအချိန်မှုသာ လူစည်ကားသည်။ ၁၃၀၇ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း ၃ ရက် (၁၂၊ ၇၊ ၄၅)နေ့တွင် ပွဲစား၊ ကုန်သည်များအသင်း စတင်ဖွဲ့စည်းခဲ့သည်။ ယခင်က ပွဲစားတန်း၊ ထုံးဘူးတန်း၌ အသင်းတည်ရှိခဲ့သည်။ နောင်တွင် ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကထိန်တော်အသင်းဟူ၍ ပိုမိုကျယ်ပြန့်စွာ ဖွဲ့စည်းခဲ့သည်။ ကထိန်ခင်းလှူဒါန်းခဲ့သည်မှာ (၆၈)နှစ်မြောက်ပြီဖြစ်သည်။

အသင်း၏ ကနဦးရည်ရွယ်ချက်မှာ ပစ္စုပ္ပန်ဘဝတစ်ခု စားဝတ်နေမှုတို့အတွက် ပွဲစား၊ ကုန်သည်လုပ်ငန်းကို တရားသဖြင့် လုပ်ကိုင်ကြပြီးလျှင် နောင်ဘဝများစွာ သံသရာအကျိုးစီးပွားအတွက် ရှေးအထက်(၁၀)နှစ်လောက်က ခင်းကျင်းလှူဒါန်းခဲ့သော ကထိန်အလှူကိုလည်း ဆက်လက်လှူဒါန်း ခင်းကျင်းသွားရန်ဖြစ်သည်ဟု အတိအလင်း ဖော်ပြထားသည်။

ပို၍ ထူးခြားသည်မှာ အသင်းအတွက် လျော်စရာရှိလျှင် အသင်းသားများ စုပေါင်းလျော်ရမည်ဖြစ်ပြီး အသင်းပျက်သွားလျှင် မန္တလေး သာသနာ့တော်အတွက် လှူဒါန်းရန်ဖြစ်သည်။ ကထိန်းခင်းလျှင် မန္တလေးစည်ပင် နယ်နိမိတ်ကျောင်းတိုက် သံဃာ(၅၀၀) အနည်းဆုံး လှူဒါန်းရန် မရှိပါကပေါင်းလှူရန် သတ်မှတ်ချက်ဖြစ်၏ ယနေ့ထိ ရန်ပုံငွေသိန်း(၁၀၀)ကျော်ရှိသော ပွဲစား၊ ကုန်သည်၊ စက်ပိုင်ကထိန်အသင်းကြီးဖြစ်၏။

### ခြင်္သေ့ဦး

အကွက်(၂၇၄)မှာ ခြင်္သေ့ဦးမိကျောင်းတံတားအဆုံး ရပ်ကွက်ဖြစ်သည်။ တောင်ဘက်တွင် မဟာဝေယန်ဘုံသာ ကျောင်းတိုက်တည်ရှိသည်။ ခြင်္သေ့ဦးခေါ် မိကျောင်းတံတားထိပ် ခြင်္သေ့ကြီးနှစ်ကောင်လက်ရာမှာ မန္တလေး၌ အချိုးအစားကျန လှပလှသော ခြင်္သေ့အဖြစ် ပန်ချီ၊ ပန်းပု၊ ပန်းတော့ ပညာရှင်များက လက်ခံထားသည်။ ခြင်္သေ့ရုပ်တုလုပ်ကြလျှင် ဤခြင်္သေ့ဟန်ကို အတုယူ တည်ဆောက်ကြရသည်။ ဦးပွားဘုရားခြင်္သေ့ကြီး၊ မန္တလေးတောင် ခြင်္သေ့ကြီးနှစ်ကောင်ကို မိကျောင်းတံတားအလှူရှင် မင်းသားကြီး ဦးကျောက်လုံးက တည်ဆောက်ခဲ့သည်။ ခြင်္သေ့ကြီး ခြေသည်း လက်သည်းများမှာ စကျင်ကျောက်ဖြင့် ပြုလုပ်ထားသည်။ တောင်ဘက်သို့ လှည့်ထားသော မာန်ပါလှသည့် ခြင်္သေ့များဖြစ်သည်။ ခြင်္သေ့အုတ်ခံအောက်ခြေ၌ ကမ္ပည်းရေးထိုးထားသည်။

### ချမ်းအေးသာစံ အနောက်ရပ်

ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ အနောက်ရပ်ကွက်ကြီးသည် ၈၄ လမ်း၊ ၈၆ လမ်းကြားနှင့် လမ်း ၃၀ နှင့် ၂၆ လမ်းကြား ရပ်ကွက်များဖြစ်၏။ စုစုပေါင်း (၈) ရပ်ကွက်ရှိပြီး ဈေးချိုအနီး မြို့လယ်လူစည်ကားရာ အရပ်ဖြစ်၏။ ရပ်ကွက်ရုံးမှာ ၈၅လမ်းနှင့် ၈၄ လမ်းကြား ခတ္တိယဝင်းအတွင်းဖြစ်သည်။ ချမ်းအေးသာစံ အနောက်ရပ်ကွက် ထင်ရှားသော အဆောက်အအုံများတွင် အဆင့်မြင့် ဈေးချိုတော်ကြီးပါဝင်သည်။

### ခတ္တိယဝင်း

အကွက်(၅၈၇)သည် ၂၉ လမ်းနှင့် လမ်း၃၀ ကြား၊ ၈၄ လမ်းနှင့် ၈၅လမ်းကြားရှိသည်။ ခတ္တိယဝင်းအဖြစ် လူသိများသည်။ ခတ္တိယပုဏ္ဏားမျိုးနွယ်များ နေထိုင်ခဲ့သဖြင့် ခတ္တိယဝင်းဟုတွင်သည်။ ၂၉လမ်းထိပ်တွင် သီရိခတ်နာရာယန ဟိန္ဒူဘုရားရှိခိုးကျောင်းရှိသည်။ ခတ္တိယဘိသိက်မင်းမြောက် ဘိသိက်ပညာသည်များ နေထိုင်ခဲ့ရာ အရပ်ဟု မှတ်သားရသည်။ ဝင်းအတွင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝင်ထွက်ပေါက်ရှိသည်။ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားတွင် ရတနာပုံ သတင်းစာတိုက် တည်ရှိသည်။ ရတနာပုံသတင်းစာကို ၁၉၉၂ ခုနှစ် မေလ ၁ ရက်က စတင်ထုတ်ဝေခဲ့သည်။ ရှေးယခင်က ဖဆပလရုံးဖြစ်ပြီးနောင်တွင် ပြန်ကြားရေးစာဖတ်ခန်းဖြစ်သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၈ ထိ ဟံသာဝတီသတင်းစာတိုက်ဖြစ်ခဲ့သည်။ တောင်ဘက်တိုက်တစ်လုံးမှာ တောင်နယ်သမဝါယမ စတိုးအဖြစ် ထင်ရှားခဲ့သည်။

### ဝါးတန်းရပ်

အကွက်(၅၅၈)မှယာ ၂၉ လမ်း၊ လမ်း ၃၀ ကြား၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြားဖြစ်သည်။ လမ်းအနောက်ဘက်ဝင်းအား အရီးတောင်းဝင်း(အရီးတောင်းလက်ဖက်)ဝင်းဟူ၍လည်းကောင်း၊ အနောက်ခတ္တိယဝင်းဟူ၍လည်းကောင်း ခေါ်သည်။ စန္ဒိမယ်တော် ရေချိုးကန်ရှိခဲ့ဖူးကြောင်း မှတ်သားရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည်စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

# ဤရေသည်သာ

**ကိုဖိုးအေး (မြန်မာ့အသံ)**



မီးများတောက်လောင်နေသော နေကြီးကို ကမ္ဘာက ပတ်နေသည်ဖြစ်ရာ နေထံမှ အပူဓာတ်နှင့် အလင်းရောင်ကို ကမ္ဘာက ရရှိလျက်ရှိသည်။ ယခုအခါ ကမ္ဘာက ပိုပူလာသည်။ ဤသို့ဖြစ်လာရသည်မှာလည်း လူတို့၏ ဖြစ်စဉ်များက ဖန်တီးသောကြောင့်ဖြစ်သည်။ ဆိုးကျိုးကား ကမ္ဘာကြီး၏ ရာသီဥတုဖောက်ပြန်လာသည်။ လေပြင်းများ ပိုတိုက်ခတ်လာသည်။ မုန်တိုင်းထန်လာသည်။ တောမီးများ ပိုလောင်လာသည်။ အချို့ဒေသများ၌ အဆက်မပြတ်ရွာလာသည်။ ရေရရှိရေးအခက်အခဲဖြစ်လာသည်။ မြေပြိုသည်။ မြေငလျင်လှုပ်သည်။ ရေခဲပြင်များ အရည်ပျော်လာသည်။ ပင်လယ်ရေပြင်မြင့်တက်လာသည်။ ရောဂါမျိုးစုံက လူသားများကို ဖိစီးလာသည်။ အပင်မျိုးစုံနေလောင်ခံလာရသည်တို့ကို ကမ္ဘာ့လူသားသန်း ၇၄၀၀ ကျော်က မျှဝေခံစားနေရပြီဖြစ်သည်။

ကမ္ဘာကြီးဤသို့ ပိုပူလာရသည်မှာ အားကောင်းမောင်းသန်ဖြစ်လာသော အယ်နီညို (EI Nino) ကြောင့်ဖြစ်သည်။ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များကလည်း ဤသို့တွေ့ရှိကာ သတိပေးထားသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ မလှိုင်၊ မိတ္ထီလာ အစရှိသော မြို့နယ်များကို ပထဝီပညာရှင်များက မိုးနည်းရေရှား ခြောက်သွေ့သော အရပ်ဒေသဟု သတ်မှတ်ကြသည်။ မိုးခေါင်မှုဒဏ်ကို အစဉ်နီးပါး အလူးအလဲခံခဲ့ရသော အရပ်ဒေသဖြစ်သည်။ မိုးကောင်း သောက်ယာသီးနှံဖြစ်သော ပြောင်း၊နှမ်း၊ ဝါစိုက်တောင်သူတွေ စိတ်ပျက်သွားကြရတာလည်း အမြဲလိုလိုဖြစ်သည်။ ဤဒေသတွေက အဖွဲ့အစည်းတွေနဲ့ အစိုးရက ဒေသမြို့နယ်အလိုက် ရေရရှိရေး လုပ်ငန်းများကို လုပ်လေ့လုပ်ထရှိသည်။ အင်္ဂလန်က အဲလိဇဘက်မင်းသမီးကြီး လာစဉ်က ညောင်ဦးနတ်သမီးကမ်းပါးကနေ မြစ်ရေတင်ပြီး ကျေးရွာရေရရှိရေး ဆောင်ရွက် နေပုံကိုပြဖူးသည်။ နောက်ပိုင်းမှာ ရေတွန်းစက်ကြီးများနှင့် မြကန်အနီးရှိ တူးရွှင်းတောင်ပေါ်မှ ရေလှောင်ကန် ကြီးထဲသို့ ဧရာဝတီမြစ်ရေကို တွန်းတင်ကာ အနီးအပါးမှ ကျေးရွာများသို့ ဆင်ခြေလျှောပိုက်ကြီးအသုံးပြုကာ ရေပေးဝေသည်။ ဤလုပ်ငန်းအောင်မြင်နေကြောင်း သိရ၍ ၁၉၈၉ ခုနှစ်က ကျွန်တော်ဗီဒီယိုသွားရိုက်ခဲ့ဖူးပါသည်။ ပုဂံ-ညောင်ဦးဒေသ ခြောက်သွေ့နေပုံများ၊ ကျေးရွာရေရရှိရေး ဆောင်ရွက်နေပုံများ၊ ရေသုံးစွဲလာနိုင်ပုံများ စသည်ဖြင့် သုံးပိုင်းခွဲရိုက်ပါသည်။ ရေရှားစဉ်က အဖြစ်သနစ်ကို ကရုဏာရသမြောက်အောင်လည်း ရိုက်ပါသည်။ သားအမိ နှစ်ယောက် ချောင်းရှိလက်ယက်သဲတွင်းမှာ မိခင်က ရေမှုတ်နှင့် ရေခတ်ပြီး ရေအိုးထဲရေဖြည့်နေတဲ့အခါ ငါးနှစ်သမီးလေးက မအေခေါင်းပုကလေးကို ရင်ဘတ်မှာကပ်ပြီး ငုတ်တုတ်ထိုင်ကြည့်နေတဲ့ပုံကိုရိုက် တည်း ဖြတ်ပြီး နောက်ခံတီးလုံးထည့်ပြီး လွှင့်ခဲ့ဘူးသည်။

နောက်တစ်ခုက ရေရှားသည့် တောင်သာမြို့နယ်တွင်းရှိ ရိုးများ၊ ချောင်းများပေါ်များခြင်းကြောင့် မိုးရွာ၍ ရလာသမျှသောရေကို လေလွင့်စီးဆင်းသွားစေမည့်အစား ဆည်များပိတ်ဆို့ တားဆီးကာ အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် တောင်သာသားတို့အားနှင့် မာန်နှင့် အကောင်အထည်ဖော်ခဲ့ကြပုံတွေကိုလည်း ဗီဒီယို မကြာခဏရိုက်ပြီး မြန်မာ့ရုပ်မြင်သံကြားက လွှင့်ခဲ့ဘူးသည်။ ခုရေရရှိရေးအတွက် ပိုဆောင်ရွက်ရတော့မည့် အခြေအနေဆိုက်လာပါပြီ။ အဖွဲ့အစည်းများ၊ အစိုးရဌာနများ ငြိမ်နေလျှင် ပြည်သူများ ကပ်ဆိုက်နိုင်သည်။

ယခုဤဆောင်းပါးရေးနေစဉ် ကျွန်တော့်မိုဘိုင်းဖုန်းတွင် ညောင်ဦးခရိုင် ငါးသလောက်မြို့နယ် စက်စက်ယိုကျေးရွာ၌ ရန်ကုန်နာရေးကူညီထောက်ပံ့မှုအသင်းဥက္ကဋ္ဌ ဦးကျော်သူက အဝီစိတွင်း လှူသည့် သတင်းပေါ်လာသည်။ ရေများ ပန်းထွက်နေသော အဝီစိတွင်း၏ ရှေ့တွင် ဦးကျော်သူနှင့် ဘျောင်ပေစူးကလေးများက ပျော် ရွှင်စွာ အကျီချွတ်၍ ကနေကြသည်။ ငွေရှိသူများ ဤအချိန်၊ ဤအခါ၊ ဤသို့သော အလှူမျိုး။ ဤသို့လှူသင့်၏။ ဖေ့ဘုတ်မှာ သာခု ခေါ်တာတွေ၊ မှတ်ချက်ပေးတာတွေနောက်က တန်းစီပြီးပေါ်လာသည်။ ကျွန်တော်ဤပုံကို ကူးပြီး တင်ပြထားသည်။



ဤဒေသများ ဤသို့ဖြစ်နေသည်မှာ ကြာပြီ။ ခုအယ်နီညိုကလည်းရှိနေသဖြင့် အထက်ကပူ၊ အောက်ကပူနှင့် သတိနှင့်နေကြရန်ဖြစ်သည်။

မြန်မာတွင် ရေနှင့်ပတ်သက်သော စကားပုံများစွာရှိသည်။ "ရေဝင်နိုင်လျှင် ရေကြည်သောက်ရ၊ ရေဘူး နှင့်ဖိနပ်မပါ နွေခါမှသိ၊ ရေမရှား မြေမရှား တောင်သူပျော်သည်။ ရေမလာခင်ကန်သင်းဖို့၊ ရေရွှေးလျှင် သောက်စရာမရှိ၊ မြေရွှေးလျှင် နေစရာမရှိ၊ ရေဝေးသည့်ကြာ မပွင့်သာ၊ ရေအသက် တစ်မနက်၊ ရေအိုင်သာလျှင် ငါးများသည်၊ အပြောသာလျှင် မိတ်ဆွေများသည်၊ ရေကြည်ရာ မြက်နု၊ ရေကုန်အိုင်ပျက်၊ ရေကုန်သည့်အိုင် လှိုင်းဘောင်ဘင်မခတ်နိုင်၊ ရေကန်အသင့် ကြာအသင့်၊ ရေခမ်းလျှင် တွင်းတူးပါ။"

ဤစကားပုံများအရ ရေမရှိလျှင် ကျန်းမာရေး၊ စီးပွားရေး ထိခိုက်နိုင်ကြောင်း အဓိပ္ပာယ်များစွာ ဖော်ကျူးလှစ်ဟပြ၍ရသည်။

ရေရှားက ရေသည်ငွေထက်အဖိုးတန်သွားတတ်သည်။ အခြားအလုပ်ကိုမလုပ်အား ရေရှား၍ ရေရှာနေရသည့်အချိန်ကများလာတတ်သည်။ တစ်ခါက ရန်ကုန်မှာကြုံဖူးသည်။ သိဘူးသော်လည်း အချို့က မမှတ်ကြ။ လမ်းဘုံပိုင်များရှိစဉ်က ရေသုံးပြီး ဘုံပိုင်ခေါင်းကို ပြန်မပိတ်။ အိမ်ရေသွယ်ပေးသောအခါ၌လည်း ရေကိုမချွေတာ။ ရေမီတာတက်သော်လည်း အရေးမလုပ်ကြ။ ရေပုံး သေးသေးဖွင့်သင့်ပါလျက် ရေပုံးကြီးကြီးမဖွင့်သင့်။ အသုံးမပြုဘဲ ရေကို ဖွင့်ချမထားသင့်။ ရေတွင်း မရက်ရှာ သုံးသင့်မှသုံးသင့်။ ရေချိုးရာ၌ အဆင့်သုံး ဆင့်ရှိသည်။ ပထမ ကိုယ်ကိုရေလောင်းခြင်း၊ ဒုတိယကဆပ်ပြာတိုက်ခြင်း၊ တတိယက ကိုယ်ကိုရေပြန်လောင်းခြင်းတို့ ဖြစ်သည်။ ပထမအဆင့်တွင် ရေကိုတတ်နိုင်သမျှ ချွေတာသင့်သည်။ ၁၀ရာခိုင်နှုန်းမျှသာ သုံးပြီး တတိယအဆင့်တွင် ၉၀ရာခိုင်နှုန်း သုံးသင့်သည်။ ပန်းပင်ရေလောင်းရာ၌ ပန်းရေပန်းကိုအသုံးပြုသင့်သည်။ ရေဝလျှင် ရပ်သင့်သည်။

ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများမှ ဘိုထိုင်အိမ်သာများ ရေကုန်လှသည်။ ရေရှား၊ ရေပြတ်လျှင် ဘိုထိုင်ရေသုံးစနစ်ကို ပြင်သင့်သည်။ ဘိုထိုင်ရေဆွဲချလျှင် လေးဂါလန်ကျော်ကျော် ရေကုန်မည်ထင်သည်။ ပျမ်းမျှ မိသားစု ငါးဦး၊ တစ်ဦးလျှင် တစ်နေ့ရေ ငါးခါဆွဲလျှင် ငါးဦးထံက (၅×၅=၂၅)နှစ်ဆယ့်ငါးခါဆွဲမည်။ ထိုအခါ (၂၅×၂ဂါလန်)ရေ ဂါလန် ၅၀ကို မိသားစုတစ်စုက တစ်နေ့တစ်နေ့ သုံးစွဲနေရသည်။ အိမ်ထောင်ပေါင်းများစွာရှိသော ရန်ကုန် မြို့၌ ဘိုထိုင်အိမ်သာ ရေသုံးစွဲမှုကို ခန့်မှန်းကြည့်မည်ဆိုကအံ့မခန်းပေ။ရေမသောက်၍လည်းမဖြစ်၊အိမ်သာရေချောက်၍လည်း မဖြစ်ရကာ၊ ရေချွေတာရေး နည်းလမ်းများကိုသာ ရှာ၍ ရေသုံးစွဲကြရန်လိုနေကြပြီဖြစ် သည်။

ရေပြတ်၍ ရေရှားလာပြီဆိုပါက ဘိုထိုင်ရေလှောင်ကန်မှ ရေကိုလုံးဝမသုံးတော့ဘဲ အိမ်သာထဲ၌ ဘာလီပုံးတစ်လုံးထား၍သာသုံးစွဲသင့်ပါသည်။ ဘိုထိုင်ရေလှောင်ကန်မှရေကို သုံးချင်သည်ဆိုပါက ရေလှောင်ကန်တွင်ရှိသော ရေဖိ သောကန်၏ သုံးပုံတစ်ပုံ အထက်မတက်လာအောင် ပြန်ပြင်ထားသင့်ပါသည်။ အိမ်သာရေအကြောင်း ဤမျှဖြေရေး နေရသည်မှာ ရန်ကုန်တစ်မြို့လုံးအတိုင်းအတာဖြင့်ကြည့်ကာ တစ်နေ့တစ်နေ့ ရေဂါလန်ပေါင်း မြောက်မြားစွာ ကြောက်ခမန်းလိလိ ကုန်နေသည်ကို ဟန့်တားနိုင်ရန်အတွက် ဖြစ်ပါသည်။

တစ်ချို့အလိုက်မသိကြ။ ရေမရှိလျှင်ခက်မည်။ သို့သော် မသိခြင်းသည် ပိုခက်သည်။ ထို့ကြောင့် "မရှိတာထက် မသိတာခက်"ဟု ရှေးလူကြီးသူမများက ပြောခဲ့ကြသည်။ သိသင့်ပါလျက်၊ သိပါလျက် မသိတတ်မှုကြောင့် ခက်ခြင်း ဖြစ်သည်။

မိသားစုအတွင်း၌ မသိတတ်သူပါနေပါက ကျန်လူများ ရေဒုက္ခဖြစ်နိုင်သည်။ ကျန်လူများကို အနှောင့်အယှက်ဖြစ်စေသည်။

လူတစ်ယောက်၏ ခန္ဓာကိုယ်၌ ရေဓာတ် ၇၅ ရာခိုင်နှုန်းပါသည်။ ထို့ကြောင့် အစာမစားဘဲ ရက် ၃၀ ခန့်နေနိုင်သော်လည်း ရေမသောက်ဘဲ ငါးရက်ထက်ပို၍မနေနိုင်။ ထို့ကြောင့် ရေအသက် တစ်မနက်ဟု ပြောကြသည်။

ရေရှားမှ ရေ၏တန်ဖိုးကိုသိ၏။ ထို့ကြောင့် ရေကိုချွေတာပါ။ အနာဂတ် သေချာအောင် ရေစုပါ။ လာမည့်ဘေးကို မြင်ရန်လိုပါသည်။ ရေသန့်စင်ရေး အလေးပေးပါ။ ရေသန့်ရှိနေခြင်းသည် ကျန်းမာချမ်းသာလျင် ဘဝဋ္ဌေးသည်။

ကျေးလက်တွင် အလှူရှင်လာရောက်လှူသော စက်ရေတွင်းကို အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုရေးသည် တောင်သူလယ်သမား ပြည်သူများအပေါ်တွင် တည်သည်။ စက်ချွတ်ယွင်းလျှင် မပြုပြင်တတ်က ကျေးရွာ ရေရရှိရေး ဌာနသို့ အမြန်အကြောင်းကြားသင့်သည်။

သောက်ရေသည် ကျန်းမာရေးအတွက် အဓိက၊ စီးပွားရေးအတွက် ပဓာန၊ လူမှုရေးအတွက် အနှစ်သာရဖြစ်သည်။

# ရွှေဘိုဒေသ၌ ဆည်ရေဖြင့် နွေစပါးစီမံကိန်းမပါရှိသော်လည်း

## ဆန်ကြမ်း(သက်လျှင်စပါး)ဈေးကောင်းနေ၍ စက်ရေတင်နှင့် နွေစပါးစိုက်ပျိုးနေ

**ရွှေဘို မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသ၌ သက်လျှင်စပါးများဖြစ်သောဒေသအခေါ် ခုနစ်(၇၂)၊ ရက်ကိုးဆယ်၊ အဲဗားနိုင်း၊ ရွှေဝါထွန်း စသည်တို့သည် နွေရာသီတွင် စိုက်ပျိုးထုတ်လုပ်ကြသည့် ဆန်ကြမ်းများဖြစ်ကြပြီး ဆန်စပါးဈေးကောင်းနေ၍ ဆည်ရေဖြင့် နွေစပါးစီမံကိန်းမပါရှိသော်လည်း လယ်သမားများက စက်ရေတင်နှင့် နွေစပါးစိုက်ပျိုးနေကြကြောင်း ဒေသခံလယ်သမားများမှ သိရသည်။

အဆိုပါရွှေဘိုဒေသတွင် သက်လျှင်စပါးများဖြစ်သော ဒေသအခေါ်ခုနစ်(၇၂)၊ ရက်ကိုးဆယ်၊ အဲဗားနိုင်း၊ ရွှေဝါထွန်း စသည်တို့သည် စပါးအရည်အသွေးအရေအတွက်နှင့် နေရာဒေသအလိုက်၍ စပါးတင်း(၁၆ ပြည်ဝင်)တစ်ရာလျှင် ငွေကျပ် ခုနစ်သိန်းဝန်းကျင်၊ ဆန်တစ်အိတ်(၂၄ ပြည်ဝင်)လျှင် ငွေကျပ် သုံးသောင်းဝန်းကျင်၊ ဆန်တစ်ပြည်လျှင် ကျပ်၁၃၀၀ဝန်းကျင်ဖြင့် ဆန်စပါးဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေကြသည်။

ယင်းဒေသရှိ ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သည့် ဦးမျိုးလင်းက "ကျွန်တော်မှာ လယ်မြေ ခုနစ်ဧကရှိပြီး မြို့နယ်က သဖန်းဆိပ်ဆည်ရေဖြင့် သတ်မှတ်တဲ့နွေစပါးစီမံကိန်းမှာ မပါရှိဘူး။ ဒါပေမဲ့ နွေစပါးစီမံကိန်းမှာ မပါရှိသော်လဲ လက်ရှိမှာ နွေစပါးဈေး ကောင်းမွန်ရန် အလားအလာရှိနေမှုကြောင့် လည်းကောင်း၊ လယ်မြေတွေက ချောင်းနား၊ မြောင်းနားရှိ၍ ရေပိုရေလျှံပေါ် များနေတဲ့အတွက်ကြောင့်လည်းကောင်း၊ လောင်စာဆီဖြစ်တဲ့ ဒီဇယ်ဈေးကလဲ ယခင်နှစ်ထက် ဈေးနှုန်းထက်ဝက်ခန့် လျော့နဲနေတဲ့အတွက်ကြောင့်လည်း ကောင်း ဒါကြောင့် ရေစုပ်စက်နှင့် ရေတင်၍ စိုက်ပျိုးနေပါတယ်" ဟု ပြောသည်။

၎င်းကန်သစ်ကျေးရွာတွင် နွေစပါးအတွက် တောင်သူလယ်သမား ၅၄ ဦးတို့၏ လယ်မြေဧကပေါင်း ၂၀၀ ခန့်ကို တချို့က ရေစုပ်စက်နှင့် ရေတင်၍ စိုက်ပျိုးနေကြပြီး တစ်ချို့က စိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်း၊ အဆိုပါ တောင်သူ လယ်သမား ၅၄ ဦးတို့က နွေစပါးစိုက်ပျိုးရန် သွင်းအားစုဖြစ်သည့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးယူခွင့်ပြုပါရန် မြို့နယ်အာဏာပိုင်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသို့ တင်ပြတောင်းခံထားကြောင်း ဒေသခံလယ်သမားများမှ သိရသည်။

(ရောင်နီတင်ဝင်း)

❑

## ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ် ရှင်းလင်း

**ကျုံပျော် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံအစည်းဝေးခန်းမ၌ မတ် ၂၈ ရက် နံနက် ၁၀ နာရီက ပိုလီယိုကာကွယ်ဆေး ပြောင်းလဲတိုက်ကျွေးမည့်အစီအစဉ် အသိပေးရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက ပိုလီယိုရောဂါကာကွယ်ဆေး သုံးမျိုးပါဝင်သော tOPV မှ ကာကွယ်ဆေးနှစ်မျိုးပါဝင်သော bOPV ပြောင်းလဲသုံးစွဲရခြင်း၏အကြောင်းကို ရှင်းလင်းပြောကြားကာ ယခင်ကာကွယ်ဆေးများကို စနစ်တကျဖျက်ဆီးခြင်းနှင့် ယခုကာကွယ်ဆေး စတင်တိုက်ကျွေးပါကလည်း မြို့နယ်အတွင်း ရာနှုန်းပြည့်လွှမ်းခြုံနိုင်စေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပင်လုံလမ်းမကြီးတွင် စက်ယန္တရားဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ပေးနိုင်ရန် ခုံကျော်တံတားများ တည်ဆောက်ခြင်း၊ လမ်းများတိုးချဲ့ခြင်းနှင့်အတူ ရေစီးရေလာကောင်းမွန်ရေးအတွက် ပိတ်ဆို့နေသော ချောင်းမြောင်းများအား လူအင်အား၊ စက်ယန္တရားများဖြင့် ဆယ်ယူရှင်းလင်းနေကြောင်း ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပင်လုံလမ်းမကြီး ရေနုတ်မြောင်းကို စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းနေသည့် လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးဇော်မင်းဆွေက မတ် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

"အမှတ် ၃၃/၃၄ ရပ်ကွက်ထဲက စီးဆင်းလာတဲ့ရေတွေက ပင်လုံလမ်းမကြီးကတစ်ဆင့် ငမိုးရိပ်ချောင်းထဲကို စီးဝင်သွားပါတယ်။ ဒါကြောင့် ပင်လုံလမ်းမကြီး ရေစီးရေလာကောင်းဖို့ ပိတ်ဆို့အမှိုက် သဲနုံးတွေကို မိုးရာသီမရောက်ခင်ကြိုတင်ဆယ်ယူရှင်းလင်းနေတာပါ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်သည် ၁၀ ဒသမ ၁၄၅ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ကြီး ၂၆ ရပ်ကွက်ဖြင့် စုဖွဲ့ထားသော မြို့နယ်ဖြစ်သည်။ မိုးရာသီတွင် အနိမ့်ပိုင်းရပ်ကွက်အချို့၌ ရေဝပ်ရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်က ကြီးကြပ်၍ လမ်းတံတားဌာနမှ စက်ယန္တရားအကူအညီဖြင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု သိရသည်။

**မောင်သုည**




## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ ရှင်စောပုခန်းမတွင် ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ရန်ကုန်တောင်ပိုင်းခရိုင်တီဘီအဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာထင်ဇော်အောင်က ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ထူးချွန်စွာဆောင်ရွက်ခဲ့သော မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ပြီး အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**သန်းဝင်း(သန်လျင်)**

## နိုင်ငံတော်ကချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါးအား ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ဂုဏ်ပြုပူဇော်

**ရန်ကုန် မတ် ၃၁**

နိုင်ငံတော်က ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ခရမ်းမြို့နယ် ဖွားဆရာတော်ကြီးလေးပါးအား ခရမ်းမြို့နယ်အသင်း (ရန်ကုန်)က ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ (ဂုဏာပူဇာသဘင်) အခမ်းအနားကို မတ် ၂၇ ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကြို့ကုန်းအင်းစိန်၌ ကျင်းပသည်။

အခမ်းအနားကို နမောဒဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံကျော်အဆိုတော် မအေးအေးကျော်မင်းက ထူးမခြားနားရောင်တော်ဘွဲ့သီခြင်းဖြင့် သီဆိုပူဇော်သည်။

ထို့နောက် ခရမ်းမြို့နယ်အသင်း ဦးဆောင်နာယက ဦးမောင်မောင်သိမ်းနှင့် ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဂုဏ်ပြုပူဇော်ပွဲ(ဂုဏာပူဇာသဘင်)အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ လျှောက်ထားခြင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ခရမ်းမြို့နယ်ဖွားဆရာတော်ကြီး လေးပါး၏ ထေရုပ္ပတ္တိကို ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ဒုဥက္ကဋ္ဌ(၁)ဦးမြင့်ဆွေ၊ ဒုတိယဥက္ကဋ္ဌသုံးဦး ဦးအေးလွင်၊ အတွင်းရေးမှူး ဦးသောင်းတင်နှင့် အလုပ်အမှုဆောင် ဦးမြင့်ဦးတို့က ဖတ်ကြားပူဇော်ကြသည်။

ယင်းနောက် ခရမ်းမြို့ကံကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လ (သာသနဓဇမ္မစရိယ) ရေးသားပူဇော်သည့် ဂုဏာပူဇာတေးထပ်အား အဆိုတော် ဦးထွန်းရွှေနှင့်အဆိုတော် မအေးအေးကျော်မင်းတို့က သီဆိုဂုဏ်ပြုပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီးများက ရေစက်ချ တရားချီးမြှင့်ခြင်းနှင့် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်း၊ ကြွရောက်လာကြသော မြို့နယ်အသင်းသူ အသင်းသားများက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ၎င်းနိုင်ငံတော် အဆိုတော်ကြီး ဦးထွန်းရွှေနှင့် အဖွဲ့က အောင်စေပိုင်စေသီချင်းသံဖြင့် ဂုဏ်ပြုပူဇော်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(ခရမ်းစိုးမြင့်)**

## မြစ်ကျိုးအင်း သစ်သားတံတားပြီးစီး၍ ကျေးရွာပြည်သူများ သွားလာရေး အဆင်ပြေလာ

**ကနီ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ဘုမ္မဇင်းအရှေ့ရွာနှင့် ဘုမ္မဇင်းအနောက်ရွာ နှစ်ရွာကြားရှိ မြစ်ကျိုးအင်းကိုဖြတ်ကူးထားသော မြစ်ကျိုးအင်း (ဦးရှိန်တံတား) ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၈ သန်းဖြင့် အကျယ် ၆ ပေ ၆ လက်မနှင့် အရှည်ပေ ၄၀၀ ရှိ တံတားကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ခဲ့ပြီး ယခုမတ်လတတိယပတ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်က ပြောသည်။

ယခု မြစ်ကျိုးအင်း (ဦးရှိန်တံတား)ကို သဘာဝဘေးမွမ်းမံတံတားအသစ်အဖြစ် တည်ဆောက်ပြီးစီး၍ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးနှင့် ကျေးရွာပြည်သူများ၏ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအတွက် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းမြစ်ကျိုးအင်းကိုဖြတ်ကူးထားသော မြစ်ကျိုးအင်း (ဦးရှိန်တံတား)မှာ ယခင်နှစ် ချင်းတွင်း မြစ်ရေစံချိန်တင် မြင့်တက်ခဲ့ခြင်းကြောင့် မျောပါပျက်စီးခဲ့သည်။ အဆိုပါတံတားမှာ ဘုမ္မဇင်းအရှေ့ရွာနှင့် ဘုမ္မဇင်းအနောက်ရွာနှစ်ရွာကြားတွင်ရှိပြီး ယင်းကျေးရွာများရှိ ပြည်သူများမှာ တံတားကိုဖြတ်ကူး၍ တောင်သူလုပ်ငန်းများ သွားလာလုပ်ကိုင်ရသည့်အပြင် ကျောင်းသား၊ ကျောင်းသူများလည်း တံတားကိုဖြတ်၍ တအုံကျေးရွာ အ-ထ-က ကျောင်းသို့ သွားရောက်တက်နေကြရသဖြင့် မိုးရာသီ မြစ်ရေကြီးချိန်တွင် တံတားမရှိလျှင် သွားလာရေး အလွန်ခက်ခဲမည်ဖြစ်သည်။

**သန်းဌေးအောင်(ကနီ)**

## ၂၀၁၅ ခုနှစ် ပါဠိပထမပြန်စာအောင် သံဃာတော်အရှင်သူမြတ်များအား အောင်လက်မှတ်များ ဆက်ကပ်

**မတ္တရာ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ၂၀၁၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာများအား အောင်လက်မှတ်ဆက်ကပ်သည့် ဆုနှင်းသဘင်အခမ်းအနားကိုမတ်လ ၃၀ ရက် နံနက် ၉ နာရီက မတ္တရာမြို့ဇေယျာသနဗိမာန်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုန္ဒရ (ကျောင်းကြီးကျောင်း) ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလနှင့် ဩဝါဒကထာများကို ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းဇော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့သည်။ ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ဗဟိုဝန်ဆောင်ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများနှင့် ဓမ္မာစရိယ (၂) ကျမ်းအောင် ၂ ပါး၊ ဓမ္မာစရိယ (၁) ကျမ်းအောင် ၂ ပါးနှင့် ပထမပြန်စာမေးပွဲတွင် ပထမကြီးတန်း ၂ ပါး၊ ပထမလတ်တန်း ၂၃ ပါးနှင့် ပထမငယ် ၉ ပါး စုစုပေါင်းစာအောင်သံဃာတော် ၃၄ ပါးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့သည်။

ယင်းနောက် လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ပြီး ကြွရောက်လာသော ဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက သဘာဝတောထိန်းလုပ်ငန်းမှ ထွက်ရှိသောထင်းများအား အခမဲ့ဖြန့်ဝေ



**မင်းဘူး မတ် ၃၁**

မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြောက်ဆားဗွက်ကြိုးဝိုင်း အကွက်အမှတ် (၂၀၊ ၂၂) ၌ သဘာဝတောထိန်းလုပ်ငန်းဧက ၂၀၀၀ မှ ထွက်ရှိသော ထင်းများအား သီးကုန်းကျေးရွာနှင့် မြောက်ဆားဗွက်ကြိုးဝိုင်းအတွင်းရှိ တောင်ယာတဲစုများတွင်နေထိုင်သော ဒေသခံပြည်သူများထံ မတ်လ ၂၉ ရက်နံနက်ပိုင်းက ထင်းများအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြောက်ဆားဗွက်ကြိုးဝိုင်းအကွက်အမှတ် (၂၀၊ ၂၂) တွင် သဘာဝတောကျန်များ ထိန်းသိမ်းခြင်းလုပ်ငန်းဧက ၂၀၀၀ ထိန်းသိမ်းခဲ့ပြီး ဧက ၂၀၀ အား ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဖြစ်သော ကိုင်းတက်ချိုင်ပေးခြင်း၊ ပင်ပူးများခွာခြင်း၊ အောက်ခြေပေါင်းရှင်းခြင်း၊ နွယ်ဖြတ်ခြင်းလုပ်ငန်းများ၊ ငုတ်ဟောင်း၊ ငုတ်ပျက်များချွန်သပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ထင်း ၈ ဒသမ ၃၁ တန်ထွက်ရှိခဲ့ပြီး ၎င်းထင်းများအား ဦးစီးအရာရှိ ဦးဝင်းဘိုနှင့် ဝန်ထမ်းများက သီးကုန်းကျေးရွာနှင့် သစ်တောကြိုးဝိုင်းအတွင်းရှိ တောင်ယာတဲစုများတွင် နေထိုင်သော မိသားများထံသို့ တစ်အိမ်ထောင်လျှင် ၀ ဒသမ ၅၂ တန်စီအား အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ဒေသခံပြည်သူများ သစ်တောသစ်ပင်များကို တန်ဖိုးထားတတ်လာပြီး စနစ်တကျထိန်းသိမ်းလိုစိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

ကျန်းမာရေးဆောင်းပါး

# ဆီးကပြောပြသော သင့်ကျန်းမာရေးအကြောင်း

**à** ပေါက်ပေါက်



ကျောက်ကပ်ဆိုသည်မှာ ခန္ဓာကိုယ်အတွက် မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အဓိကအားဖြင့် သွေးကိုဆေးကြောသန့်စင်ပေးသော လုပ်ငန်းအားလုပ်ဆောင်ခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် သတ္တုဓာတ်ပမာဏတို့ကို ထိန်းညှိပေးကာ ပိုလျှံထွက်ရှိလာသော အရည်များ အား ဆီးအိမ်၊ ဆီးပို့ပြွန်မှတစ်ဆင့် ဆီးအဖြစ် ထွက်ရှိလာခြင်းဖြစ်ပါသည်။ အရွယ်ရောက်သူတစ်ဦး၏ နေ့စဉ်ရေသောက်နှုန်းသည် ပျမ်းမျှ ၁ လီတာမျှ သောက်သုံးသင့်ပြီး ဆီးသွားမှုပမာဏသည် အနည်းဆုံး လီတာဝက်ခန့်မှ ၁ လီတာထိ စွန့်ထုတ်ရပါမည်။ ချွေးထွက်များသောနေ့တွင် ရေပိုမိုသောက်ပေးသင့်သည်။

အမျိုးသား၊ အမျိုးသမီး၊ ကလေး၊ လူကြီးအားလုံး၏ ပုံမှန်ဆီးအရောင်သည် ဝါဖျော့ဖျော့ (သို့) အဝါရောင်ဖြစ်သည်။ (၁) ရေသောက်နည်းခြင်း၊ (၂) အစားအစာ (၃) သောက်သုံးသောဆေးဝါးတို့ကြောင့်လည်း ဆီးအရောင်ယာယီပြောင်းလဲတတ်သည်။ ထိုအကြောင်းသုံးရပ်ကြောင့် ဆီးအရောင် ၂၄ နာရီခန့်အကြာ ပြောင်းလဲခြင်းသည် ပြဿနာမရှိလှသော်လည်း ကျန်းမာရေးတစ်စုံတစ်ရာချို့ယွင်းမှုကြောင့် ဆီးအရောင် သိသိသာသာပြောင်းလဲတတ်ပေရာ မိမိကျန်းမာရေးအခြေအနေကို အောက်ပါအကြောင်းအရာတို့ဖြင့် သုံးသပ်နိုင်ပါသည်-

(၁) ကျန်းမာရေးကောင်းသူ၏ ဆီးအရောင်သည် အနယ်အနှစ်မပါဘဲ ကြည်လင်သော ဝါဖျော့ဖျော့ဖြစ်ပြီး ရေသောက်များလေ ဆီးအရောင်ဖျော့လေဖြစ်သည်။

(၂) ဆီးထဲတွင် သွေးပါခြင်းသည် သွေးမတိတ်ရောဂါ၊ ကျောက်ကပ်ကျောက်တည်ခြင်းနှင့် ဆီးအိမ်ကင်ဆာတို့ဖြင့် ဆက်စပ်နေသည်။ အထူးသဖြင့် အသက် ၄၀ ကျော် အမျိုးသားများတွက် ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေအလားအလာများ၍ သတိပြုပါ။

(၃) အချို့ဝမ်းနုတ်ဆေးများနှင့် အကြောပြေဆေးများတွင် cascara (သို့) senna ဓာတ်ပါရှိသဖြင့် ဆီးသွားသည့်အခါ အညိုရင့်ရင့်(သို့) လက်ဖက်ရည်ကြမ်းရောင် ပြောင်းနေတတ်သည်။ အသည်းပျက်စီးခြင်း၊ အသည်းရောင်ရောဂါ၊ ကျောက်ကပ်အတွင်းသွေးခဲ၍ ပျက်စီးခြင်းတို့ကလည်း ဆီးအရောင်ကို အညိုရင့်ရောင်ပြောင်းစေတတ်သလို၊ ကိုကာကိုလာ အရောင်ဆီးပျစ်ပျစ်သွားပါက ဆီးအိမ်နှင့် ကျောက်ကပ်တို့ တွင် ပြင်းထန်သောရောဂါရနေပါပြီ။ နီးစပ်ရာဆရာဝန်ဖြင့် အမြန်ဆုံးဆွေးနွေးတိုင်ပင်ပါ။

(၄) ဆီးလမ်းကြောင်း ပိုးဝင်ခြင်းကြောင့်၊ သွေးဖြူဥ၊ သွေးနီဥဆဲလ်များထဲတွင် ဘက်တီးရီးယားများ တိုးပွားလာကြကာ ဆီးအရောင်သည် နို့ကဲ့သို့ ဖြူသွားတတ်သည်။ ကျောက်ကပ်ကျောက်တည်ခြင်းကလည်း ဆီးကိုဖြူစေသည်။

(၅) အနီရောင် (သို့) ပန်းရောင်ဆီးသွားခြင်းကို ဆီးထဲတွင်သွေးပါသည်ဟု ထင်မှတ်မှားလေ့ရှိကြသည်။ အနီရောင်သကြားမုန်လာနှင့် ဘယ်ရီသီးအနီရောင်များစားခြင်းဖြင့် ဆီးနီစေသလို၊ anti-psychotics ဓာတ်ပါရှိသော ဆေးဝါးအချို့သောက်သုံးခြင်းကလည်း ဆီးနီစေ၏။ အကယ်၍ သင့်ခန္ဓာကိုယ်ထဲတွင် ခဲဆိပ်တက်လျှင် ဆီးနီရဲစေသဖြင့် အထူးဂရုစိုက်ပါ။

(၆) ဘီယာသောက်ခြင်းနှင့် ကယ်ရိုလင်းဓာတ်ပါသော မုန်လာဥနီ အမြောက်အမြားစားသုံးခြင်းဖြင့် ဆီးလိမ္မော်ရောင် ပြောင်းသွားစေသည်။ ဗီတာမင်စီအလွန်အကျွံသောက်သုံးခြင်း၊ ခီမိုဆေးသွင်းကုသခြင်းနှင့် ပိုးသတ်ဆေးအချို့ကလည်း ဆီးကို လိမ္မော်ရောင်ဖြစ်စေတတ်သည်။ သင့်ဆီးသည် လိမ္မော်ရောင်ဖြစ်ပြီး ဝမ်းအဖြူရောင်သွားနေပါက အသည်းရောင်အသားဝါလက္ခဏာ ဖြစ်သည်။ လိုအပ်သောပမာဏထက် ဗီတာမင်စီမှီဝဲခြင်းက ကျောက်ကပ်ကို ပျက်စီးစေသည်။

(၇) အကယ်၍ သင်သည် ဗီတာမင်ဘီဓာတ်ကြွယ်ဝသော အားဖြည့်ဆေးသောက်သုံးနေသူဖြစ်ပါက နီအွန်အဝါရောင်ဆီးသွားခြင်းအတွက် စိုးရိမ်ဖွယ်မရှိပါ။

(၈) ထုံဆေး၊ မေ့ဆေးအချို့က အစိမ်းရောင်ဆီးသွားစေသလို၊ ကညွတ်အမြောက်အများစားသုံးခြင်းဖြင့်လည်း ဆီးအရောင်ကို စိမ်းဖန့်ဖန့်ဖြစ်၍ ဆီးရနံ့ ဆိုးရွားစေသည်။

(၉) အော်ဂလီဆန် ပျို့အန်ပျောက်ဆေးအချို့သည် ဆီးအပြာရောင်သွားစေတတ်သဖြင့် စိုးရိမ်ဖွယ်မရှိပါ။

(၁၀) ဦးနှောက်နှင့် အာရုံကြောရောဂါရှိသူ၏ဆီးသည် မာပယ်လ်ပန်းရနံ့ထွက်လေ့ရှိပြီး ဆီးချိုရောဂါဝေဒနာသည်၏ဆီးသည် အချိုနံ့ထွက်သဖြင့် မိမိကိုယ်ကို စမ်းစစ်ပါ။

(၁၁) ဆီးအနည်ပါသူနှင့် ဆီးကျောက်တည်သူများသည် တစ်နေ့လျှင် ရေ ၃ လီတာမျှ သောက်သင့်ပြီး ကွမ်းမစားသင့်ပေ။

ကျောက်ကပ်ပျက်စီးစေသော အဆိုးရွားဆုံးအစားအစာများမှာ ပူစပ်သောအစားအစာများ၊ ရေခဲရေ၊ အနီရောင်အသား၊ ဆား၊ ငရုတ်ကောင်း၊ တည်းသီး၊ ပြုပြင်ပြောင်းလဲထားသော အရန်သင့်သစ်သီးဖျော်ရည်၊ ပြုပြင်ပြောင်းလဲထားသော ဓာတုအချိုသရေစာအမျိုးမျိုး၊ အချိုမှုန့်၊ ဆိုဒါနှင့် အဖျော်ယမကာများ၊ အထူးသဖြင့် တရုတ်ပြည်ထုတ် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ ကဖိန်းဓာတ်လွန်ကဲသော ကော်ဖီ၊ လက်ဖက်ရည်တို့ဖြစ်သည်။

အနီရောင်ငရုတ်ပွ၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပန်းသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ စတော်ဘယ်ရီအပါအဝင် ဘယ်ရီသီးအမျိုးမျိုး၊ ချယ်ရီသီး၊ အနီရောင်စပျစ်သီး၊ ကြက်ဥအဖြူရောင်၊ အိုမီဂါ ၃ ဖက်ဆီးအက်ဆစ်ကြွယ်ဝသော ငါး၊ သံလွင်ဆီ၊ မြင်းခွာရွက်တို့သည် ကျောက်ကပ်ကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာများဖြစ်သည်။

ထို့ပြင် ဆီးသွားသည့်အခါ ဆီးကုန်သည်အထိ စိတ်ရှည်ရှည်စွန့်ထုတ်ရန်လိုအပ်ပြီး ဆီးကျန်ခြင်းကြောင့် မလိုလားအပ်သော နောက်ဆက်တွဲရောဂါများမဖြစ်စေရန် ကြက်သွန်ဖြူပြုတ်ရည်ကို ဆေးမြီးတိုအဖြစ် သောက်သုံးနိုင်ပါသည်။

မှီငြမ်း-(the urology department at the University of Kansas)

# ရေးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**ရေး မတ် ၃၁**

မွန်ပြည်နယ် ရေးမြို့ လူစည်ကားရာအချက်အချာနေရာများအနက် မြသီတာဈေးရှေ့တွင် မတ်လ ၂၆ ရက်မှ မတ်လ ၃၀ ရက်ထိ မော်တော်ယာဉ်များအရေးယူမှု ဥပဒေသစ်များပါသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။



ပြည်သူများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာလာနိုင်ရန်နှင့် အန္တရာယ်ကင်းစွာမောင်းနှင်နိုင်ရေးအတွက် ဥပဒေနှင့်အညီ စည်းကမ်းတကျမောင်းနှင်နိုင်ရန် အသိပညာပေးလက်ကမ်းစာစောင် ၅၀၀၀ ခန့်အားဖြန့်ဝေပေးနိုင်ခဲ့ကြောင်း မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူ ရဲတပ်ကြပ်အောင်ဇေယျက ပြောသည်။

အဆိုပါအသိပညာပေးလက်ကမ်းစာစောင်တွင် ယာဉ်မောင်းသူ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်လုပ်ငန်းရှင်များသိရှိလိုက်နာရန် စည်းကမ်းချက်များအပြင် မော်တော်ယာဉ်များအရေးယူမှုဥပဒေသစ်တွင် ဒဏ်ငွေငါးသောင်းနှင့် ထောင်ဒဏ်တစ်လထိုက်သင့်သည့်ပြစ်မှုများကနေ အမြင့်ဆုံးဒဏ်ငွေကျပ်သိန်း ၅၀ ထိုက်သင့်သည့်ပြစ်မှုများကို ဖော်ပြထားကြောင်းသိရသည်။

ဖော်ပြပါ မော်တော်ယာဉ်များအရေးယူမှု ဥပဒေသစ်တွင် အချက် ၇ ချက်ပါရှိသည့်အနက် အထက်ပါပုဒ်မတစ်ခုခုကို ထပ်မံကျူးလွန်လျှင် ထောင်သုံးလဖြစ်စေ ငွေကျပ် တစ်သိန်းဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကို ကျခံရမည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရန် ပညာပေးခြင်းများကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအလိုက် အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များအား ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# မုံရွာအကျဉ်းထောင်တွင် အယ်နီညိုနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာများ ဟောပြော

**မုံရွာ မတ် ၃၁**

အကျဉ်းဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အယ်နီညိုဖြစ်စဉ်ကြောင့် ရိုက်ခတ်လာနိုင်သည့် ကျန်းမာရေးပြဿနာများအကြောင်း အသိပညာပေးဟောပြောဆွေးနွေးခြင်းကို မတ် ၃၀ ရက်နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မုံရွာအကျဉ်းထောင်မှာ အယ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုအလွန်ပူပြင်းကာ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အပူရှပ်၊ ဝမ်းလျှော၊ ဝမ်းပျက်၊ ဦးနှောက်အမှေးရောင် စတဲ့ရောဂါများ မဖြစ်ပွားအောင် ကျန်းမာရေးသတိနဲ့ ကြိုတင်ကာကွယ်ကြရန် လိုပါတယ်။

'ဒါကြောင့် မုံရွာ အကျဉ်းထောင်ကအကျဉ်းသား၊ အကျဉ်းသူတွေ၊ ဝန်ထမ်းနဲ့ဝန်ထမ်းမိသားစုတွေ ရာသီဥတုအလွန်ပူပြင်းတဲ့အချိန်တွေမှာ သတိပြုနေထိုင်ရမယ့် အချက်တွေနှင့် အယ်နီညိုအကြောင်း သိကောင်းစရာများကို အခုလို လာရောက်ပြီးအသိပညာပေးဟောပြောခြင်းဖြစ်ပါတယ်" ဟု မုံရွာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသူဇာမြင့်က ပြောသည်။

မုံရွာအကျဉ်းထောင်တွင် နံနက်ပိုင်းက အယ်နီညိုဆိုင်ရာ အသိပညာပေးဟောပြောခြင်း အပြင် အပေါ့စားမီးသတ်စက်ဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ယင်းဟောပြောပွဲသို့ မုံရွာအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အကျဉ်းသား၊ အကျဉ်းသူများ တက်ရောက်ခဲ့ကြသည်။

**ဖိုးချမ်း(မုံရွာ)**

# စံပြဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများပြုလုပ်

**မြင်းခြံ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ စံပြဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးငြှိမ်းသတ်နည်းလက်တွေ့သရုပ်မပြသမီ မြင်းခြံခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်က ဈေးသူ၊ ဈေးသားများအား မီးလောင်မှုဖြစ်ပွားလျှင်ဦးစားပေးလုပ်ဆောင်ရမည့်ကိစ္စများ၊ မီးသတ်ဆေးဘူးများအကြောင်း၊ မီးငြှိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လာရောက်ကြည့်ရှုကြသော ဈေးသူ၊ ဈေးသားများကိုယ်တိုင် မီးသတ်ဆေးဘူးများဖြင့် မီးငြှိမ်းသတ်နည်းကို လက်တွေ့ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှလည်း မီးငြှိမ်းသတ်ပုံများကို မီးသတ်ကားဖြင့် သရုပ်ပြသခဲ့ကြသည်။

အဆိုပါသရုပ်ပြပွဲတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးတင်မြင့်၊ ဈေးအရာရှိနှင့် ဈေးခေါင်း၊ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များမှ ကြည့်ရှုအားပေးကြပြီး ဈေးသူ၊ ဈေးသားများကိုယ်တိုင် လက်တွေ့မီးငြှိမ်းသတ်မှုကို ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ချင်းတွင်းမြစ်မြောက်ဘက်ခြမ်းရှိ ကျေးရွာငါးရွာ လျှပ်စစ်မီးရရှိ

**ကနီ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချင်းတွင်းမြစ်မြောက်ဘက်ခြမ်းရှိ ကျေးရွာများကို ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာ ၃၃ ကေဗွီ ၅ ကေဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် ကနီမြို့နယ် ဝင်မနားကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းဆောင်ရွက်ပြီး၍ သခွတ္တနယ် - ပျဉ်တော - မိုးကောင်းအပိုင်းမှ ပျဉ်တော၊ နတ်ကောင်းစဉ်၊ မိုးကောင်းအရှေ့၊ မိုးကောင်းအနောက်နှင့် ကြွယ်ဖိုးကျေးရွာများ မီးလင်းရေးဖွင့်ပွဲကို အဆိုပါကျေးရွာများတွင် မတ် ၂၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အဆိုပါမီးလင်းရေးဖွင့်ပွဲတွင် ပျဉ်တောကျေးရွာ မီးလင်းရေးမှဉ်းဦး ဆိုင်းဘုတ်အား ခရိုင်အားကစား ထူးချွန်ဆုရကျောင်းသား မောင်သက်ဖြိုးဆွေ၊ မြို့နယ်အားကစားထူးချွန်ဆုရကျောင်းသား မောင်လှမျိုးအောင်နှင့် မြို့နယ်အဆင့် ဘက်စုံပညာထူးချွန်ဆုရကျောင်းသူ မအိအိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မိုးကောင်းအနောက်ကျေးရွာ၌ မိုးကောင်းကျေးရွာအုပ်စုလုံးကျွတ် မီးလင်းရေးဖွင့်ပွဲတွင် အုပ်စုလုံးကျွတ် မီးလင်းရေး မှဉ်းဦးဆိုင်းဘုတ်အားဒသမတန်းတွင် မြို့နယ်အဆင့် သင်္ချာထူးချွန်ကျောင်းသား မောင်ကျော်စည်သူ၊ အဌမတန်းမြို့နယ်အဆင့် သင်္ချာထူးချွန်ကျောင်းသား မောင်ဝင်းမင်းသန့်နှင့် နဝမတန်းတွင် ခရိုင်အဆင့် ဘက်စုံထူးချွန်ကျောင်းသား မောင်ကျော်ဇင်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အလှူရှင် မန္တလေးမြို့ ဦးလှအောင်ဇနီး ဒေါ်စန်းစန်းရီ (ဆန်းသစ်ဦးကုမ္ပဏီ) မိသားစုမှ မိုးကောင်း(ရ) ကျေးရွာ၊ မိုးကောင်း(န)ကျေးရွာ၊ ကြွယ်ဖိုးကျေးရွာများကို (၂၀၀ ကေဗွီအေ) ထရန်စဖော်မာတစ်လုံးစီ လှူဒါန်းခြင်းကို ကျေးရွာ ပြည်သူများကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြသည်။

**သန်းငွေအောင်(ကနီ)**

# စဉ့်ကိုင်မြို့နယ်တွင် မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြော၍လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြသ

**စဉ့်ကိုင် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနသည် မီးဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းများကို စဉ့်ကိုင်မြို့နယ် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝန်းအတွင်းတွင် မတ်လ ၃၀ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟာပြောပွဲတွင် ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်ထွန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍အသိပညာပေးခြင်း၊ စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦးက၊ မီးငြိမ်းသတ်မှုနည်းစနစ်များကို လက်တွေ့အသိပညာပေးဟောပြောပြီး စဉ့်ကိုင်မြို့နယ် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဝန်ထမ်းများအားလက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းများ ပြသဆောင်ရွက်ပေးခဲ့သည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

# ကျောက်စစ်ကန်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ပြီးစီးခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ကျောက်ပန်းတောင်း မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်စစ်ကန်ကျေးရွာမှ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ပြီးစီးခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ်လ ၂၉ ရက် နံနက် ၉ နာရီက ကျောက်စစ်ကန်ကျေးရွာရှိ အဆိုပါအဆောက်အအုံသစ်ရှေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်နှင့် အလှူရှင်များကိုယ်စား ဦးနေမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆောက်အအုံသစ်ရှေ့ ယာယီမဏ္ဍပ်တွင်ကျင်းပရာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖြစ်မြောက်ရေး ဦးစီးနာယကဆရာတော် ဘဒ္ဒန္တပညိန္ဒြိယက ကျန်းမာရေးဌာနခွဲဖြစ်မြောက်အောင်ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဩဝါဒကထာမြွက်ကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က မြို့နယ်အတွင်း ကျန်းမာရေးဆိုင်ရာ လွှမ်းခြုံနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာရပ်မိရပ်ဖ ဦးအောင်ငွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး၊ အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က မြို့နယ်ကျန်းမာရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးနန္ဒာငြိမ်း+ဒေါ်မိုးသီတာဆွေ မိသားစု မိတ္ထီလာမြို့မှ မတည်လှူဒါန်းငွေ ကျပ်သိန်း ၁၀၀၊ ဦးထိန်ဝင်း+ ဒေါ်သိုက်မိသားစု ကျောက်စစ်ကန်ကျေးရွာမှ မတည်လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ ဦးကြည်ဝင်း+ဒေါ်ထွေးစိန်၊ ဦးအောင်စိန်+ဒေါ်ခင်စန်းတင့်နှင့် ကျေးရွာပြည်သူများစုပေါင်းအလှူငွေကျပ်သန်း ၁၂၀၊ ဦးသန်းမောင်+ဒေါ်ခင်ဝင်းမိသားစု မိတ္ထီလာမြို့မှ ကျပ်သိန်း ၅၀ နှင့် ဒေါက်တာတင်စိုးလင်း (ရွှေပုဇွန်မိသားစု) မှ ကျပ်သိန်း ၁၀၀ တန်ဘိုးရှိ Hight Ace လူနာတင်ယာဉ်တစ်စီးတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က လက်ခံရယူခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန်အတွက် ပေ ၁၂၀ × ၉၅ ပေရှိ မြေနေရာအား ကျောက်စစ်ကန်ကျေးရွာမှ ဦးဖိုးမြိုင်+ဒေါ်ပုတုတို့က လှူဒါန်းခဲ့ခြင်းဖြစ်ပြီး၊ ၎င်းမြေပေါ်တွင် ဒေသခံများစုပေါင်း၍ အလျား ၄၈ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၁ ပေရှိ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ လူနာနားနေခန်း၊ ဘက်စုံကြီးကြပ်ခန်းများပါဝင်သည့် ပင်မအဆောက်အအုံတစ်ခုနှင့် အလျား ၂၀ ပေ၊ အနံပေ ၃၀ နှင့်အမြင့် ၁၁ ပေရှိ ဝန်ထမ်းနေအိမ်တစ်လုံးတို့အပြင် ရေစင်၊ နှစ်ခန်းတွဲသန့်စင်ခန်းများပါ အပြည့်အစုံဆောက်လုပ်ထား၍ လေးဘက်လေးတန် အုတ်တံတိုင်းကာရံခြင်းများကို ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်လိုက်ခြင်းအားဖြင့် လူဦးရေ ၁၈၁၉ ဦးရှိ ကျောက်စစ်ကန် ကျေးရွာအပြင်၊ အနီးပတ်ဝန်းကျင်ရှိ လင်းယောစမ်း၊ အင်ဂေါင်း၊ အင်ပင်ကြီး၊ ကြောင်ဒူးအစရှိသည့် ကျေးရွာနေပြည်သူများပါ ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိခံစားနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



# ရွှေစာရံ ဘုရားပွဲသို့ ပေါင်းမိုးလှည်းဖြင့်လာသည့်ဓလေ့ ပျောက်ကွယ်သွားသော်လည်း မျောက်မင်းသမီးကပြမှု ယနေ့တိုင်ရှိနေ

**မန္တလေး မတ် ၃၁**

ယခင်ကရွှေစာရံဘုရားပွဲကို ပေါင်းမိုးလှည်းများဖြင့် သွားလာသည့်ဓလေ့ရှိပြီး လမ်းရှိကျေးရွာများမှ ဘုရားပွဲလာ ပေါင်းမိုးလှည်းများကို စတုဒိသာကုသိုလ်ပြုလုပ်လေ့ရှိသည်။ ထုံးဘိုလမ်းခွဲကားလမ်းမပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် ရွှေစာရံဘုရားပွဲသို့ အနီးအနားကျေးရွာများမှ ပေါင်းမိုးလှည်းများဖြင့် သွားလာခြင်း မရှိတော့ဘဲ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ကားများဖြင့်သာ သွားလာသည့်အတွက် ပေါင်းမိုးလှည်းနှင့်သွားသည့် ဓလေ့ပျောက်ကွယ်သွားသော်လည်း ဘုရားပွဲတွင် လှည့်လည်ဖျော်ဖြေသည့် မျောက်မင်းသမီးလေးများကတော့ ရှိနေမြဲပင်ဖြစ်သည်

ရွှေစာရံဘုရားပွဲအတွင်းတွင် ဈေးသည် ဈေးဝယ်များဖြင့် လူစည်ကားလျက်ရှိသည်။ ရွှေစာရံ ဘုရားပွဲသည် သမိုင်းဝင်ဘုရားပွဲဖြစ်သကဲ့သို့ ဂန္ထဝင်မြောက်လူသိများသည့် ဘုရားပွဲလည်းဖြစ်သည်။ ဘုရားပွဲတွင် ထန်းရွက်ပုတီး ထန်းရွက်ငါး၊ ဗူးခါးသီးရေဘူး၊ တောင်သူသုံးပစ္စည်းများ ထန်းဖူးဦးထုပ်များကို အမှတ်တရအဖြစ် ရောင်းချလေ့ရှိသည်။ ရွှေစာရံဘုရားပွဲလာသူများမှာ အဝတ်အစားအပိုယူလာပြီး ဧဒ္ဓဝတီမြစ်အတွင်း ရေချိုးခြင်းများ ပြုလုပ်ကြသည်။ ရွှေစာရံဘုရားမှ စက်လှေများဖြင့်နဂါးရုံဘုရားသို့လည်း သွားရောက်ဖူးမြော်ကြသည်။ အချို့မှာငှက်လှေများဖြင့် သွားရောက်ကြသည်။

ရွှေစာရံဘုရားပွဲ ပြီးခါနီးရက်နီးလာသည်နှင့်အတူ တောင်ပေါ်ဒေသမှ ဘုရားဖူးများလည်း ဆင်းလာပြီဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိ တောင်သူများမှာလည်း တောင်သူသုံး ပစ္စည်းများနှီးများကို လာရောက်ဝယ်ယူကြရာ စည်ကားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမိုင်းဝင်ရွှေစာရံဘုရားပွဲကို နှစ်စဉ်တပေါင်းလစတင်၍ တပေါင်းလပြည့်ကျော် ၉ ရက်အထိ ကျင်းပခဲ့သည်။ ရွှေစာရံဘုရားပွဲကို မန္တလေးမြို့သူမြို့သားများ အနီးနားရှိ ကျေးရွာများ၊ သီပေါ၊ နောင်ချို၊ ပြင်ဦးလွင် စသည့် တောင်ပေါ်ဒေသမှ ရှမ်း၊ ပအို့ဝ်၊ ပလောင်၊ ဓနုတိုင်းရင်းသားများပါ လာရောက်ဆင်နွှဲသည့်ပွဲဖြစ်ပြီး ဘုရားပွဲမှာ အလွန်စည်ကားကြောင်း သိရသည်။ **တိမ်တမန်**

# တာမွေငါးခွဆုံခုံးကျော်တံတားသက်တမ်းမတိုင်မီဖြတ်သန်းသွားလာနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၃၁**

တာမွေမြို့နယ်နှင့် ဗဟန်းမြို့နယ်အကြား တာမွေငါးခွဆုံခုံးကျော်တံတား၏ ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်းတို့ကို ဆက်သွယ်ကာခုံးကျော်တံတားတည်ဆောက်မှုမှာ ၉၀ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိပြီး ဗညားဒလလမ်းဘက်အခြမ်းနှင့် ဦးချစ်မောင်လမ်းဘက်ခြမ်းတို့ဆက်သွယ်ရန်လိုအပ်သည့်ပစ္စည်းများ အချိန်မီမရောက်ရှိသေးသည့်အတွက် စောင့်ဆိုင်းနေရခြင်းဖြစ်ကြောင်း။ လာမည့်ဧပြီလ ဒုတိယပတ်သက်တမ်းမတိုင်မီ ဖြတ်သန်းသွားလာနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

“အရှေ့မြင်းပြိုင်ကွင်းလမ်း ဦးချစ်မောင်လမ်းနှင့် ဗညားဒလလမ်းတို့အားဝိုင်ပုံသဏ္ဌာန်တည်ဆောက်ပေးမှာဖြစ်ပါတယ်လောလောဆယ်ယာဉ်ကြောကြပ်တာကိုပြေလျော့စေဖို့ ဦးချစ်မောင်လမ်းနဲ့ဗညားဒလလမ်းကိုအရင်ဦးစားပေးဖြတ်သန်းနိုင်အောင်နေ့ဆိုင်းညဆိုင်းခွဲပြီးစံချိန်စံညွှန်းနဲ့ကိုက်ညီအောင်ဂရုစိုက်ကြပ်မတ်ဆောင်ရွက်နေပါတယ်. အရှေ့မြင်း-ပိုင်ကွင်းလမ်းမှာလည်း ဘိုးပိုင်တူးတာတွေဆက်လက်ဆောင်ရွက်နေပါတယ်ဟုအဆိုပါတံတားတည်ဆောက်ရေးမှအင်ဂျင်နီယာဦးခင်ဝင်းမှ ပြောသည်။

ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်းတို့၌ တံတားတည်ဆောက်ပြီးစီးမှုအခြေအနေအား မတ် ၂၅ ရက်က တွေ့ရှိရပြီးနှစ်ပိုင်းဆက်ရန်နှင့်အချောသပ်လုပ်ငန်းများသာကျန်ရှိမည်ဖြစ်ပြီး တံတားသံဘောင်များအား ကရိမ်းဖြင့်မတင်ဆက်သွယ်မှု ဆောင်ရွက်နေစဉ်ည ၁၀ နာရီမှ နံနက် ၅ နာရီအတွင်း မော်တော်ယာဉ်များ သွားလာမှုပိတ်ထားမည်ကို နားလည်ခွင့်လွှတ်ပေးပါရန် အသိပေးနှိုးဆော်ထားကြောင်းသိရှိရသည်။

**၁၉၇**

# ပညာသင်ဆုစာမေးပွဲကျင်းပ

**ဝန်းသို မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်း ပညာသင်ဆု စာမေးပွဲကို မတ် ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲတွင် အဌမတန်းကျောင်းသား နှစ်ဦး၊ ကျောင်းသူ ၁၂ ဦး ၊ စတုတ္ထတန်း ကျောင်းသား ၃၃ဦး၊ ကျောင်းသူ ၆၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ



ဖတ်စရာ



# နိုင်ငံတကာခရီးသွားများကို အံ့သြစေသည့် ကျောက်တော်ကြီးဘုရားရှိ မြန်မာ့ဗိသုကာပညာ

**à တိမ်တမန်**

အမရပူရမြို့ ဦးပိန်တံတားအရှေ့ထိပ်တွင် ကျောက်တော်ကြီးဘုရားကို ဖူးတွေ့နိုင်ပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်စားသော ဘုရားဖြစ်သည်။ ကျောက်တော်ကြီးဘုရား၏ ထူးခြားချက်မှာ ဆန်းကျယ်သော မြန်မာ့ဗိသုကာလက်ရာနှင့် နံရံဆေးရေး ပန်းချီများပင်ဖြစ်သည်။ အမရပူရမြို့နယ်အတွင်းတွင် ကျောက်တော်ကြီးဘုရားမှ နံရံဆေးရေး ပန်းချီများမှာထူးခြားပြီး ပီပြင်စွာ လေ့လာနိုင်သည်အထိရှိနေသည်။ ဦးပိန်တံတားလာသူတိုင်း ကျောက်တော်ကြီးဘုရားကို သွားရောက်ဖူးမြော်လေ့ရှိသည်။

ကျောက်တော်ကြီးဘုရားကို ကျန်စစ်မင်းကြီးအား ရဟန္တာအရှင်မြတ်များ ဖန်ဆင်း ပြသအပ်နှင်းအပ်သောအာနန္ဒာဘုရား၏လှိုင်ပုံ ပြသာဒ်ကိုအတုယူကာ ပုဂံမင်းတရားကြီးက တည်ဆောက်ထားသည်ဟု သိရသည်။

၁၂၁၂ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက်တွင် ပုဂံမင်းနှင့်မင်းမိဖုရားသည် မင်းညီမင်းသား၊ စော်ဘွား၊ မြို့စားမှူးမတ်၊ မြို့စားမှူးတော်မတ်တော် တို့နှင့် တစ်ကွမဟာသကျရံသီ ကျောက်တော်ကြီးဘုရား လှိုင်မုခ်ပေါင်း ဂူပြသာဒ်ဦး၏ တတိယပစ္စယံအထက် ကွမ်းထောင်တော်တွင် မင်္ဂလာအခါယူ၍ ဌာပနာသွင်းပူဇော်ခဲ့သည်ဟု သိရ သည်။

မဟာသကျရံသီ ရုပ်ပွားတော်မြတ် ကိန်းဝပ်ရန်ဘုရား၊ အုတ်ရိုး၊ အင်္ဂတေမဟာရံ တံတိုင်း မီးတားနှစ်ထပ်နှင့်တစ်ကွ ဆောက်လုပ်စေပြီး ၁၂၁၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့တွင် ထီးတင်ပွဲကျင်းပနိုင်ခဲ့သည်။ ထီးတင်ပွဲတွင် သေဒဏ်အပြစ်ခံနေရသူ ထောင်တွင်းအကျဉ်းခံနေရသူ ယောက်ျား၊ မိန်းမ ၄၁ ဦးအားထိပ်ကြိုး၊ သံကွင်း၊ ခြေကျင်းတို့လွှတ်ကာ ဘေးမဲ့ချမ်းသာပေးခဲ့သည်ဟု သိရသည်။

တောင်သမန် ကျောက်တော်ကြီးဘုရား၏ ဗိသုကာလက်ရာမှာထူးခြားပြီး အံ့သြဖွယ်ကောင်းသည်။ ကျောက်တော်ကြီးဘုရားဆင်းတုတော်၏ အနောက်ဘက်မုခ်တံခါးထဲတွင် တံခါးနှစ်ပေါက်ရှိသည်။ လက်ယာဘက်၊ တောင်ဘက်တံခါးသည် အတွင်းထဲမှ ကျောက်တော်ကြီးဘုရားပေါ်သို့တက်နိုင်သောတံခါးဖြစ်ပြီး ကျောက်တော်ကြီးဘုရား ထုံးသက်နံကပ်သည့်အခါတွင်သာ ထိုအပေါက်ကို ဖွင့်ကာ အပေါ်သို့တက်ခွင့်ပေးသည်။

လက်ယာဘက်မြောက်ဘက်အပေါက်မှာ ကျောက်တော်ကြီးဘုရား၏ထူးခြားသော ဝက်ဘာလမ်းပေါက်ဟုဆိုကြသည်။ ဝင်ပြီးပါက ထွက်လာနိုင်ခြင်းမရှိဘဲလူကို အသက်သေသည်အထိအန္တရာယ်ဖြစ်စေခဲ့ဖူးသောကြောင့် ထိုတံခါးကို အစဉ်အဆက် ပိတ်ထားခဲ့သည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်သည်။ လက်ရှိကာလတွင် ကျောက်တော်ကြီးဘုရားရှိ သစ်ပင်ရိပ်များတွင် ဆိုင်ခန်းများဖွင့်ထားခြင်းနှင့်အတူ နေ့စဉ်လူစည်ကားလျက်ရှိသည်။

# လာရောက်သူများပြား၍ဘုတ်ကျွန်းခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအဆင်ပြေ

**ရေး မတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး၌ ထင်ရှားသော ကျွန်းစုကျွန်းဆွယ်အများအပြားရှိသည့်အနက် လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာရှိ ဘုတ်ကျွန်းသို့ ခရီးသွားလာမှုများမှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလခန့်က စတင်ကာ ပြည်တွင်းမှခရီးသွားများအပြင် ပြည်ပခရီးသွားများကပါ လာရောက်လည်ပတ်ကြ၍ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအဆင်ပြေ လျက်ရှိကြောင်း သိရသည်။

ထားဝယ်မြို့ကနေ ၁၉ မိုင်ခန့်ဝေးသောစမ်းလှမ်းကျေးရွာအထိ ကားများ စီစဉ်ပေးထားကာကမ်းစပ်မှ စက်လှေငယ်၊ စက်လှေကြီးများဖြင့်အသွားအပြန်ခရီးစဉ်ကို တစ်ဦးလျှင် ကျပ်၂၀၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးပြီးခရီးသွားများအတွက် အသက်ကယ်အင်္ကျီ၊ ဘောကွင်းများလည်း အဆင့်သင့်ထားပေးပြီး အသက်ကယ်အင်္ကျီများဝတ်ဆင်၍လိုက်ပါစီးနင်းမှသာ ပို့ဆောင်ပေးကြောင်း ထားဝယ်ဒေသခံခရီးသွားလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

"စမ်းလှမ်းကျေးရွာကမ်းစပ်ကနေ ရေမိုင် ၁၀ မိုင် ၈ ဖာလုံ အကွာအဝေးဖြစ်ပြီး စက်လှေနဲ့ အသွားအပြန်သုံးနာရီလောက် မောင်းရပါတယ်။ အခုအချိန်မှာ ပြည်တွင်းခရီးသွား အများစုလာတာက အထက်မြန်မာပြည် ရန်ကုန်၊ မန္တလေးဘက်က ပိုလာပါတယ်" ဟု စက်လှေမောင်းနှင်သူ ဦးတင်လေးက ပြောသည်။

"နိုင်ငံခြားသားက နှစ်ယောက်၊ သုံးယောက်လောက်လိုက်ပါလာကြပါတယ်။ ထားဝယ်၊ မြိတ်ကလူတွေက ၁၀ တန်းစာမေးပွဲအပြီးနဲ့ အတာသင်္ကြန်ကာလမှာ ပိုမိုလာမယ်လို့ မျှော်လင့်ထားပါတယ်။ နောက်ပြီး စနေ၊ တနင်္ဂနွေနေ့တွေမှာ ပိုမိုလာရောက်ကြတာများပါတယ်။ စက်လှေငယ်မှာ ခရီးသည်၂၅ ဦး၊ စက်လှေကြီးတွေမှာ ၆၀ အထိတင်ဆောင်လို့ရပါတယ်။ စက်လှေ ၁၀ စီးခန့်သာပြေးဆွဲပေးနိုင်တော့ အသွားအလာများတဲ့အခါဆိုကမ်းစပ်ကနေ ပြန်သွားရတဲ့ခရီးသည်တွေလည်းရှိနေပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ကြည်၍ပြာနေသော ပင်လယ်ရေမျက်နှာပြင် ကြမ်းပြင်အောက်ရှိ သန္တာကျောက်တန်းငါးသယံဇာတသဘာဝအလှအပများကြောင့် ဘုတ်ကျွန်းသို့ တစ်နေ့တာလာရောက်အပန်းဖြေအနား ယူသူများ တစ်နေ့တစ်ခြားတိုးပွားလာပြီး လေ့လာသူများလည်းများပြားလာသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကလည်း ၎င်းကျွန်းတွင် ဟိုတယ်များ တည်ဆောက်နိုင်ရန် စိတ်ဝင်စားမှုများလာကြောင်း သိရသည်။ **ထွန်းထွန်း (ရေး)**

# လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်သင်တန်း ရေးဖြေစာမေးပွဲ ကျင်းပ

**တွံတေး၊မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကံဘဲ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၃၀ ရက် နံနက် ၉ နာရီက ၂၀၁၆/၂၀၁၇ ပညာသင်နှစ်လုပ်ငန်းအကြို မူလတန်းဆရာအတတ်သင်တန်း(PPTT)(၃/၁၆) အတွက် ရေးဖြေစာမေးပွဲကိုကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တွံတေး၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှ ဘွဲ့ရလူငယ်များ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

အဆိုပါစာမေးပွဲတွင် မြို့နယ်အခြေခံပညာဦးစီးဌာနမှ မြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်၍ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ကို အပိုင်းနှစ်ပိုင်းခွဲ၍ ဖြေဆိုခဲ့ကြသည်။ ယင်းစာမေးပွဲတွင် တွံတေးမှ ပညာရေးဝန်ထမ်းသုံးဦး၊ ပြင်ပမှ ၁၅၄ ဦး၊ ကော့မှူးမှ ပြင်ပဖြေ ၁၁၃ ဦး၊ ဆိပ်ကြီးခနောင်တိုမှ ပြင်ပဖြေ ၂၂ ဦး၊ ကွမ်းခြံကုန်းပြင်ပဖြေ ၁၀၇ ဦး ဝင်ရောက်ဖြေဆိုသည်။ **မျိုးလှိုင်(တွံတေး)**




## ဦးမျိုးသူရိန်ထွန်း[၁၂/ပဘတ(နိုင်)၀၀၄၀၃၈]အား သွာနုတ္တသားဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်-၂၂၆(ပထမထပ်)နေ ဒေါ်ခင်စန်းရီ[၁၂/ပဘတ(နိုင်)၀၀၄၂၂၂၀]ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းရီမှာ အသက်(၇၃)နှစ်အရွယ်ဖြင့် အသက်အရွယ်ကြီးရင့်သူ တစ်ဦးဖြစ်ပြီး၊ ခင်ပွန်းဖြစ်သူ ဦးလှထွန်း ကွယ်လွန်ပြီးနောက် သား(၂)ဦးအား ကောင်းစွာစောင့်ရှောက်ခဲ့သော်လည်း သားအငယ်ဖြစ်သူ ဦးမျိုးသူရိန်ထွန်းမှာ မိခင်ကြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ကျူးလွန်သည့်အပြင် ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် မိခင်ကြီးအား ဦးမျိုးသူရိန်ထွန်း၏ဇနီးမှာ ကိုယ်ဆင်းရဲခြင်းဖြစ်အောင် လုပ်သည်ကို မတားမြစ်သည့်အပြင် ဘေးမှထိုင်ကြည့်နေခြင်း၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် မိခင်ကြီးအား ဦးမျိုးသူရိန်ထွန်းမှ အန္တရာယ်ပြု၍ တိုက်အောက်ဆင်းပြေးခဲ့ရခြင်း၊ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလတွင် မိခင်ကြီး နေထိုင်ရာ ရွှေဘုံသာလမ်းနေအိမ်သို့ လာရောက်၍ အော်ဟစ်ဆဲဆို ကြိမ်းမောင်းခဲ့သဖြင့် အိမ်တံခါးပိတ်ကာ ပုန်းအောင်းနေခဲ့ရသည်အထိ သားသမီးဝတ္တရားပျက်ကွက်သည့်အပြင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်းများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် ယနေ့မှစ၍ ဦးမျိုးသူရိန်ထွန်း (ဘ)ဦးလှထွန်း [၁၂/ပဘတ(နိုင်)၀၀၄၀၃၈]အား သွာနုတ္တသားအဖြစ် သတ်မှတ်၍ သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးသူရနိုင် | ဒေါ်သင်းသင်းယု |
| အယ်လ်အယ်လ်ဘီ(ဥပဒေဘွဲ့) | အယ်လ်အယ်လ်ဘီ(ဥပဒေဘွဲ့) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၉၆၁၀) | (စဉ်-၉၅၂၃) |

အမှတ်-၃၇၂ ပထမထပ်၊ ရန်ကင်းလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၀၇၀၆၄၊ ၀၉-၂၅၄၈၀၅၅၇၅

## အယူခံမှုဆိုင်ရာချိန်းဆိုသည့်နေ့ရက်ကိုအယူခံတရားပြိုင်သို့အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၇၈

ဒေါ်ဇွန်နီမေဖူးသွင် နှင့် (၁) ဒေါ်မေနီလာသွင်
(၂) ဒေါ်မေသီတာသွင်
(အယူခံတရားလို) (အယူခံတရားပြိုင်)

၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့စွဲပါ တာမွေမြို့နယ်တရားရုံးတော်မှ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

အမှတ်(၅)၊ ဒေါနလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး (ယခုနေရပ်လိပ်စာမသိ)နေ (၁) ဒေါ်မေနီလာသွင်၊ (၂) ဒေါ်မေသီတာ သွင်တို့ သိစေရမည်။

ယခုအမှုတွင် တာမွေမြို့နယ် တရားရုံးတော်ကချပေးသည့် ဒီကရီကို ယခု အမှု အယူခံတရားလို ဒေါ်ဇွန်နီမေဖူးသွင်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံ တင် စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် (၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်နေ့)တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့် အချိန် အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင် သွင်းရမည်။

၂၀၁၆ခုနှစ်၊ မတ်လ ၂၅ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ (ဇော်ထူး)

တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အထက(ခွဲ) သတ္တမတန်းမှ (အဖ) ဦးဝင်းဗိုလ် [၆/သရခ(နိုင်)၀၀၈၆၆၁]၏သား မောင်သူရိန်စိုးအား မောင်သူရိန်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်သူရိန်ဟိန်း

## စာအုပ်စာပေ လှူမိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်-၁၃၄(က)၊ မြေကွက်တည်နေရာအမှတ်(၁၃၄/က)၊ ဘုရင့်နောင်(၃)လမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သယ်န်းကျွန်း ဦးလှအေးအမည်ပါ ပါမစ်မူရင်းတင်ပြ၍ အမည်ပေါက် ဦးလှအေး[၁၂/ဒဂန(နိုင်)၀၁၇၁၂၈]ကိုယ်တိုင်မှ ပါမစ်မူရင်းနှင့်အတူ ဂရန်အသစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြေကွက်အမှတ်(ပ/၉၃)၊ အကျယ်အဝန်း ပေ(၆၀×၄၀) ဧရိယာ(၀. ၀၅၅)ဧကရှိ ဒေါ်သန်းသန်းအေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် မြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ် ဦးအောင်နိုင်ဦး(ဘ)ဦးတင်ကြိုင် [၇/ဖမန(နိုင်)၀၀၁၉၁၆] ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ မြေကွက် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံမူရင်းများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဦး**
**[၇/ဖမန(နိုင်)၀၀၁၉၁၆]**
**ဖုန်း-၀၁-၃၇၅၅၃၀၊ ၀၉၄၉၁၀၂၂၇၇၊ ၀၉၂၅၀၄၉၅၄၂၅**

# “ဝမ်းမြောက်ကြည်နူး အထူးကျေးဇူးတင်ပါသည်”

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုရပ်၊ ပြည်လမ်းမပေါ်ရှိ မဟာအတုလဝေယံဘုံသာတိပိဋကရွှေပါရမီ ကျောင်းတော်ကြီးအတွင်း၌ (၂၄.၃.၂၀၁၆)မှ (၂၇.၃.၂၀၁၆)အထိ ကျင်းပပြုလုပ်ခဲ့သော နဝမမြောက်ရွှေစင် တိပိဋကဓရဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော် (၄၈)နှစ်ပြည့်မွေးနေ့အလှူတော်မင်္ဂလာနှင့် အတုလပါရမီရွှေစေတီတော်၊ အတုလမင်္ဂလာရွှေစေတီတော်များ၊ ရွှေထီးတော်အထွတ် တင်လှူခြင်း၊ မဟာအတုလဝေယံဘုံသာတိပိဋကရွှေပါရမီကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာအလှူတော်မင်္ဂလာ၊ ဆွမ်း ပဒေသာပင် ကျပ်သိန်း (၁၅၀၀) စိုက်ထူခြင်းနှင့် သိက္ခာထပ်ရဟန်းခံရှင်ပြု နားသအလှူတော်မင်္ဂလာ ပွဲတော်ကြီးသို့ မေတ္တာတရားကြီးမားစွာဖြင့် ကြွရောက်ချီးမြှင့်တော်မူ၍ တရားဒေသနာများဟောကြား ချီးမြှင့် ပေးတော်မူကြပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဖန်းမော် ဆရာတော်ကြီး၊ ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီး၊ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ကြီးများနှင့် ကြွရောက်ချီးမြှင့်တော်မူကြပါသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋက ဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရဆရာတော်များ၊ ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒ၊ အင်္ဂလန်အောက်စဖို့ဒ် ဆရာတော် ဒေါက်တာ အရှင်ဓမ္မသာမိနှင့် ဆရာတော်သံဃာတော်များ၊ မေတ္တာဖြင့်ကြွရောက် ချီးမြှင့်အားပေးကြပါသော အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟ ဒကာ ဒကာမများ၊ Forever Media Group MRTV-4, Sky Net, မြဝတီရုပ်သံများ၊ သီတဂူမောင်မောင်အဖွဲ့နှင့် New Image အဖွဲ့များ၊ အလှူတော်ပွဲကြီးအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကာဝေယျာဝစ္စဆောင်ရွက် ပေးကြပါသော တပည့် သံဃာ၊ ဒကာ ဒကာမများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေး၊ လူမှုရေး အဖွဲ့များ၊ မီးသောက်ရေသန့်ဝန်ထမ်းများ၊ ဝေယျာဝစ္စအဖွဲ့များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲဝမ်းသာ အထူးကျေးဇူးတင်ပါကြောင်း ဘဝတစ်သက်မမေ့အပ်စရာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

“ပိဋကတ်သာသနာ, ဤကမ္ဘာ, နေရောင်အနှံ့ပြန့်စေသော်”
“ပိဋကတ်လေမင်း, ကမ္ဘာတွင်း, ထိန် လင်းသာယာရှိစေသော်”
“ပိဋကတ်အလင်း, အမှောင်ခွင်း, အလင်းအသိ ရစေသော်”
“ပိဋကတ်တရား, ကိုယ်စီပွါး, ထရေးတွေ့ဆိ ငြိမ်းစေသော်”

ရွှေစင်တိပိဋကဓရ ဆရာတော်နှင့်
ကျောင်းအကာကြီး (ဦးထွန်းလတ်) + ကျောင်းအမကြီး ဒုဓမ္မသိင်္ဂီဒေါ်မြရွှေ
သားသမီးမြေးတစ်စု
မီးသောက်ရေသန့်နှင့် ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု
ရန်ကုန်မြို့။

## စစ်တက္ကသိုလ် အပတ်စဉ်(၁၃)
## နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ် အပတ်စဉ်(၁၃)၏ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲကို ၂၄-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၁၈း၀၀နာရီတွင် မရမ်းကုန်းမြို့နယ်၊ ဇမိုင်လမ်းဆုံရှိ Yangon City Hotel ဒုတိယထပ် Grand Ballroom တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့် မိသားစုများ စုံညီစွာ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ် ဂေါက်သီးရိုက်ပွဲအား ၂၄-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့)မှာပင် နံနက် ၆း၀၀ နာရီတွင် တပ်မတော်ဂေါက်ကွင်း၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

**DSA-13** မှ သူငယ်ချင်းများ

၂၀၁၆ အဝေးသင်တက္ကသိုလ်သင်တန်းသားများအတွက်
အဝေးသင်
မေဂျာစုံ၊ အတန်းစုံ
သင်ရိုးကုန်းအပြတ်တန်းခွဲများ
ကျောင်းအပ်လက်ခံပြီ
Nyein Center

ချမ်းမြေ့ခရီးသွား 09 250353461, 09 798177845, 09 261822219

ရခိုင်ပြည်ဘုရားဖူးခရီး ကောင်းထက်ခြင်းအပြည့်
150000/ ကျပ် (12-4-16) (19-4-16)
Ph: 09 448003431, 0949660481, 09 798860461

MEGA TWO STAR
Hotel, Restaurants
(01) 8603651, (09) 5141446, 5032762, 251039391

Cupid Travels & Tours
April 10 to 16 290000/-
April 11 to 15 95000/-
April 12 to 14 90000/-
Ph: 09-264373459, 09-254846526

သင်္ကြန်ရေးနှင့် ခရီးများ
April 1, 8, 11, 12, 17, 22, 29
Mar 25
Ph: 01-380141, 01-241863, 09-43043109, 09-73251422

### မြေပေးမိန့်ပျောက်ဆုံးကြောင်းလျှောက်ထားခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ အေးရိပ်ငြိမ်ရပ်ကွက်၊ မြေကွက်အမှတ်-၅၆/၃၆၂၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအမိန့်အရ ချမှတ်ပေးသော တပ်ကြပ် ညီညီလွင်အမည်ပေါက်၊မြေပေးအမိန့်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဦးညီညီလွင်(တပ်ကြပ်-ငြိမ်း)
ဖုန်း-၀၉-၂၆၃၇၇၇၃၉၂၇

နှစ်သစ်ကူး ဘုရားဖူးခရီးစဉ်များ 09 250200212, 09 5095586
PAN THU KHA Travels & Tours Co., Ltd
April (10/12/14)
3.5 Star Hotel at the Rock
April (9)
April (11)
April (12)
3.5 Star Merciel Retreat & Resort
3 Star Hotel
Aircon Express
Restaurant
(သင်္ကြန်ရက်အတွင်း ပေလီ Hotel Booking သီးသန့် ဝန်ဆောင်မှု ပေးပါသည်)
Merciel Retreat & Resort Hotel / Hotel at the Rock
Visit our Facebook Page - " Pan Thu Kha Myanmar "

SUPER RICHMAN ရေကူးကန်သုံးပစ္စည်းအရောင်းခန်းမ
website : superrichmanpools.com




ရေကူးကန်ဆောက်ချင်လို့ပဲဖြစ်ဖြစ်၊ ရေကူးကန်သုံးပစ္စည်း ဝယ်ချင်လို့ပဲဖြစ်ဖြစ် ရေကူးကန်နဲ့ပတ်သက်ရင်ဘာပဲလိုလို ဖုန်းဆက်လိုက်ပါ
Email
richmanpool@gmail.com
01-401518,8604064

### မြေရှင်များဖြစ်သော ဦးသိန်းမြင့်(၁၂/သဃက(နိုင်)၁၁၉၇၇၄)၊ ဦးအောင်မြိုင်(၁၂/သဃက(နိုင်)၀၉၄၀၈၀)၊ ဦးခင်မောင်ဌေး(၁၂/သဃက(နိုင်)၁၂၈၁၁၃) အပါအဝင် ကန်ထရိုက်တာ ဦးလှမောင်(TME-၀၃၇၃၂၄)နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုသန္တာအေး(PZDG-၀၀၈၉၂၈) အမှတ်(၅၃)၊ ၂-လွှာ၊ အခန်း(၁၄)၊ ၅၅လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ်(၃၀)မြေကွက်အား ကန်ထရိုက်တာ ဦးလှမောင်နှင့် မြေရှင်များမှာ ၄-၅-၂၀၁၄ ရက်စွဲဖြင့် (၃)ခန်းတွဲ၊ (၃)ထပ်၊ တိုက်သစ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး တိုက်ခန်းဆောက်လုပ်နေစဉ်ကာလတွင် ဦးလှမောင်မှ ကိုယ်ရေးကိုယ်တာကိစ္စများကြောင့် မြေရှင်များနှင့် အဆက်အသွယ်မရရှိ၍ ဦးလှမောင်၏ဇနီးဖြစ်သူမှ ကတိပျက်မည်ကိုစိုးရိမ်၍ မြေရှင်များနှင့် ထပ်မံစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ထိုသို့စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း တိုက်ဆောက်လုပ်ခြင်းအား ဆက်လက်လုပ်ကိုင်နေဆဲအချိန်တွင် မြေရှင်ဘက်မှ ၁၃-၉-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဦးလှမောင်နှင့်ချုပ်ဆိုထားသည့် ၄-၅-၂၀၁၄ ရက်စွဲပါစာချုပ်မှာ ၆-၉-၂၀၁၅ ရက်မှစ၍ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ကြေညာ ချက်အား ၁၀-၁-၂၀၁၆ ရက်စွဲဖြင့် ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း ဖော်ပြသည့်အပြင် ၂၀-၁-၂၀၁၅ရက်စွဲဖြင့် မြေရှင်များ နှင့် ဦးလှမောင်မှ ထပ်မံစာချုပ်ချုပ်ဆိုကြသည့်အတွက် ဦးလှမောင် မရှိစဉ် ၎င်း၏ဇနီးနှင့် မြေရှင်များ ချုပ်ဆိုထားသည့်စာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်းနှင့် ၂၀-၁-၂၀၁၆ ရက်စွဲဖြင့် ချုပ်ဆိုသည့် စာချုပ်၌လည်း ဖော်ပြထားပြီးဖြစ်၍ မစုသန္တာအေး တာဝန်ယူထားသည့် အခန်းဝယ်ယူသူများကိုလည်း ခင်ပွန်းဖြစ်သူ ကန်ထရိုက်တာ ဦးလှမောင်မှ တာဝန်ယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း မြေရှင်များဖြစ်ကြသော ဦးသိန်းမြင့်၊ ဦးအောင်မြိုင်၊ ဦးခင်မောင်ဌေးအပါအဝင် ကန်ထရိုက်တာဦးလှမောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ<br>ဒေါ်စုသန္တာအေး<br>(**PZDG-**၀၀၈၉၂၈) | လွှဲအပ်ညွှန်ကြားချက်အရ-<br>ဒေါ်မေသကြိန်**(LL.B)**<br>အထက်တန်းရှေ့နေ (စဉ်-၄၅၀၂၇)<br>အမှတ်(၁၂၀)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊<br>ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၃၁၀၂၄၁၇၆ |

PWP POWER WING PILE CO.,LTD.
လူကြီးမင်းတို့၏ အထပ်မြင့်၊ အဆင့်မြင့် Condo တိုက်များ၊ ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ Foundation ခိုင်ခံ့မှုရှိစေရန် အတွက် ISO 9001: 2008 လက်မှတ်ရ Power Wing Pile Co.,Ltd. (YCDC Pile Licence No. PL-22) မှ အရည်အသွေးပြည့်မီသော ကွန်ကရစ်ပိုင်ချောင်းများအား စံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်သန့်ရှင်းသောရေ၊ အရည်အသွေးပြည့်သော Original သံချောင်း၊သတ်မှတ်သည့် Grade ကိုရရှိသော ခေတ်မီဘိလပ်မြေဖျော်စက်တို့ဖြင့် အမိုးအကာအောက်တွင် ကွန်ကရစ်ပိုင်ချောင်းများထုတ်လုပ်သည့်စက်ရုံ (၂)ရုံမှ ထုတ်လုပ်ရောင်းချပေးခြင်းနှင့် ကျွမ်းကျင်သော အင်ဂျင်နီယာ၊ ပညာရှင်များမှ ခေတ်မီစက်အသစ်များဖြစ်သော(320Ton,260 Ton,180Ton,120Ton,100Ton,80Ton) စက်ကြီးများဖြင့် Pile Foundation & Load Test တို့အား လူကြီးမင်းတို့စိတ်တိုင်းကျ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်ဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါသည်။



ဆက်သွယ်ရန် (ရုံး) - အမှတ်(၂၀/၂၂)၊ ရှင်စောပုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01-2304709, 01-510184, 09-448051139, 09-43189697, 09-256215209
Fax : 01-510543 Email : powerwingpile@gmail.com
(စက်ရုံ ၁) - အမှတ်(၃၁၄)၊ ဂန္ဓမာလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-420006689,09-420254214
(စက်ရုံ ၂) - အမှတ်(၃၇၈)၊ ဂန္ဓမာလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-6503498 , 09-420006689
(သိုလှောင်ရုံ) - အမှတ် (၄၁၀ ဘီ/ ၇၅က)၊ စကားဝါလမ်း၊ ပုလဲအိမ်ရာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-420006689, 09-799938830

# အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၇-၃-၂၀၁၆ ရက်တွင် NOVOTEL HOTEL ၌ ကျင်းပပြုလုပ်သော Akamai University, Hawaii U.S.A မှ Doctor of Philosophy Honoris Causa in Business Administration Award ဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသော **Dr. Bo Bo Maung (SAW BWAR LAY BO BO MAUNG COMPANY)** အား

အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးမြင့်နိုင်+ဒေါ်နီနီမိုး (Aspect Management Security Myanmar Co.,Ltd.)

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြင်ဦးလွင်မြို့နေ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဒေါက်တာကျော်စော(စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း)၏ဇနီး ဒေါ်မေမျိုးမြတ် **B.Sc(Chem;)**သည် ၂၀၁၆ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သောသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခံရခြင်းအတွက် ဖေဖေ၊မေမေ၊ မောင်နှင့် တူ၊ တူမ များက ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ သာသနာပြုနိုင်ကြပါစေရန် ဆန္ဒပြု လျက်---

ဖေဖေ - ဗိုလ်မှူးခင်ညို(ငြိမ်း)
မေမေ - ဒေါ်မြင့်မြင့်ရီ
မောင် - ဦးမိုးကျော်သူ ၊ ဒေါ်ယဉ်ယဉ်မြ
မောင် - ဦးကျော်သူရ (ကိုငယ်လေး)
တူမ - မမြတ်ရွှန်းလဲ့ကျော်
တူ - မောင်နေဝန်းခန့်

ပြင်ဦးလွင်မြို့

## အသိပေးကြော်ငြာချက်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ကူးတို့ဆိပ်ကျေးရွာအနီး တံတားဦး စီမံကိန်းတွင် ပါဝင်သော ကွင်းအမှတ်(၁၃၀၃၊ ၁၃၀၆၊ ၁၃၀၇၊ ၁၃၀၈၊ ၁၃၀၉၊ ၁၃၁၀၊ ၁၃၁၁၊ ၁၃၁၂) ကွင်းများအား ယခုအခါတွင် တံတားဦးစီမံကိန်း အကောင်အထည်ဖော်ဆောင်ခွင့်ရရှိသည့် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ မြေယာများအား ကန်သင်းပေါင်ထိုးခြင်း၊ မြေယာညှိခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ၎င်းစီမံကိန်းဧရိယာအတွင်းရှိ မြေယာများအား ဝယ်ယူထားသူများအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(တံတားဦးရုံးခွဲ)သို့ 8.4.2016ရက်နေ့နောက်ဆုံးထား၍ လာရောက်တွေ့ဆုံကြပါရန် လေးစားစွာဖြင့် အသိပေးကြော်ငြာအပ်ပါသည်။

တံတားဦးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ
မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
(တံတားဦးရုံးခွဲ) တံစီးရှင်ရပ်၊ တံတားဦးမြို့။(၀၆၆-၄၄၀၄၁)




သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

EL Dorado Travel (အဆင့်မြင့်ခရီးသွား)
ပျော်ပျော်ရွှင်ရွှင်အတာသင်္ကြန်အထူးအဆင့်မြင့်ခရီးစဉ်များ
(4N/5D) April 10 179000/-
(4N/5D) April 10 179000/-
(4N/5D) April 10 179000/-
(4N/5D) April 16 295000/-
(6N/7D) April 9-15 320000/-
April 1,2,8,9,14,15,16,17,18,19 40000/-
Ph:01 500424,09259256647, 3 Star +++Hotel များ / 45 Seater
09 972447645,09799652510 Tour Grade YUTONG Car များနှင့်သာ

ရွှေလမ်းခရီး...မှ သင်္ကြန်လက်မှတ်ရောင်းပြီ
မန်းရွှေစက်တော်ဘုရားပွဲ ကျောင်းတော်ရာနှင့် အထက်မြန်မာပြည်ခရီးစဉ်များ
အလောင်းတော်ကဿပ (ဖိုးဝင်တောင်၊ ရွှေဘာတောင်) ကျိုက်ထီးရိုး(နေ့စဉ်)
ပုဂံ (ရွှယ်တော်လေးဆူ) (ပြည့်ငါးပြည်) ညောင်ဦး ပုပ္ပါး မခုဏ္ဏ-သီဟိုဠ်ရှင်
တောင်ကြီး (ရွှေတော်ကတ္တူ) (ထမ့်စမ်းလှိုဏ်ဂူ) အင်းလေး ပင်းတယ
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းတော်
ထားဝယ် ရှင်ကိုရှင်၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်
မော်လမြိုင်၊ နွားလဘိုတောင်၊ ကျိုက်မရော၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ
အင်းတော်ကြီး-ရွှေမြဇ္ဈဘုရားပွဲတော်၊ မြစ်ကြီးနား၊ မေခမလိခမြစ်ဆုံ
ရခိုင်ပြည်နယ်-မြောက်ဦး၊ ကျောက်တော်(မဟာမုနိ)၊ ငပလီကမ်းခြေ
အမှတ်(၃၁၅)၊ ပန်းဆိုးတန်းလမ်း။ 01371317,095124678,098627170

NT Car Rental 09 73139320 01 661668
(သင်္ကြန်ကားအမျိုးမျိုး)
ခရီးစဉ်မျိုးစုံနှင့် လချုပ်
ကားမျိုးစုံ ငှားရန် ရှိသည်
ယာဉ်ပိုင်ရှင်များ အထူးဆက်သွယ်ပါ

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မီး သတိပြု

GOLDEN STAR ခရီးသွားလုပ်ငန်း
* ကျိုက်ထီးရိုး(နေ့စဉ်)
* ချောင်းသာ/ငွေဆောင်
ကိုတယ် မိန့်မေးရည်
Ph: 209200, 544383, 430480, 705968, 703448

ဖြိုး
ဂုဏ်ထူးဝင်ခွင့်သင်တန်း
နေ့အားလပေး
ဆရာ/ဆရာမ
အငယ်တန်းစာရေး(ပြည်တွင်းအခွန်)
Assignment ဝယ်ယူနိုင်သည်။
၁၅/F ၊မဟာဗောဓိလမ်း၊မြေနီကုန်း၊ရန်ကုန်။ ဖုန်း-၀၉၅၁ ၃၇၂၄၉

ချိုနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့....?
Holiday /သင်္ကြန်အထူး 50% Discounts ခရီးစဉ်များအားလုံးကို (Hotel/ခရီးစဉ်
Restaurant,Hotel,VIP, SCANIA ကားသစ်ကြီးများဖြင့်
ပုဂံ – ညောင်ဦး – ပုပ္ပါး – မခုဏ္ဏ (ရွှယ်တော်လေးဆူပြည့်ငါးပြည်)
ရှေးဟောင်းပုဂံမြို့ရှိ ဘုရားစေတီများလေ့လာရင်း (ညပိုင်း Dinner စားရင်း ပျော်မြူးမည်။) ၄ည/၅ရက် Apr-12 VIP 2+1 အထူး180000
တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–ရွှေတော်ကတ္တူ–ထမ့်စမ်း 360000 180000 Apr-12
(ကံ့လုံ့ဆရာတော်၏ ထူးခြားဖြစ်စဉ်များမျှော်ရန်) ၄ည/၅ရက်
ပုဂံ–မန္တလေး–စစ်ကိုင်း–ပြင်ဦးလွင် (ရွှယ်တော်လေးဆူပြည့်ငါးပြည်) 360000 180000 Apr-12
ကျောက်စိမ်းဘုရား နှင့် ရှေးဟောင်းပုဂံမြို့ရှိ ဘုရားစေတီများလေ့လာရင်း ၄ည/၅ရက်
2016 သင်္ကြန်အတွက်ခရီးစဉ်တိုင်းကိုသီးသန့်အဆင့်မြင့်စရိတ်ငြိမ်းခရီးစဉ်အားလုံးကြိုတင်စာရင်းပေးနိုင်ပါသည်။
ကုမ္ပဏီအဖွဲ့အစည်းနှင့် မိသားစုများအတွက် ခရီးစဉ်ကားမျိုးစုံ ကားစီးလုံးငှားစီစဉ်ပေးသည်။
အမှတ်(၅၄)၊မြန်မာ့ဂုဏ်ရောင်လမ်း နတ်ချောင်းရပ်ကွက်၊ တာမွေ။ E-mail: sweet1975.sweet@gmail.com
Ph: 09-420073607, 09-73211079, 09-31013761, 09-49250637

MYANMAR COSMETICS ASSOCIATION
မြန်မာနိုင်ငံအလှကုန်အသင်း ဟောပြောပွဲဖိတ်ကြားလွှာ
မြန်မာနိုင်ငံအလှကုန်အသင်း၏ Cosmetics Regulatory Affairs Committee မှ ကြီးမှူးကျင်းပသည့် "FDA Registration and Notification Awareness" အသိပညာပေးဟောပြောပွဲကို အလှကုန်လုပ်ငန်းရှင်များအား အလှကုန်မှတ်ပုံတင်ခြင်းဆိုင်ရာ ဗဟုသုတများ ပိုမိုကျယ်ပြန့်စွာ သိရှိစေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လူကြီးမင်းတို့မှ တက်ရောက်ကြပါရန် ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။
ဟောပြောမည့်ပုဂ္ဂိုလ် - ဒေါက်တာသဇင်ရည်လှိုင် (ဒုတိယညွှန်ကြား ရေးမှူးချုပ်) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာန
ကျင်းပမည့်နေရာ - MICT Park အဆောင်(၁၅)၊ မြေညီထပ်
ကျင်းပမည့်နေ့ရက် - ၂-၄-၂၀၁၆ (စနေနေ့)
ကျင်းပမည့်အချိန် - ၂း၀၀ မှ ၄း၀၀ (မွန်းလွဲ)
Main Sponsor
EMP
HAICNEAL ဟက်နီးလ်ခေါင်းလျှော်ရည်
ထိုင်ခုံအကန့်အသတ်ရှိပါသောကြောင့် အသင်းဝင်များကို ဦးစားပေးတက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။ တက်ရောက်လိုသူများ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။
၀၉-၄၅၁၃၇၈၈၈၃၊ ၀၉-၇၈၀၀၈၈၃၄၅

KING STAR ဖုန်း:- 09 73049700 09 73047572
ကွန်ပျူတာအတတ်သင် 30000Ks
➡ Internet (8000Ks)
➡ i-Office 2010
➡ D.T.P
➡ Graphic Design
➡ A+ Hardware
အချိန်ညှိနိုင်းပေးပါသည်။



Home
သင်္ကြန်ပိတ်ရက် အထူးပြင်ဆင်လိုသော ကြမ်းခင်း Customer များအတွက်
သင်္ကြန်တွင်းအထူး
*Triple Promotion*
(Skirting + Wallpaper + Service Free)
ကျွန်း ၃၀ အထက် ဝယ်ယူသူ ၅ ဦးသာ
*မည်သည့်ကြမ်းခင်းအမျိုးအစားမဆို ဝယ်ယူသူတိုင်းရရှိနိုင်မည်*

ကောင်းဆက် ဆေးဒိန်ချဉ်နှင့် ပေါင်းတင်ခြင်း
သင်္ကြန်အတွက် အကောင်းဆုံးမမေ့နဲ့နော်၊ နေပူထဲ သွားသွား ရေငံပဲ မျိုးမျိုး၊ ကောင်းဆက်အသားဖြူ မိတ်ကပ် လိမ်းထားရင် အသားမမည်းတော့ပါ။ ၁.၃.၂၀၁၆ မှ ၁.၅.၂၀၁၆ ထိ တစ်ဦးပေါင်းတင်ရင် တစ်ဦးအခမဲ့ ပေါင်းတင်ပေးပါမည်။
ပင်ရင်း – အမှတ် (202,3-A၊ ဘုန်းကြီးလမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – 09-73050119




မဟာသင်္ကြန် အထူးအစီအစဉ်
ဧပြီလ(၁)ရက် မှ (၁၁)ရက်နေ့အထိ
Up to 50% off
ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂၂)နှစ်ပြည့် အထူးအစီအစဉ်
နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
Forever
Gems by
ရွှေနန်းတော်
သိန်းပေါင်း (2500) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
၂၀၁၆ ဇန်နဝါရီ (၁၈)ရက် မှ မေ (၂၉)ရက်နေ့အထိ
Grand Lucky Draw Prizes
(၁) MAZDA3 Brand New ကား (၂) စီး
(၂) ၅ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၃) ၃ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ငါးမူးသား ရွှေဆွဲကြိုး (၂၀) ကုံး
Grand Lucky Draw ဖွင့်မည့်ရက် (၂၉-၅-၂၀၁၆) တနင်္ဂနွေနေ့
ညနေ ၄း၀၀ မှ ၆း၀၀ နာရီ Myanmar Plaza (HAGL Group)
နိုင်ငံကျော်အနုပညာရှင်များ မှ ရွေးချယ်ချီးမြှင့်ပေးမည်။
၁-၃-၂၀၁၆ မှ ၃၀-၁၂-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၂၅)ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
ရွှေ (၁၀)ကျပ်သား (၁) ဆု
ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၃) ဆု
ရွှေ (၃)ကျပ်သား (၅) ဆု
ရွှေ (၂)ကျပ်သား (၅) ဆု
ရွှေ (၁)ကျပ်သား (၅) ဆု
ငါးမူးသား (၅) ဆု
ကံစမ်းရန် မလိုပါ
တစ်ဦးချင်းအတွက် အမှတ်တရဆွဲသီး၊ ရင်ထိုးနှင့်
လက်ဝတ်ရတနာမျိုးစုံကို သင့်တင့်မျှတသော
ဈေးနှုန်းဖြင့် ကမ္ဘာ့အဆင့်မီ အရည်အသွေးအတိုင်း
(3D CAD/ CAM) ဖြင့် ဒေါ်ဇိုင်းများ လက်ခံ
ဆောင်ရွက်ပေးနေပါပြီ။
Super Diamond Card အစီအစဉ်
ဝယ်ယူမှု သိန်း(၆၀)ကျော် ပြည့်တိုင်း
ငွေသားကျပ် (၂၅၀၀၀)ကျော်ပြန်အမ်းချီးမြှင့်ပေးမည်။
ချက်ချင်းပေါက် ချက်ချင်းယူ
ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း
(၁၀၀) နှင့် အခြားအဖိုးတန်ပစ္စည်းများ
၁၈ . ၁ . ၂၀၁၆
မှ
၂၉ . ၅ . ၂၀၁၆ ထိ
Customers အတွက်
Silver Card အကျိုးခံစားခွင့်
Gold Card အကျိုးခံစားခွင့်
Diamond Card အကျိုးခံစားခွင့်
Hongkong လက်ရာစိန်ထည်များ
(3D CAD/CAM) Designs
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
Golden Palace Super Diamond Card
GIA
HRD
Certificate
Diamonds
Available
ဆိုင်(၁)- အမှတ်- ၇၄၃၊မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ယုံချေမီပွိုင့်အနီး
PH: 01-210572,01-229409,01-227212
ဆိုင်(၂)- အမှတ်- ၆၈၈၊၁၃၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်
PH:01-211728, 01-226977,01-228751
ဆိုင်(၃)- မြေညီထပ်၊ JUNCTION SQUARE SHOPPING CENTRE
PH:01-211728, 09-731 45462,09-731 45463
ဆိုင်(၄)- (G-05A), မြေညီထပ်၊ MYANMAR PLAZA (HAGL GROUP)
NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ ဘွဲ့ကြို၊ ဘွဲ့ရရှင်၊ ရုံးဝန်ထမ်းများအတွက်

www.getc-languageschool.com

GETC



| | |
|---|---|
| မြောက်ဥက္ကလာ | 01-537895, 09-262963776 |
| တာမွေ | 01-549590, 09-254148006 |
| မရမ်းကုန်း | 01-663960, 09-259822220 |
| အင်းစိန် | 09-259822226/ 7 |

▲Communicative English ▲General English ▲FCE ▲IELTS

---

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

ဧပြီ (၂/၇)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

---

## သကြၤန်(၁၀)ရက် အထူးတရားစခန်းပွဲနှင့် (၄၅)ရက်တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာကျောင်းတိုက် ဆရာတော် အရှင်ကေလာသသည် မြေဇင်းဆရာတော်ကြီး၏ နည်းနိဿယအတိုင်း သမထဝိပဿနာ သကြၤန်ရုံးပိတ်ရက်(၁၀)ရက် အထူးတရားစခန်းကို တန်ဆူးလဆန်း၄ရက်၊ ၁၁-၄-၂၀၁၆ ရက် (တနင်္လာနေ့)၌လည်းကောင်း၊ သမထဝိပဿနာ (၄၅)ရက် တရား စခန်းကို (၁၃၇၈ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ရက်) ၂၆-၄-၂၀၁၆ရက် (အင်္ဂါနေ့)၌ လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသူများ သည် ကြိုတင်စာရင်းပေးကာ ဝင်ရောက်နိုင်ပါသည်။

ဆက်သွယ်ရန်
အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ
မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း
ဖုန်း-၀၉-၂၀၃၃၃၄၄၊ ၀၉-၇၉၅၃၅၀၆၀၈၊ ၀၉-၇၃၀၃၅၇၅၇

---

SUPPORTED BY
Australia UNLIMITED
Australia Awards

Organized by
AVSS

9 A.M - 4 P.M
2nd April,2016 (Saturday)
Novotel Hotel Yangon Max
Pyay Road, Yangon

# AUSTRALIAN EDUCATION EXHIBITION 2016

1 P.M - 5 P.M
3rd April,2016 (Sunday)
Sedona Hotel, Mandalay

ဩစတြေးလျနိုင်ငံတွင် ပညာဆက်လက်သင်ကြားလိုသူများ၊ Australian Awards Scholarship နှင့် Australian Endeavour Awards လျှောက်ထားလိုသူများအနေဖြင့် ကျောင်းကိုယ်စားလှယ်များ၊ ဩစတြေးလျသံရုံးမှ တာဝန်ရှိသူများနှင့် တိုက်ရိုက်လာရောက် ဆွေးနွေးမေးမြန်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

- Students apply on that day are entitle for *application fee waiver (conditions apply), chances to win iPad mini & other prizes.
- Please bring your passport & educational documents to apply for offer.

FREE ENTRY

For more information, please contact:
AVSS Yangon: 127A, 1st Floor, West Shwe Gon Daing Road, Bahan Tsp, Yangon. Tel: 09 45000 6944/6955, 09 5147227

www.theavss.net Australian Visa & Student Services (AVSS Myanmar).
AVSS Mandalay: 2/Ta 765, 69th St., Bet: 31st & 32nd Streets, Mandalay. Tel: 02 74291, 09 4440 29882

---

Daddy Travels & Tours
Ph: 01-380914, 09-448001003, 09-443224848
ချောင်းသာ (၂ညအိပ်၃ရက်)
April-(18),(22)

---

**CNG Taxi အိမ်ပေးငှားမည်**
Toyota Corolla Van ဖင်ကောက်၊ 2001 model, 1500cc, CNG 70L, CC/----, စပေါ်-၃သိန်း၊ အုံနာခ ၁၇၀၀၀ိ/ကျပ်၊ ပြင်ဆင်စရိတ်ငြိမ်း၊ အိမ်ပေး။ ဖုန်း-၀၉-၅၀၂၀၃၈၀
၀၁-၂၃၃၁၉၇၀

---

**ဒဂုံမြို့သစ်**
**အငှားပိုင်း**
**ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း**၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

---

## NSMS အပတ်စဉ်(၂)မှ ဖွင့်လှစ်သော သင်တန်းများမှာ

| | |
|---|---|
| (1) Certificate in Human Resource Management | 2:00 PM to 4:00 PM |
| (2) Certificate in Principale Management | 9:30 AM to 11:30 AM |
| (3) Certificate in Marketing Management | 2:00 PM to 4:00 PM |
| (4) Certificate in Project Management | 4:00 PM to 6:00 PM |
| (5) Certificate in Leadership Skills | 7:30 AM to 9:30 AM |
| (6) Certificate in Customer Relationship Management | 12:00 PM to 2:00 PM |
| (7) Certificate in Opeartions Management | 12:00 PM to 2:00 PM |
| (8) Certificate in Finanical Management | 7:30 AM to 9:30 AM |
| (9) Certificate in Apply Accounting | 9:30 AM to 11:30 AM |
| (10) Certificate in Strategy Management | 4:00 PM to 6:00 PM |

အထက်ပါတန်းများကို တက်ရောက်လိုလျှင် အတန်းတစ်ခုလျှင် စာရွက်စာတမ်းကြေး ၆၀၀၀ ၊ ကျောင်းလခ (၁၀၀၀၀)ပေးသွင်းရမည်။ သင်ကြားချိန် နာရီ(၂၀)၊ တစ်ပတ်လျှင် Sunday တစ်ရက်သာဖွင့်လှစ်မည်။ သင်ကြားချိန် (၂)နာရီ၊ သင်တန်းကြာချိန် (၂)လခွဲ၊ မှတ်ချက် - လူဦးရေကန့်သတ်သည်။ ဖွင့်လှစ်မည့်ရက် - ၁-၅-၂၀၁၆ ၊ တနင်္ဂနွေနေ့ နံနက် (၉)နာရီမှ ညနေ (၃)နာရီအထိ ကျောင်းအပ်လက်ခံမည်။
လိပ်စာ - ဆင်ရေတွင်းမှတ်တိုင်နှင့်ဘုခမှတ်တိုင်ကြား၊ ကမာရွတ်ဘူတာရုံလမ်းမှတ်တိုင်၊ ချစ်တီးဘုရားဈေးလမ်းကြား၊ တပ်တွင်းကျောင်းတိုက်။
ဆက်သွယ်ရန် ဖုန်း ၀၉-၄၉၅၉၅၉၉၂၊
၀၉-၂၅၃၁၂၁၁၇၊ ၀၉-၄၅၁၇၁၂၂၁၆

---

MHR MANAGEMENT INSTITUTE
Developing People, Shaping Future

**သင်ရဲ့ အနာဂတ် ရွေးချယ်မှု အတွက် MHR နှင့် စတင်လိုက်ပါ....**



Level - 5 Diploma @ MHR
PGSM-BBA (2nd year) @ MHR
International Universities (1st year / 2nd year)

Level 4 Double Diploma
&
*Additional Courses*

abe
since 1998

Variety Discount Programme
March-28 to April-10

Centre 1 : Room 905, 9th Floor, Thanzay Condo, Lanmadaw Street, Latha Township, Yangon. Ph : 01 395802, 2316168, 707822, 09 73217110

Centre 2 : 27, Ground Floor, Building E, Pearl Condo, Kabaraye Pagoda Road, Bahan Township, Yangon. Ph : 09 73223777, 09 777206977, 09 8628878

# မြန်မာအစိုးရသစ်နှင့်အတူ မိတ်ဆွေမွန်၊ မိတ်ဖက်ကောင်းအဖြစ် ရပ်တည်သွားမည်ဟု အမေရိကန်သမ္မတ အိုဘားမား ခရီးဦးကြိုဆို



နိုင်ငံတော်သမ္မတ ဦးထင်ကျော်

**နေပြည်တော် မတ် ၃၁**

အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာအစိုးရသစ်နှင့် မြန်မာနိုင်ငံသားများအတွက် မိတ်ဆွေမွန်၊ မိတ်ဖက်ကောင်းအဖြစ် ရပ်တည်သွားရန် မျှော်လင့်လျက်ရှိကြောင်း မြန်မာနိုင်ငံတော်၏ သမ္မတ ဦးထင်ကျော် ရာထူးတာဝန် လွှဲပြောင်းရယူခြင်းအတွက် ချီးကျူးဂုဏ်ပြုသည့် အမေရိကန်သမ္မတ အိုဘားမား၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ အမေရိကန်သမ္မတ အိုဘားမား၏ ကြေညာချက်တွင် မြန်မာနိုင်ငံသမ္မတအဖြစ် ရာထူးတာဝန် လွှဲပြောင်းရယူလက်ခံသော ဦးထင်ကျော်အတွက် မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုသည့်အပြင် သမ္မတ ဦးထင်ကျော် ဦးဆောင်သည့် အစိုးရအဖွဲ့သစ်နှင့်အတူ လက်တွဲဆောင်ရွက်သွားရန် မျှော်လင့်လျက်ရှိသည်ဟု ကနဦးဖော်ပြထားသည်။

ယင်းမှာ ဦးထင်ကျော်၏ သမ္မတရာထူးတာဝန် လွှဲပြောင်းရယူလက်ခံခြင်းသည် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခြင်းခံရသော အရပ်သားဦးဆောင်သည့် အစိုးရထံသို့ အသွင်ကူးပြောင်းသည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်မှတ်တိုင်တစ်ရပ်ကို ကိုယ်စားပြုခြင်းပင်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် အံ့ဩဘနန်းဖြစ်ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်ဦးရွက်ပြုသည့် အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာခဲ့သည့် ဤအခိုက်အတန့်သည် မြန်မာပြည်သူများ၊ အင်စတီကျူးရှင်းများနှင့် ငြိမ်းချမ်းစွာ

**စာမျက်နှာ ၈ ကော်လံ ၅ သို့**



အမေရိကန်သမ္မတ အိုဘားမား

# သံချပ်စာသားများ ကြိုတင်စိစစ်မည်ဆိုခြင်းကြောင့် မန်းသင်္ကြန်သံချပ်ပြိုင်ပွဲ ဝေဖန်မှုများထွက်ပေါ်

**မန္တလေး မတ် ၃၁**

အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် မန္တလေးမြို့ မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်မှ သံချပ်ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သံချပ်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်မည့် သင်္ကြန်သံချပ် အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လူအင်အားစာရင်း၊ ပြိုင်ပွဲဝင်မည့် သံချပ်စာသားများအား ကြိုတင်စိစစ်ခွင့်ပြုမည်ဖြစ်ရာ ထိုသို့ သံချပ်စာသားများအား ကြိုတင်စိစစ်ခြင်းအား ဝေဖန်မှုများရှိနေကြောင်း သိရသည်။

"ဆင်ဆာကန့်သတ်မှုတွေ မပါရင် ကောင်းပါတယ်။ အလားတူ ဖော်လံဖားတာတွေ ဆုမပေးဖို့လည်းလိုပါတယ်။ ဆင်ဆာမရှိရဆိုပြီး ဘာသာရေး၊ လူမျိုးရေးကိုပြဿနာဖြစ်စေတာမျိုး မပါဖို့တော့လိုပါတယ်" ဟု စာရေးဆရာ ဆူးငှက်ကပြောသည်။

သံချပ်ပြိုင်ပွဲဝင်သူများသည် ယခုနှစ် သံချပ်ပြိုင်ပွဲတွင် ပွင့်လင်းမြင်သာစွာ သံချပ်ထိုးခွင့်ရရန် မျှော်လင့်ချက်ရှိနေကြသည်။ သံချပ်သည် ခေတ်စနစ်ခေတ်ကာလကို ထောက်ပြပြောဆိုတင်ပြသည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**




၂၀၁၃ ခုနှစ် မန္တလေးသင်္ကြန်တွင် ပါပါလေးသံချပ်အဖွဲ့ကို တွေ့ရစဉ်။

